


တက္ကသိုလ်
မေတ္တာအာဃ သိုင်းကျမ်းအဆုံး
ဇာတ်လမ်းအသစ်စက်စက်
ဒုတိယပိုင်း
ဇာတ်သိမ်း

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တက္ကသိုလ်

# နေလင်းအောင်

---

## မေတ္တာအစ သိုင်းကျမ်းအဆုံး

၃ - ဇာတ်သိမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၈၀၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၉၉၀၅၀၇

၂၀၀၅ - ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ - ၅၀၀
တန်ဖိုး ၁၀၀၀/ - ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း
ဗိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ - လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အမှတ် ၁၅/၁၃၈၊
ဖုန်း ၂၁၃၄၅

## အခန်း(၁၃)

## သိုင်းကျမ်းပိုင်ရှင်အစစ်

"အဟွတ်.... အဟွတ်...."

ဝါးရှောင် ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။

ခုတင်ပေါ်တွင် လဲလျောင်းနေရာမှ အားယူ၍ထကာ ခုတင်ဘေး စားပွဲပေါ်ရှိ ရေခွက်ကိုကောက်ယူလိုက်သည်။

ရေခွက်ထဲ၌ ရေကုန်နေချေပြီ။

ဝါးရှောင်က အခန်းအပေါက်ဝဘက်သို့ လှမ်းကြည့်ပြီး ပြောလိုက်၏။

"သားရေ.... ဖေဖေ့ကို သောက်ရေပေးပါဦး...."

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်....

"လာပြီ ဖေဖေ.... ခဏလေးနော်.... ဖေဖေသောက်ဖို့ ဆေးကျိုထားတာ အေးလောက်ပါပြီ.... ဖေဖေ ရေခဏခဏသောက်မယ့်အစား ဆေးသောက်လိုက်ပါ ...."

ဝါးရှီ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မကြာမီ....

ဝါးရီသည် ခွက်ကလေးတစ်လုံးကိုင်ကာ ဝင်လာသည်ကို တွေ့ မြင်ရလေ၏။

ဝါးရှောင်က သားဖြစ်သူအား အရောင်မှိန်သော မျက်လုံးများဖြင့် ကြည့်နေသည်။

ဝါးရီက ဖခင်ထံ ခပ်သွက်သွက်ကလေး ချဉ်းကပ်သွားပြီး လက်တစ်ဖက်ဖြင့် ပွေ့ယူကာ ဆေးရည်တိုက်ကျွေးလိုက်၏။

ဝါးရှောင်က ခါးသက်သက်အရသာရှိသော ဆေးရည်ကို ကြိတ်မှိတ်မျိုချလိုက်ရ၏။

ဆေးသောက်ပြီးလျှင် ခုတင်ပေါ် ပြန်လှဲချလိုက်၏။

"ငါ့သားလည်း ဖေဖေ့ကိုပြုစုရတာ တော်တော်ပင်ပန်းနေပြီနော်...."

ဝါးရီ ပြုံးကာ....

"ကိစ္စမရှိပါဘူး ဖေဖေ...မိဘကို ပြုစုရတာ သားသမီးတာဝန်ပါ....သားပင်ပန်းတယ်လို့ သဘောမထားပါဘူး ဖေဖေ...."

"အင်း....ငါ့သားဟာ တယ်လိမ္မာတဲ့ ကလေးပါပဲကွယ်"

ငရဲရေကန်တွင် ဝါးရှောင် အဖမ်းခံရပြီး နှိပ်စက်ခြင်းခံခဲ့ရလေသည်။

ဝါးရှောင်သည် ငရဲရေကန်ပိုင်ရှင် ဖုံးဟိုထံသို့ သားဖြစ်သူ ဝါးရီအား စေလွှတ်ပြီးနောက် အချိန်တန်သည့်တိုင် ဝမ်စန်း ပြန်ရောက်မလာသဖြင့် စိတ်ပူကာ လိုက်လာခြင်းဖြစ်သည်။

ငရဲရေကန်သို့ ရောက်လျှင် ဖုံးဟိုအား မတွေ့ရဘဲ တာရူတို့၏ ဖမ်းဆီးခြင်းခံလိုက်ရ၏။



တာရူသည် ရှကျောင်းနှင့် ကျိန်းကျူးတို့၏ ပြောကြားချက်အရ ဝါးရှောင်၏သား ဝါးရီထံတွင် သံမဏိလက်ဝါးရှိနေကြောင်း သိသွားပြီး ပစ္စည်းနှင့်လူလဲရန် ခြိမ်းခြောက်ခဲ့သည်။

ဝါးရှောင်အား လုကျန်း ကယ်တင်ရန် ကြိုးစားခဲ့သော်လည်း ရှကျောင်း၏ ထောင်ချောက်တွင် မိကာအဖမ်းခံခဲ့ရ၏။

သို့သော်....

ကံကောင်းထောက်မပြီး ဖေဒါကြီးက ကယ်တင်သွားခဲ့လေသည်။

ဝါးရှောင်အား ဝါးရီနှင့် မင်ဖုံးတို့က ကယ်ကင်သွားသည်။

ဝါးရှောင်အား အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပြီးနောက် မင်ဖုံးက ဝါးရီအား အဖော်ပြုရန် မခေါ်သင့်ကြောင်း နားလည်သဖြင့် လမ်းခွဲထွက်သွားခဲ့၏။

ဝါးရီလည်း ဖခင်အားပြုစုစောင့်ရှောက်ရင်း အိမ်မှာပင်နေထိုင်ခဲ့ခြင်းဖြစ်ပေသည်။

ဝါးရှောင်သည် ဝါးရီကို ကြည့်ရင်း နှောင်တရနေမိ၏။

သူသည် အသက်ခြောက်ဆယ်ကျော်လာသည့်တိုင် အောက်လမ်း သိုင်းလောကတွင် ကျင်လည်ကျက်စားနေဆဲဖြစ်၏။

သားဖြစ်သူ ဝါးရီအား သူ၏နေရာဆက်ခံရန်လည်း မျှော်လင့်ထား၏။ ဟကယ့်ဖခင်တစ်ဦး၏ ဆန္ဒနှင့် ဆန့်ကျင်လေစွတကား။

ထိုအတွေးကြောင့် ပွဲဦးထွက် အတွေ့အကြုံအဖြစ် ငရဲရေကန်သို့ စေလွှတ်လိုက်ခြင်းဖြစ်ပေသည်။

သို့သော်....

ဝါးရီသည် မည်သည့်အခါမှ လူဆိုးဓားပြဖြစ်လာမည့် လူတစ်

ယောက် မဟုတ်ပါချေ။

ဝါးရီသည် သဘောမနောကောင်းပြီး ဖြူစင်ရိုးသားသော စိတ် ထားရှိ၏။

မကောင်းမှု ဒုစရိုက်ကို ရွံမုန်းနေသူဖြစ်ရာ ဖခင်နှင့် ပြဒါး တစ်လမ်း သံတစ်လမ်းရှိနေပေတော့သည်။

ဝါးရှောင်သည် သားဖြစ်သူ၏ စိတ်ဓာတ်ကို ကောင်းစွာနား လည် သဘောပေါက်သွားပြီဖြစ်သည်။

သားဖြစ်သူ၏ စိတ်သဘောထားနှင့် လုပ်ရပ်ကို ဆင်ခြင်မှ သူ ကိုယ်တိုင် မှားယွင်းနေကြောင်း သဘောပေါက်လာ၏။ ဝါးရီသည် အဖထက် မြင့်မြတ်သော သားပေတည်း။

ဝါးရီအား သူလိုလူဆိုးဓားပြကြီး တစ်ယောက်ဖြစ်လာအောင် ပုံစံသွင်းမည်ဟူသော ကြံရွယ်ချက်လည်း အလိုလိုလွင့်ပါးပျောက်ကွယ် သွားလေတော့သည်။

ဝါးရီက ငေးငိုင်နေသောဖခင်အား ကြည့်ရင်း....

"ဖေဖေ ဘာဖြစ်လို့လဲဟင်.... နေမကောင်းဘူးလား...."

ဝါးရှောင် ပြုံးလိုက်သည်။

"ဖေဖေ နေကောင်းပါတယ် သားရယ်.... ဖေဖေက သား အကြောင်း စဉ်းစားနေတာပါ...."

"ဗျာ.... ကျွန်တော့်အကြောင်းဟုတ်လား...."

"ဟုတ်တယ်.... သားက သိုင်းလောကမှာ ခြေချလိုက်တာနဲ့ တကယ့်အထင်ကရ ကိစ္စကြီးနဲ့မှ ဝင်တိုးမိတော့တာပဲ...သည်လောက် အန္တရာယ်များတဲ့ ခရီးကြမ်းကို လွှတ်မိတာ ဖေဖေ စိတ်မကောင်းဖြစ် မိပါတယ်ကွယ်...."



ဝါးရီက ဖခင်ဖြစ်သူအား နှစ်သိမ့်လိုက်သည်။

"ဖေဖေရယ်.... သားသွားတော့ အတွေ့အကြုံရတာပေါ့.... အခု သားလည်း ဘာမှဖြစ်တာမှ မဟုတ်တာဘဲ...."

"မဟုတ်သေးဘူးလေ...ဖေဖေကြောင့် သားမှာ ဒုက္ခတွေဝေ နေရပြီ မဟုတ်လား...."

"ဗျာ...."

"ဪ...သားက သံမဏိလက်ဝါးကျမ်း ရထားတယ်မဟုတ် လား.... သည်ပစ္စည်းဟာ သားရဲ့အသက်အန္တရာယ်ကို အများကြီး ဒုက္ခပေးနိုင်တယ်ကွဲ့...."

ထိုစကားကြားမှ သံမဏိလက်ဝါးကို ပြန်လည်သတိရလာ လေတော့သည်။

မှန်ပေသည်။

သံမဏိလက်ဝါးကျမ်းသည် ယခုတိုင် သူ့ထံတွင် ရှိနေပေ သည်။ ဝါးရှောင်က ဆက်ပြောလိုက်သည်။

"သား....သံမဏိလက်ဝါးကျမ်းဟာ ပိုင်ရှင်အစစ်အမှန်လက် ထဲပြန်ရောက်သွားဖို့ အရေးကြီးတယ်...သားအတွက် ဘယ်လိုမှ အသုံး ဝင်မယ်လို့ ဖေဖေ မထင်ဘူး...."

ဝါးရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်....သားလည်း ပိုင်ရှင်ကို ပြန်ပေးဖို့ စိတ်ကူး ထားပါတယ်...."

"သံမဏိလက်ဝါးရဲ့ပိုင်ရှင်အစစ်ကို သားသိလို့လား...."

"ကျွန်တော် မသိပါဘူး...."

"သံမဏိလက်ဝါးပိုင်ရှင် အစစ်ဟာ...."

သူ၏စကားမဆုံးမီမှာပင် ....

"အိမ်ရှင်တို့.... အိမ်ရှင်တို့...."

အပြင်ဘက်မှ ခေါ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝါးရှောင် မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူလဲ မသိဘူး...."

"သား.... သွားကြည့်လိုက်ဦးမယ်...."

"သား.... သတိထား.... ဖေဖေ့ဆီကို လာမယ့်ဧည့်သည်မရှိဘူး.... သည်အချိန် ဧည့်သည်ရောက်လာတာ ထူးခြားတယ်...."

"ဟုတ်ကဲ့ ဖေဖေ...."

ဝါးရီသည် အခန်းထဲမှ ပြေးထွက်လာခဲ့သည်။

ဖခင်ကြီး နေထိုင်မကောင်းသည့်အတွက် ရန်သူရောက်လာခြင်းဖြစ်ပါကလည်း ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထားလေတော့သည်။

"အိမ်ရှင်တို့.... အိမ်ရှင်တို့...."

အပြင်ဘက်မှ ခေါ်သံထွက်ပေါ်လာသည်။

ဝါးရီအတွင်းခန်းမှ အပြင်ထွက်လာပြီး တံခါးမကြီးရှေ့သို့ လျှောက်သွားသည်။

ဝါးရီတို့အိမ်ကလေးသည် သစ်လုံးအိမ်ကလေးဖြစ်ပေသည်။

အိမ်ရှေ့နှင့် အိမ်နောက်တံခါး နှစ်ပေါက်ရှိပြီး ပြတင်းပေါက်မှာ ဝဲဘက်နှစ်ပေါက်၊ ယာဘက် နှစ်ပေါက် စုစုပေါင်း လေးပေါက်ရှိသည်။

တောအုပ်ကြီးများတွင် စခန်းချနေလေ့ရှိသော မုဆိုးများ



ဆောက်လုပ်သည့်အတိုင်း ဆောက်လုပ်ထားခြင်းဖြစ်သည်။

အတွင်းဘက်မှ ဖွင့်မပေးလျှင် အပြင်ဘက်မှ အတင်းချိုးဖျက်ဝင်မှသာ ရပေမည်။

ချိုးဖျက်ဝင်ရာ၌လည်း အတော်ကြီး အပင်ပန်းခံချိုးဖျက်မှ ရမည်ဖြစ်သည်။

ဝါးရီက တံခါးနံဘေး၌ ဖောက်ထားသော အပေါက်ကလေးမှတစ်ဆင့် အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

အပြင်ဘက်၌ လူခြောက်ယောက်ခန့် ရောက်ရှိနေသည်ကို တွေ့ရသည်။

အဘိုးအိုတစ်ယောက်က ဦးဆောင်လာခြင်းဖြစ်ပြီး အားလုံး ကိုယ်စီကိုယ်စီ ဓားတစ်ချောင်းစီ ကျောပိုးထားကြ၏။

ဝါးရီ တွေဝေသွားသည်။

ထိုစဉ်မှာပင် ....

"ဝါးရှောင်.... ဝါးရှောင် တံခါးဖွင့်ပါဦး...."

ဟု ရှေ့ဆုံးမှ အဘိုးအိုက အော်ပြောလေ၏။

အဘိုးအိုကိုကြည့်ရင်း တစ်နေရာရာ၌ တွေ့ဖူးသည်ဟု တွေးမိသဖြင့် ဝါးရီ သေသေချာချာ စဉ်းစားကြည့်လိုက်သည်။

တစ်ခဏမျှသာ စဉ်းစားရသည်။ ချက်ချင်းမှတ်မိသွား၏။

"လက်စသတ်တော့ ဆရာကြီးအာဖုံးကိုး...."

အပြင်ဘက်မှ အဘိုးအိုက အော်ပြောလာပြန်သည်။

"ဝါးရှောင်....ကျုပ် အာဖုံးပါ....အရေးကြီးတဲ့ကိစ္စရှိလို့ တံခါးဖွင့်ပေးစမ်းပါဗျ...."

ဝါးရီက တံခါးမကြီးမှ မင်းတုတ်ဖြုတ်ကာ ဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားသည်ကို တွေ့ရမှ အာဖုံး စိတ်သက်သာရာရရှိသွားတော့၏။

သူတို့အားလုံး အိမ်ထဲဝင်ရန် ဟန်ပြင်လိုက်ကြစဉ် ဝါးရီက

"ကျေးဇူးပြုပြီး ဆရာကြီးအာဖုံးတစ်ယောက်ပဲ အထဲဝင်ပါခင်ဗျာ.... ကျန်တဲ့လူတွေ အပြင်ကပဲ စောင့်နေကြပါ...."

ရုတ်တရက်....

တံခါးနောက်ကွယ်မှ ထွက်ကာပြောလိုက်သော ဝါးရီကြောင့် အာဖုံးနှင့် သူ၏လူများ ကြောင်အမ်းအမ်းဖြစ်ကာ ခြေလှမ်းရပ်သွားကြ၏။

အာဖုံးက တစ်ချက်အကဲခတ်ကြည့်ပြီး....

"မင်းက ဘယ်သူလဲ...."

ဝါးရီက တည်ကြည်သောမျက်နှာထားဖြင့်....

"ကျွန်တော်ဟာ ဝါးရှောင်ရဲ့သား ဝါးရီပါ...."

"ဩော်....ဝါးရီဆိုတာ မင်းကိုး...."

"ဟုတ်ပါတယ်...."

"အတော်ပဲ.... ကျုပ်.... မင်းကိုတွေ့ချင်နေတာ...."

"အိမ်ထဲဝင်ပါဦး ခင်ဗျာ...."

အာဖုံးက သူ၏တပည့်များဘက်သို့လှည့်ကာ အမိန့်ပေးလိုက်၏။

"မင်းတို့အပြင်မှာပဲ စောင့်နေကြ...."

ထို့နောက်....

ဝါးရီနှင့်အတူ အိမ်ထဲဝင်လာခဲ့လေတော့သည်။

ဝါးရီ အိမ်တံခါးပြန်ပိတ်လိုက်သည်။



ထို့နောက်....

အာဖုံးအတွက် ဧည့်ခန်းတွင် နေရာချထားပေးလိုက်သည်။

ထိုစဉ်....

အတွင်းဘက်မှ ဝါးရှောင်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"သား.... ဘယ်ကဧည့်သည်လဲကွယ့်...."

"ဆရာကြီးအာဖုံးပါ ဖေဖေ...."

"ဩော်.... ဩော်...."

စကားသံအဆုံးတွင် ဝါးရှောင်သည် တောင်ဝှေးတစ်ချောင်းအားပြုကာ အတွင်းဘက်အခန်းမှ ထွက်လာလေသည်။

"ဟာ.... ဖေဖေ အပြင်ထွက်မလာနဲ့လေ...."

ဝါးရီ ပြေးသွားပြီး ဖေးမလိုက်၏။

ဝါးရှောင်အား လူမမာကြီးတစ်ယောက်အသွင် တွေ့မြင်လိုက်ရသဖြင့် အာဖုံး အံ့သြသွားသည်။

"ဟောဗျာ.... ခင်ဗျားက ဘယ်လိုဖြစ်နေရတာတုန်း...."

ဝါးရှောင် ပြုံးလိုက်သည်။

"မြင်တဲ့အတိုင်းပဲပေါ့ဗျာ.... ခင်ဗျားနဲ့ကျုပ် တစ်ယောက်နဲ့တစ်ယောက်မသိကြပေမယ့် ရန်ငြိုးရန်စလည်း မရှိဘူး.... ပတ်လည်း မပတ်သက်ခဲ့ဖူးဘူး....ဘာကြောင့် ကျုပ်ဆီကို လာရတယ်ဆိုတာသာ ပြောပါဗျာ...."

အာဖုံး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတာမှန်ပါတယ်.... ခင်ဗျားနဲ့ကျုပ် ဘယ်လိုမှ မပတ်သက်ခဲ့ကြပေမယ့် ခင်ဗျားသားနဲ့တော့ ပတ်သက်နေတယ်ဗျ"

ဝါးရှောင် အံ့သြသွားသည်။

"ဗျာ.... ကျုပ်သားနဲ့ ပတ်သက်နေတယ် ဟုတ်လား...."

"ဟုတ်ပါတယ်...."

"ဘယ်လိုပတ်သက်နေလဲ ဆိုစမ်းပါဦး...."

"ခင်ဗျားသားဆီမှာ သံမဏိလက်ဝါးကျမ်းရှိနေလို့ပါ...."

ဝါးရှောင်က ဝါးရီအား လှမ်းကြည့်လိုက်သည်။

ဝါးရီက အာဖုံးအား ကြည့်နေ၏။

အာဖုံးက ဆက်ပြောလိုက်သည်။

"သံမဏိလက်ဝါးကျမ်းဟာ ကျုပ်သယ်ဆောင်လာတဲ့ ပစ္စည်းပါ.... လမ်းခရီးမှာ ရွှေဒဂါးရှကျောင်းတို့နဲ့တွေ့ပြီး ပျောက်ဆုံးသွားပါတယ်....သည်ပစ္စည်းရဲ့ အရေးပါပုံကို ခင်ဗျားသိမယ် ထင်ပါတယ်"

ဝါးရှောင် ခေါင်းညိတ်လိုက်သည်။

"သံမဏိလက်ဝါးရဲ့ပိုင်ရှင် အစစ်အမှန်ဟာ ဘယ်သူဘယ်ဝါဆိုတာ သိုင်းလောကတစ်ခုလုံးက သိကြတာပဲ...ခင်ဗျားလည်း ပိုင်ရှင်အစစ်မဟုတ်ပါဘူး...ခင်ဗျားလက်ထဲ ဘယ်လိုလုပ်ပြီး ရောက်နေသလဲဆိုတာ စဉ်းစားစရာပဲ...."

အာဖုံး ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား.... ခင်ဗျား သည်လိုမေးလိမ့်မယ်ဆိုတာ ကျုပ်သိပါတယ်....ဒါပေမယ့် သည်ကိစ္စဟာ လျှို့ဝှက်ချက်ဖြစ်နေတယ်...."

ဝါးရှောင် မဲ့ပြုံးပြုံးလိုက်သည်။

"သံမဏိလက်ဝါးဟာ အစကတည်းက လျှို့ဝှက်ချက်တွေပြည့်နေတဲ့ ပစ္စည်းတစ်ခုပဲဗျ...."



"ဟုတ်ပါတယ်.... ကျုပ်လက်ထဲရောက်လာတာကတော့ ပိုင်ရှင်ကိုယ်တိုင်က ပေးလိုက်တယ်ဆိုတာ ယုံကြည်စေချင်ပါတယ်"

"ခင်ဗျားပြောတာ ယုံချင်ပါတယ်.... ဒါပေမယ့် သက်သေအထောက်အထားမရှိတော့.... အဟွတ်.... အဟွတ်...."

ပြောရင်း ချောင်းတဟွတ်ဟွတ်ဆိုးလာသဖြင့်စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အာဖုံး ခေါင်းကုတ်လိုက်သည်။

"ဒုက္ခပဲ....သည်ကိစ္စကို ကျုပ်ဘယ်လိုရှင်းပြရမလဲ....မပြောတတ်တော့ဘူးဗျာ၊ ဒီပစ္စည်း ကျုပ်ရဲ့အာမခံဌာနကတာဝန်ယူပို့ဆောင်ရတဲ့ပစ္စည်းပါ.... ခင်ဗျားကို ရှင်းပြနိုင်ခွင့်လည်း မရှိပါဘူး...."

ဝါးရှောင်က ပြတ်သားသောလေသံဖြင့်....

"သည်လိုဆိုရင် ပိုင်ရှင်ကိုသာ လွှတ်လိုက်ပါဗျာ....ကျုပ် ပြန်ပေးလိုက်ပါ့မယ်...."

အာဖုံး ခေါင်းခါယမ်းလိုက်သည်။

"သူကိုယ်တိုင် လာနိုင်မှာ မဟုတ်ဘူးဗျာ...."

"ဘာဖြစ်လို့လဲ...."

"သည်အကြောင်းတွေ ပြောမပြလို့ မဖြစ်ဘူးလား...."

"ရပါတယ်...သံမဏိလက်ဝါးကို ပြန်မလိုချင်ဘူးဆိုရင် ပြောမပြဘဲ နေနိုင်ပါတယ်...."

အာဖုံး သက်ပြင်းချလိုက်သည်။

"အင်း.... သံမဏိလက်ဝါးကို ပြန်ရဖို့က အရေးကြီးတော့ ပြောပြရမှာပေါ့ဗျာ.... ပြောပြဖို့အဖြစ်က ဖန်လာပြီကိုး...."

အာဖုံးသည် သံမဏိလက်ဝါးကျမ်း သူ၏လက်ထဲသို့ရောက်ရှိလာပုံကို ပြောပြလိုက်လေသည်။

လေပြည်လေညင်းကလေး ဝေ့ယမ်းတိုက်ခတ်လာသည်။

တအိအိညင်သာစွာ စီးဆင်းနေသော မြစ်ရေပြင်၌ လှိုင်းတွန့်ကလေးများ ဖြစ်ပေါ်လာလေ၏။

မြစ်ထဲ၌ ပေါင်းမိုးပါသော သမ္ဗန်လေးတစ်စင်း လှော်ခတ်လျက်ရှိနေပါ၏။

လှေဦးတွင် လူနှစ်ယောက် ထိုင်နေသည်။

လှေပဲ့တွင် လူနှစ်ယောက်က တစ်ယောက်တစ်လှည့် အားသွန်ခွန်စိုက် လှော်ခတ်နေကြသည်။

ပေါင်းမိုးအောက်တွင်မူ အသက်လေးဆယ်ကျော်ခန့်ရှိသူတစ်ယောက်ထိုင်နေ၏။

သူက သံသေတ္တာတစ်လုံးပေါ်၌ ထိုင်နေခြင်းဖြစ်ပေသည်။

သံသေတ္တာသည် သော့ခတ်ထားသည့်အပြင် ချိတ်ပိတ်ထားသေး၏။

သံသေတ္တာပေါ်တွင် ထိုင်နေသူမှာ အာဖုံးဖြစ်သည်။

အာဖုံးသည် အာမခံလုပ်ငန်းကို တပည့်အနည်းငယ်ဖြင့် စတင်လုပ်ဆောင်နေချိန် ဖြစ်သည်။



အာဖုံးနှင့် တပည့်ငါးယောက်၏ အာမခံပစ္စည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် အခြားအာမခံလုပ်ငန်းများကဲ့သို့ ခမ်းနားထည်ဝါခြင်းမရှိသည့်အတွက် အောင်မြင်ကျော်ကြားခြင်း မရှိချေ။ အစောင့်အကြပ် အခြံအရံများပြားမှု မရှိခြင်းက သူ့လုပ်ငန်းကို သေးသိမ်စေခဲ့ပေသည်။

သို့သော်....

အသေးအမွှား အလုပ်ကလေးများ လက်ခံရင်း အလုပ်နှင့်လက် ပြတ်သည်ဟူ၍ကား မရှိခြင်းကြောင့် စားရေး၊ သောက်ရေး မပူပင်ရချေ။ သူနှင့် သူတပည့်အစုကလေးအတွက်ကတော့ အတော်ပြေလည်မှုရနေသည်။

ယခုတစ်ကြိမ်....

အာဖုံးသည် မြစ်အောက်ပိုင်းသို့ သူဌေးကြီးတစ်ဦး၏ရှေးဟောင်း ပစ္စည်းအချို့ ပို့ဆောင်ပေးရန် လက်ခံခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ....

အချိန်ကုန် လူပန်းမှု သက်သာသလို ခရီးလည်းတွင်သောကြောင့် ရေကြောင်းလမ်းမှ လာခဲ့ရခြင်းဖြစ်သည်။

သူတို့ပို့ဆောင်ပေးရမည့် အာမခံပစ္စည်းများမှာ တန်ဖိုးငွေတစ်သိန်းပင်မပြည့်ချေ။

အာမခံပို့ဆောင်ပေးခရငွေများလည်း ငွေတစ်ထောင်ကျော်ကျော်မျှသာဖြစ်၏။

သို့သော်....

သုံးရက်အတွင်း ပြီးပြတ်အောင် လုပ်ဆောင်နိုင်သည့်ကိစ္စဖြစ်၍ အာဖုံး မငြင်းဘဲ လက်ခံခဲ့ခြင်းဖြစ်၏။

ယနေ့ညဆိုလျှင် ပစ္စည်းပိုင်ရှင်လက်သို့ ပစ္စည်းအပ်နိုင်မည် ဖြစ်ပါသည်။

အာဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ တောင် နံရံနှစ်ခုအကြား မြစ်ကျဉ်းတစ်နေရာသို့ ရောက်တော့မည်ဖြစ်ကြောင်း တွေ့ရ၏။ မြစ်ကျဉ်းများသည် စစ်သဘောအရ အလွန်အရေးကြီးသည့် နေရာများဖြစ်ခဲ့ကြသည်။

ထို့ကြောင့် ....

"ကြိုးစားလိုက်ဦးဟေ့ .... မြစ်ကျဉ်းကို အမြန်ဆုံးဖြတ်သွာ နိုင်ဖို့ အရေးကြီးတယ် ...."

သူက လော်ဆော်လိုက်သည်။

သူ၏သိုင်းသမားအတွေ့အကြုံအရ ရေလမ်းဖြင့် ခရီးသွားရ တွင် ချောင်းကွေ့၊ မြစ်ကျဉ်း စသည့်နေရာများ၌ အန္တရာယ်ရှိတ ကြောင်း နားလည်သိရှိထားသည်။

သူ၏စကားကြားရလျှင် လှော်ခတ်နေသူသည် ပို၍အားစိ လှော်ခတ်လိုက်၏။

တကျွိကျွိမြည်သံနှင့်အတူ လှေကလေးရှေ့သို့ ခပ်မြန်မြ ပြေးသွားသည်။

အာဖုံးက လှေဦးသို့လျှောက်သွားကာ ပတ်ဝန်းကျင်ကို အ ခတ်ကြည့်လိုက်ပြန်သည်။

လှေဦး၌ ထိုင်နေသူနှစ်ယောက်မှာ သူ့အား အရိုအသေ ကြသည်။

အာဖုံးက အသာအယာခေါင်းညိတ် အသိအမှတ်ပြုလိုက် သူတို့၏လှေကလေးသည် မြစ်ကျဉ်းထဲသို့ တဖြည်းဖြ



ရောက်ရှိလာပြီ ဖြစ်ပါသည်။

အာဖုံးက ပတ်ဝန်းကျင်ကို ကြည့်ရင်း ယခုမှ သတိရလာ သည့်အလား ဝဲယာတစ်ဖက်တစ်ချက်ရှိ ကျောက်သားနံရံများဆီသို့ မော့ကြည့်လိုက်၏။

တစ်ဖက်တစ်ချက်တွင် မြင့်မားသော တောင်ကမ်းပါးယံကြီး များရှိနေပါ၏။

အာဖုံး မော့ကြည့်နေစဉ် ယာဘက်ရှိ တောင်ကမ်းပါးယံမှ အရိပ်မည်းမည်းတစ်ခု ထိုးကျလာသည်ကို တွေ့လိုက်ရ၏။

"ဘာပါလိမ့် ...."

အာဖုံးတွေးရင်း သေသေချာချာကြည့်လိုက်သည်။

အရိပ်မည်းမည်းသည် အောက်ဘက်သို့ လျင်မြန်စွာ ထိုးကျ လာ၏။

တောင်ကမ်းပါးယံ တစ်ဝက်ခန့်အရောက်မှ ....

"အား ...."

အော်သံရှည်ကြီး မသဲမကွဲ ထွက်ပေါ်လာ၏။

"ဟာ .... လူတစ်ယောက် ပြုတ်ကျလာပါလား ...."

လှေဦးတွင် ထိုင်နေသည့် အာဖုံး၏တပည့်တစ်ယောက်က အော်ပြောသည်။

အာဖုံးခေါင်းညိတ်ကာ သူ့လူများကို အရေးတကြီး အမိန့်ပေး သည်။

"ဟုတ်တယ်ဟေ့ .... လှေကိုမြန်မြန်လှော်စမ်း .... လူကျလာ တဲ့ဘက်ကို လှော် .... လုပ်ကြဟေ့ မြန်မြန် ...."

လှေပဲ့မှ လှော်ခတ်နေသူသာမက ကျန်လူများသည် အသင့်

ဆောင်ထားသော လှော်တက်တစ်ချောင်းစီကိုင်ကာ ခပ်သွက်သွက် လှော်ခတ်လိုက်ကြသည်။

လှေကလေးသည် မြားတစ်စင်းပမာ ရေပေါ်တွင် ရှပ်တိုက် ပြေးသွား၏။

ထိုစဉ်....

"အား...."

"ဝုန်း...."

တောင်ကမ်းပါးယံမှ ပြုတ်ကျလာပြီး ရေထဲသို့ ခြေပစ်လက် ပစ်ကျသွားလေသည်။

"လှော်ကြပါဟ...."

အာဖုံးက အားမလိုအားမရ ပြောလိုက်သည်။

သူတို့လူစုသည် အဘယ်ကြောင့်မှန်းမသိအောင် ကမ်းပါးယံ ပေါ်မှ ပြုတ်ကျလာသူကို လွန်စွာစိတ်ဝင်စားနေကြ၏။

လှေကလေးသည် ထိုလူပြုတ်ကျသွားသည့်နေရာ အနီးသို့ ရောက်လာ၏။

ရေပြင်၌ ဝဲဂယက်များထနေပြီး လူရိပ်လူယောင်ကား မတွေ့ ရချေ။

အာဖုံး စိတ်ပျက်သွားသည်။

သူ၏တပည့်များလည်း ဝိုင်းပြီးရှာဖွေကြည့်လိုက်ကြ၏။

"ရေထဲနစ်သွားပြီ ထင်ပါရဲ့...."

အာဖုံး တီးတိုးညည်းညူလိုက်သည်။

ထိုစဉ်....

"ဟော ဟိုမှာ ရေပေါ်ပြန်ပေါ်လာပြီ.... ပြန်မြုပ်သွားတော့



မယ်.... မြန်မြန်ဆယ်ပါဟ.... အသက်မှရှိသေးရဲ့လား မသိဘူး"

တပည့်တစ်ယောက်၏ အော်ပြောသံထွက်ပေါ်လာ၏။

မရှေးမနှောင်းတွင် လူတစ်ယောက်ရေထဲခုန်ချသွားလေ တော့သည်။

"ဝုန်း...."

အာဖုံးတို့ ရင်တမမဖြင့် စောင့်ကြည့်နေကြသည်။

သူ၏တပည့်သည် အလျင်အမြန်ကူးသွားပြီး ရေထဲသို့ တစ်ဖန် ပြန်လည်နစ်မြုပ်နေသူကို ကြိုးစားဆယ်ယူသည်။

ရေကူးကျွမ်းကျင်ပြီး ခွန်အားဗလကောင်းသူဖြစ်၍ တစ်ခဏ အကြာတွင် တောင်ကမ်းပါးယံမှ ကျလာသူကို ရေထဲမှ ဆယ်ယူပြီး လှေပေါ်သယ်ဆောင်နိုင်ခဲ့ကြသည်။

ထိုလူလှေပေါ်သို့ရောက်လျှင် အားလုံးဝိုင်းပြီး ပြုစုလိုက်ကြ ၏။

အာဖုံးသည် ထိုလူ၏မျက်နှာကို တွေ့မြင်ရသည်နှင့် မျက်လုံး ပြူးထွက်လာသည်။

"ဟင်.... သူ.... သူက ဘယ်လိုလုပ် သည်လိုအဖြစ်ဆိုးနဲ့ ကြုံ တွေ့ရတာလဲ...."

သူသည် တတွတ်တွတ် ရေရွတ်ညည်းညူနေမိလေတော့ သည်။

ၒ⊙ၒ

အာဖုံးက ဝါးရှောင်အား လှမ်းကြည့်လိုက်သည်။

ဝါးရှောင်သည် ထိုင်ခုံတစ်လုံးတွင် ထိုင်နေပြီးဖြစ်သည်။

သူ၏နံဘေးတွင် ဝါးရီ ရပ်နေ၏။

ဝါးရှောင်က အာဖုံးပြောသောစကားများကို တွေးတော စဉ်းစားနေသည်။

တစ်ခဏအကြာတွင် ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ခင်ဗျားပြောတာ စိတ်ဝင်စားစရာပဲ....ထင်မင်းဟာ ဘယ် လိုလုပ်ပြီး ကျောက်တောင်ပေါ်က ကျလာတာလဲ...."

ထင်မင်းဆိုသူကား သိုင်းလောကတွင် နာမည်ကျော်ကြား သော သံမဏိလက်ဝါးပိုင်ရှင် ဖြစ်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က သံမဏိလက်ဝါး ပိုင်ရှင် ထင်မင်းသည် ပြိုင်ဘက်ကင်းသိုင်းသမားအဖြစ် လျှမ်းလျှမ်း တောက် ကျော်ကြားခဲ့ပေသည်။

သတင်းကြီးကာ ကျော်ကြားသောထင်မင်းမှာ သိုင်းလောက မှ ရုတ်တရက် ကွယ်ပျောက်သွားခဲ့ခြင်းကြောင့် သိုင်းလောကတစ်ခု လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ဖူးကြသည်။

အာဖုံးက....

"ကျုပ်လည်း သူ့ကိုတွေ့တွေ့ချင်း သိပ်ပြီးစိတ်ဝင်စားသွား တာပေါ့...သူ့လိုလူမျိုးဟာ ကျောက်တောင်ပေါ်က ကျစရာအကြောင်း မရှိဘူးလို့ ကျုပ်ယူဆထားတယ်လေ.... ဒါပေမယ့် သူဟာ အတွင်း ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတာတွေ့တော့ ထူးခြားမှုရှိပြီဆိုတာ သိပြီး ကျုပ်လှေပေါ် တင်ခေါ်လာခဲ့တယ်.... အာမခံပစ္စည်းပို့ပေးဖို့ တပည့်တွေနဲ့ လွှဲပြီး ကျုပ်က သူ့ကိုခေါ်လာခဲ့တယ်...."



ဝါးရှောင်၏ မျက်ခုံးမွေးအစုံ နဖူးပေါ် မြင့်တက်သွားလေ သည်။

"ထင်မင်းမှာ အတွင်းဒဏ်ရာရထားတယ် ဟုတ်လား"

"ဟုတ်တယ်...အတော်ပြင်းပြင်းထန်ထန် ရထားတာ အဆိပ် လည်း မိထားတယ်...."

"သည်အတိုင်းသာမှန်ရင် ကျောက်တောင်ပေါ်မှာ သူ့ရဲ့ရန်သူ ကျန်နေခဲ့မှာပဲ.... ခင်ဗျား တက်ကြည့်ရင်တွေ့မှာသေချာတယ်...."

အာဖုံး ပခုံးတွန့်လိုက်သည်။

"ထင်မင်းတောင် မနိုင်ဘူးဆိုတော့ သည်လူဟာ ဘယ်သူပဲ ဖြစ်ဖြစ်.... ကျုပ် စိတ်မဝင်စားတော့ဘူး.... စိတ်ဝင်စားမိရင် အခု လောက် အသက်ရှည်ရှည် နေရမယ်မထင်ဘူးဗျ...."

"ထားပါတော့လေ.... ထင်မင်းကို ခင်ဗျားခေါ်သွားပြီး.... ဆေးဝါးကုသပေးပေမယ့် သေသွားတယ်ပေါ့ ဟုတ်လား...."

အာဖုံး ခေါင်းခါယမ်းလိုက်သည်။

"သူ မသေဘူးဗျ...."

"ဘာ...."

"သူ အခုအထိ အသက်ရှင်နေသေးတယ်...."

ဝါးရှောင် မျက်လုံးပြူးကျယ်သွားလေသည်။

အာဖုံးကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

အာဖုံးက တည်ကြည်သောမျက်နှာထားဖြင့် ဆက်ပြောလိုက် လေသည်။

"ထင်မင်း အသက်မသေအောင် ကျုပ် အစွမ်းကုန်ကြိုးစား နိုင်ပေမယ့် သူ့ရဲ့သိုင်းပညာ နဂိုအတိုင်း ပြန်ဖြစ်လာဖို့ကတော့ မတတ်

နိုင်ခဲ့ဘူး....”

“ဟင်.... ထင်မင်းဟာ သိုင်းပညာမဲ့တဲ့လူ ဖြစ်နေပြီ ဟုတ်လား....”

“ဟုတ်တယ်...လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက်ကတည်းက သူ့ရဲ့သိုင်းပညာတွေ ကွယ်ပျောက်သွားခဲ့ပါပြီ....ဒါကြောင့် သူဟာ သိုင်းလောကက ပြန်မဝင်ဘဲ ဇာတ်မြုပ်နေခဲ့တာပေါ့....”

ဝါးရှောင်က ဝါးရီကိုကြည့်လိုက်သည်။

ဝါးရီကလည်း ဖခင်ဖြစ်သူအား ပြန်ကြည့်နေလိုက်သည်။

ဝါးရှောင်က သက်ပြင်းချကာ....

“သူ့ရဲ့ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားသိသလား”

အာဖုံး ခေါင်းခါယမ်းလိုက်သည်။

“ကနေ့အထိ မသိရသေးဘူး.... သူကလည်း ဖွင့်မပြောဘူး”

“သံမဏိလက်ဝါးကို ခင်ဗျား သူ့ဆီကရတာပေါ့....”

“ဟုတ်တယ်....”

“သံမဏိလက်ဝါးဟာ သူ့ဘဝရဲ့လျှို့ဝှက်ချက် မဟုတ်လား ခင်ဗျားကို ဘာကြောင့် သင်ကြားပေးလိုက်တာလဲ ကျုပ် စဉ်းစားလို့ မရဘူး....”

“ဒါလည်း အကြောင်းရှိပါတယ်....”

ဝါးရှောင်က အာဖုံး၏မျက်နှာကို စေ့စေ့ကြည့်ကာ....

“ခင်ဗျား ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပြောရင် ကောင်းမယ်.... ထိန်ချန်ထားမယ့်အချိန် မဟုတ်ဘူးဆိုတာ ခင်ဗျား နားလည်မှာပါ....”

အာဖုံး မချိပြုံးပြုံးလိုက်သည်။



“ကျုပ်ပြောနိုင်သမျှ အကုန်ပြောချင်ပါတယ်.... ဒါပေမယ့် မပြောသင့်တဲ့ကိစ္စတွေ ဖြစ်နေလို့ပါ....”

“မပြောသင့်တဲ့ကိစ္စကြောင့် သံမဏိလက်ဝါး ဆုံးရှုံးရမယ်ဆိုရင်ကော....”

“ခင်ဗျား သည်လိုတော့ အကျပ်မကိုင်သင့်ပါဘူးဗျာ....ကျုပ်က ခင်ဗျားကို အမှန်တွေဖွင့်ပြောနေတာပဲ....”

“ကျုပ်က အကျပ်ကိုင်တာ မဟုတ်ဘူး....သည်လို ယူဆရင် ခင်ဗျားမှားသွားမှာပေါ့....ကျုပ်က ခင်ဗျားပြောတဲ့စကားကို အမှန်လို့ ယုံကြည်ရမယ့်လူ မဟုတ်လား....”

အာဖုံး အခက်ကြုံသွားသည်။

အတန်ကြာအောင် စကားမပြောဘဲ တွေဝေစဉ်းစားနေ၏။

ဝါးရှောင်ကလည်း အလိုက်သင့် ငြိမ်နေလိုက်သည်။

အတော်လေးကြာမှ အာဖုံးက....

“သည်ကိစ္စတွေ ကျုပ်ပြောပြချင်ပါတယ်....ဒါပေမယ့် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေးမှ ပြောနိုင်မယ်ဗျ....”

ဝါးရှောင် ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် ကတိမပေးနိုင်ဘူး.... ခင်ဗျားပြောတဲ့ကိစ္စကို အရင်နားထောင်ကြည့်ရဦးမယ်....”

“ဒါဆို ကျုပ်မပြောနိုင်ဘူးဗျာ....”

“မပြောချင်လည်း ရပါတယ်...သံမဏိလက်ဝါးပြန်ရဖို့ မမျှော်လင့်နဲ့ပေါ့....”

အာဖုံး ဒေါပွသွားသည်။

“ဒါတော့ ခင်ဗျားသက်သက်အကျပ်ကိုင်တာပဲဗျ.... ခင်ဗျား

ကတိပေးရင် ကျုပ်ပြောပြမှာပေ့ါ.... ကျုပ်မှာလည်း အခက်အခဲနဲ့ဗျ"

ပြောရင်းထိုင်ရာမှ ဝုန်းခနဲ ထ၍ရပ်လိုက်သည်။

ဝါးရီက ဝါးရှောင်၏ရှေ့တွင် ဝင်၍ရပ်လိုက်သည်။

သူသည် နေထိုင်မကောင်းဖြစ်နေသော ဖခင်ကြီးအတွက် ကာကွယ်စောင့်ရှောက်ရမည့် ဝတ္တရားရှိသည်ဟု ယူဆထားသည်။

ဝါးရှောင်က....

"သား ဘေးဖယ်လိုက်ပါ.... သည့်နေရာမှ အကြမ်းဖက်လို့ မရဘူးဆိုတာ သူ ကောင်းကောင်းနားလည်ပါတယ်...."

ဝါးရီ ဘေးဖယ်လိုက်လေသည်။

အာဖုံး သက်ပြင်းချလိုက်သည်။

ထို့နောက်....

ထိုင်ခုံတွင် ပြန်ထိုင်ချလိုက်သည်။

ဝါးရှောင်က....

"ကျုပ်အရင်စိတ်ဓာတ်နဲ့ဆိုရင် ခင်ဗျား အိမ်ထဲတောင် ဝင်ခွင့်ရမှာ မဟုတ်ဘူး.... အခု ခင်ဗျားကို ကျုပ်လက်ခံပြီး စကားပြောနေတာ.... သံမဏိလက်ဝါးကို ပိုင်ရှင်အစစ်အမှန်လက်ထဲ ပြန်ပေးချင်လို့ဆိုတာ နားလည်စမ်းပါ...."

အာဖုံး၏ လေသံ ပျော့ပျောင်းသွား၏။

"အေးဗျာ....ကျုပ်ကြောင့် သံမဏိလက်ဝါး ပျောက်ဆုံးသွားရတော့ ကျုပ်အပေါ်မှာ လုံးလုံးလျားလျား တာဝန်ရှိနေတယ်မဟုတ်လား....သည်ပစ္စည်း အချိန်မီပေးဖို့လည်း နှောင့်နှေးသွားရပြီ...."

ဝါးရှောင် မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျားတို့ ဘယ်ကိုပို့ပေးရမှာလဲ.... ဘယ်သူက ပို့ခိုင်းတာလဲ...."



အာဖုံးက လက်ကာပြရင်း....

"သည်ကိစ္စတွေအားလုံး ခင်ဗျား သိချင်ရင် ထင်မင်းဆီမှာ လိုက်ပြီး မေးတာ ပိုကောင်းလိမ့်မယ်.... သူကိုယ်တိုင်ပြောပြတော့ ပိုမကောင်းဘူးလား...."

"ဘာ.... ခင်ဗျားက ကျုပ်ကို ထင်မင်းဆီ ခေါ်သွားမယ် ဟုတ်လား...."

"ဟုတ်တယ်.... ခင်ဗျားကိုယ်တိုင် ပိုင်ရှင်လက်ထဲ သံမဏိလက်ဝါး ပြန်ပို့ပေးနိုင်တာပေ့ါ...."

ဝါးရှောင်က သားဖြစ်သူ ဝါးရီအား ကြည့်လိုက်သည်။

ဝါးရီ လွန်စွာစိတ်ဝင်စားနေပါသည်။

သူသည် သိုင်းလောကထဲသို့ ခြေဆန့်ခဲ့ရသည့်အတွက် သံမဏိလက်ဝါးနှင့် ပတ်သက်သည့် သတင်းအချို့ကို ကြားဖူးပြီဖြစ်ပါသည်။

ဝါးရှောင်က....

"သား.... ဘယ်လိုသဘောရသလဲ...."

"ဖေဖေ ကောင်းမယ်ထင်သလိုသာ စီစဉ်ပါခင်ဗျာ...."

ဝါးရှောင်က အာဖုံးဘက်လှည့်ကာ....

"ကောင်းပြီ.... ခင်ဗျား ဘယ်လိုလူစားမျိုးဆိုတာ ကျုပ် သိတယ်.... ကျုပ်သားကို ခင်ဗျားနဲ့ထည့်လိုက်မယ်.... ခင်ဗျားပြောတဲ့ အတိုင်းမှန်ရင် သံမဏိလက်ဝါးပြန်ရပြီလို့ မှတ်ထားလိုက်ပေတော့"

ထိုစကားကြားလျှင် ဝါးရီ မျက်လုံးပြူးသွား၏။

ဖခင်ကိုစိုက်ကြည့်ရင်း....

"ဖေဖေ.... ကျွန်တော် လိုက်သွားရမယ် ဟုတ်လား...."

"ဟုတ်တယ်.... သား လိုက်သွားပြီး ထင်မင်းနဲ့ **တွေ့ရလိမ့်** မယ်...."

"ဖေဖေကော...."

"ဖေဖေတော့ မလိုက်နိုင်ပါဘူးကွယ်...."

ဝါးရီ ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ မပါဘဲ ကျွန်တော် မသွားနိုင်ဘူး ဖေဖေ နေကောင်းတာမှ မဟုတ်ဘဲ.... ကျွန်တော် မရှိလို့ဖြစ်မလား.... ဖေဖေ့ကိုပစ်ပြီး မသွားနိုင်ပါဘူး.... သံမဏိလက်ဝါးကို သူတို့နဲ့ပဲ ထည့်ပေးလိုက်တာ ကောင်းပါလိမ့်မယ်...."

ဝါးရှောင် လက်မခံနိုင်ပါချေ။

"ဘယ်ဖြစ်မလဲ.... ထင်မင်းနဲ့တွေ့မှ သည်ကိစ္စပြတ်နိုင်မယ်"

"**သည်လိုဆိုရင် ခင်ဗျားပါ လိုက်ခဲ့ပါလားဗျာ....**"

**အဖိုးက** ကြားဖြတ်ဝင်ပြောလိုက်သည်။

**ဝါးရှောင်** တွေဝေသွားသည်။

**အဖိုးက....**

"**ခင်ဗျားသာ** လိုက်လာလို့ သည်ကိစ္စ ပြီးမယ်ဆိုရင် အရေး **မကြီးပါဘူး....** ဒါပေမယ့် သူက ထင်မင်းကို တွေ့ဖူးတာမှ မဟုတ်တာ...."

"အင်း.... ဒါလည်း ဟုတ်တာပဲ...."

အဖိုးက....

"ကဲ.... လုပ်ပါဗျာ.... ခင်ဗျားကိုယ်တိုင် လိုက်ခဲ့ပါ.... ခင်ဗျား ကျန်းမာရေးမကောင်းဘူးဆိုရင် ဖြည်းဖြည်း သွားကြတာပေါ့...."



ဝါးရှောင် ငြင်းမရတော့ချေ။

"ကောင်းပြီလေ.... ကျုပ်လိုက်ခဲ့ပါ့မယ်...."

ဟုပြောပြီး ဝါးရီဘက်လှည့်ကာ....

"ကဲ.... ဖေဖေတို့သားအဖ လိုက်သွားကြရအောင်...."

ဝါးရီက....

"ဖေဖေ ခရီးသွားလို့ ဖြစ်ပါ့မလား...."

"ဘာဖြစ်လို့လဲ သားရဲ့...."

"ဖေဖေ့ကျန်းမာရေးအခြေအနေ...."

ဝါးရှောင်လက်ကာပြလိုက်သည်။

"ဖေဖေ့အတွက် စိတ်မပူပါနဲ့....ဖြည်းဖြည်းသွားကြတာပေါ့"

"**ဟုတ်ပါတယ်....**ဖြည်းဖြည်းသွားရင် ရနိုင်ကောင်းပါရဲ့...."

**အဖိုးက** ကြားဝင်ထောက်ခံလေသည်။

**ဝါးရီ** သက်ပြင်းချလိုက်၏။

ဖခင်နှင့်အတူ လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

သံမဏိလက်ဝါးပိုင်ရှင် အစစ်ဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်က သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ သည်။

ထင်မင်းအား တွေ့ရတော့မည်ဖြစ်ရာ စိတ်လှုပ်ရှားနေပေ တော့သည်။

## အခန်း(၁၄)
## တိမ်ကြားဘုံကျောင်း

ကြီးမားခန့်ညားသော အဆောက်အအုံကြီးသည် ကျယ်ဝန်းသော ခြံဝင်းကြီးအတွင်း ထီးတည်းကြီးတည်ရှိနေပေသည်။

ခြံဝင်းတံခါးမကြီးကိုကား ပိတ်ထား၏။

ခြံဝင်းတံခါးမရှေ့၌ အစောင့်အကြပ်များ စောင့်ကြပ်လျက်ရှိနေပါသည်။

လုကျန်းက ခြံဝင်းကြီးကိုကြည့်နေ၏။

အစောင့်အကြပ်များ မသိအောင် ခြံဝင်းကြီးအတွင်းသို့ ဝင်ရန်လမ်းစကို သူ တွေ့ထားပြီဖြစ်၏။

ခြံဝင်းမြောက်ဘက်တွင် လမ်းကြားကလေးတစ်ခုရှိပြီး၊ ယင်းလမ်းကြားကလေးနံဘေး၌ ပေါက်ရောက်နေသော သစ်ပင်တစ်ပင်သည် ခြံဝင်းအုတ်နံရံပေါ်သို့ မိုးကျနေ၏။

ယင်းသစ်ပင်မှတစ်ဆင့် ခြံဝင်းအတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်သည် မဟုတ်ပါလား။



လုကျန်းတွေးတောစဉ်းစားနေစဉ် သူ၏ပခုံးပေါ်သို့ လက်တစ်ဖက် ကျရောက်လာသည်။

“ဖျန်း....”

ခနဲမြည်အောင် ပုတ်ချလိုက်ပြီး တစ်ဆက်တည်း စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

“ဟေ့.... ဘာတွေငေးနေတာလဲ....”

စကားသံကြားရသည်နှင့် လုကျန်း ဝမ်းသာသွားသည်။

“ဆရာ....”

သူသည် နှုတ်မှရေရွတ်ရင်း နောက်လှည့်ကြည့်လိုက်သည်။ မှန်ပေသည်။

သူ၏အနောက်ဘက်တွင် ဗေဒါကြီး ရောက်ရှိနေ၏။

ဗေဒါကြီးက....

“ကဲ.... ပြောစမ်းပါဦး.... မင်း ဘာတွေချောင်းကြည့်နေတာလဲ....”

လုကျန်းက ခြံဝင်းကြီးဆီသို့ ညွှန်ပြရင်း....

“သည်ခြံဝင်းကို စိတ်ဝင်စားလို့ပါ....”

ဗေဒါကြီး ရယ်မောလိုက်သည်။

“မင်းက ကျို့ဟန်အကြောင်း မသိသေးဘူးထင်တယ်....သူဟာ သည်နယ်တစ်ဝိုက်မှာ အကောင်းဆုံးသိုင်းသမားဆိုတဲ့ နာမည်ရထားတဲ့လူပဲ....သူ့ကို လူကောင်းလို့ပြောရင် ရသလို လူဆိုးလို့လည်း သတ်မှတ်နိုင်တယ်.... သူဟာ စိတ်ထင်ရာလုပ်တတ်တဲ့ လူစားမျိုးပဲ”

“ချန်ထိုင်လို လူစားမျိုးဆိုပါတော့....”

“ဟုတ်တယ်....”

“သူနဲ့ ချန်ထိုင် သိုင်းပညာယှဉ်ရင် ဘယ်သူသာမယ်လို့ ဆရာထင်သလဲ....”

ဗေဒါကြီး ခေါင်းကုတ်လိုက်သည်။

“မင်းဟာ တယ်ခွကျပါလား.... သူတို့နှစ်ယောက် ယှဉ်မှ မယှဉ်ဘူးတာ.... ဘယ်သူသာတယ်ဆိုတာ ဘယ်လိုလုပ် သိနိုင်မှာလဲ၊ တစ်ခုတော့ရှိတယ်.... ချန်ထိုင်ထက်တော့ ညံ့မှာမဟုတ်ဘူး.... နေစမ်းပါဦး.... မင်းက ဘာကြောင့် သည်လောက်တောင် **စိတ်ဝင်စားနေရ**တာလဲ.... တို့သွားဖို့တောင် နောက်ကျနေပြီ....”

လုကျန်း သက်ပြင်းချလိုက်သည်။

ဗေဒါကြီးသည် သူ့အားထူးခြားမှုတစ်ခု ပြမည်ဆိုကာ ခေါ်ဆောင်လာရင်း ဤမြို့ကလေးသို့ရောက်လာခြင်းဖြစ်သည်။

ဗေဒါကြီးသည် မြို့စွန်ရှိ ဘုံကျောင်းငယ်တစ်ခုအား **စိတ်ဝင်စားနေသည်။**

ထိုဘုံကျောင်းသည် တစ်နှစ်ပတ်လုံး သော့ပိတ်ထားပြီး လူအဝင်အထွက်မရှိချေ။

.သို့သော်....

မကြာသေးမီက တံခါးဖွင့်ကာ လူများဝင်ထွက်သွားလာနေသည်ကို တွေ့ခဲ့ရ၏။

ထို့ကြောင့်....

ဗေဒါကြီးက လာရောက်စုံစမ်းကြည့်ခြင်း ဖြစ်ပေသည်။

ဗေဒါကြီးက လောဆော်လိုက်၏။

“ကဲ.... သွားကြရအောင် နောက်ကျနေပြီကွ....”

လုကျန်း သက်ပြင်းချလိုက်သည်။



ကျို့ဟန်ဆိုသူ နေထိုင်သည့် ခြံဝင်းအတွင်းသို့ မင်ဖုံး ဝင်ရောက်သွားသည်ကို သူ အမှတ်မထင်တွေ့ခဲ့၏။

ထို့ကြောင့်....

စိတ်ဝင်စားနေခြင်းဖြစ်သည်။

ဗေဒါကြီးက လောဆော်နေသည့်အတွက် ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ နောက်မှလိုက်လာခဲ့လေတော့သည်။

သူတို့သည် အလွန်လျင်မြန်စွာ ထွက်ခွာလာခဲ့ကြလေ၏။

ဘုံကျောင်းကလေး....

ဘုံးကျောင်းကလေး၏ ဝင်းတံခါးဖွင့်ထား၏။

ဘုံကျောင်းကလေးရှေ့မှ အမှိုက်သရိုက်များကို လူငယ်လေး တစ်ယောက် လှဲကျင်းကာ သန့်ရှင်းရေးလုပ်နေ၏။

ဗေဒါကြီးက လူငယ်လေးထံ ဦးတည်ကာလျှောက်သွားသည်။

လုကျန်း နောက်မှလိုက်သွား၏။

သူတို့ရောက်လာသည်ကို တွေ့လျှင် လူငယ်လေးက တံမြက်စည်းလှဲကျင်းနေရာမှရပ်ကာ ပြုံးရွှင်သောမျက်နှာထားဖြင့် ဦးညွတ်နှုတ်ဆက်လိုက်သည်။

ဗေဒါကြီးက သူ့ရှေ့သို့ လှမ်းသွားပြီး မေးလိုက်လေ၏။

“ဟေ့ကောင်လေး....မင်းဟာ ဘုံကျောင်းသန့်ရှင်းရေးလား”

လူငယ်လေး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် ခင်ဗျာ....”

“မင်းကို ဘယ်သူငှားထားတာလဲ....”

“ဘုံကျောင်းကို စောင့်ရှောက်တဲ့လူကပါ....”

"နေပါဦး.... သည်ဘုံကျောင်းဟာ အရင်တုန်းက ပိတ်ထားတယ် မဟုတ်လား...."

လူငယ်လေးက ပြုံးရင်း....

"ဟုတ်ပါတယ် ခင်ဗျာ.... အရင်ကပိတ်ထားပေမယ့် အခု ဖွင့်လိုက်ပါပြီ.... တိမ်ကြားဘုံကျောင်းလို့လည်း အမည်သစ်ပေးထားပါတယ်...."

"သည်ဘုံကျောင်းကို တာဝန်ယူတဲ့လူက ဘယ်သူလဲ"

"သီလရှင်တစ်ယောက်ပါ ခင်ဗျာ...."

"ကျုပ်တို့ သူ့ကိုတွေ့ခွင့်မရဘူးလား...."

လူငယ်လေး ခေါင်းခါယမ်းလိုက်သည်။

"သူ မရောက်သေးပါဘူးဗျာ...ရောက်လာရင် တွေ့ရမှာပါ.... တစ်ခုတော့ရှိတယ်.... သီလရှင်တပည့်တွေတော့ ရောက်နေပါပြီ.... သူက သည်ဘုံကျောင်း သာယာစိုပြည်ရေးအတွက် တာဝန်ယူထားကြပါတယ်....သူတို့အထဲမှာ ရှိပါတယ်ခင်ဗျာ....ဦးတို့ဝင်တွေ့လိုက်ကြပါလား...."

ဗေဒါကြီးက အနည်းငယ်စဉ်းစားပြီးမှ....

"ကောင်းပြီလေ.... ကျုပ်တို့ ဝင်တွေ့လိုက်ပါ့မယ်...."

ပြောပြီး လုကျွန်းဘက်လှည့်ကာ....

"လာ.... သွားမယ်...."

စကားဆုံးလျှင် ရှေ့မှန်ဘောင်ဝင်သွား၏။

လုကျွန်းက လူငယ်လေးအား ပြုံးပြပြီး နောက်မှလိုက်သွား သည်။

သူတို့နှစ်ယောက်ဘုံကျောင်းရှေ့ ကျောက်လှေကားထစ်များ



ပေါ်သို့ ခြေချလိုက်သည်နှင့် အတွင်းဘက်မှ စကားသံများ ထွက်ပေါ်လာနေသည်ကို ကြားလိုက်ရလေတော့သည်။

"ညီမ...."

"ရှင်...."

"ဆရာ ဘယ်တော့ရောက်မှာလဲ...."

"ကျွန်မလည်း မပြောတတ်ဘူး မမ.... ဒါပေမယ့် မကြာခင်ရောက်လာမှာ သေချာပါတယ်...."

"ဆရာဟာ သိုင်းလောကကို ခြေမချတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ....အခုမှ ဘာစိတ်ကူးပေါက်ပြီး ပြန်ခြေချတယ် မဆိုနိုင်ဘူး"

"ဟုတ်တယ် မမ....ဆရာဟာ လူအတွေ့ခံတာ မဟုတ်ဘူး၊ အခုလို လူတောသူတောထဲ ထွက်မယ်ဆိုတော့ ကျွန်မ အတော်အံ့သြသွားမိတယ်...."

"အင်း.... ဆရာ့မှာ ထူးခြားတဲ့အကြောင်းကိစ္စတစ်ခုခုတော့ ရှိမှာပေါ့ကွယ်...."

စကားသံများ ပျောက်ကွယ်သွား၏။

ဗေဒါကြီးက ကျောက်လှေကားထစ်များပေါ်သို့ အသံမြည်အောင် နင်းတက်ရင်း နောက်သို့လှမ်းပြောလိုက်၏။

"ဟေ့.... လာလေ.... ဘာငိုင်နေတာလဲ...."

သူတို့လာနေကြောင်း ဘုံကျောင်းအတွင်းမှ လူများသိအောင် တမင်အသံပြုလိုက်ခြင်းဖြစ်ပေသည်။

သူတို့နှစ်ယောက် ဘုံကျောင်းဝသို့ ရောက်သွားသည်နှင့် အတွင်းဘက်မှ မိန်းကလေးနှစ်ယောက် ထွက်လာကြသည်ကို တွေ့လိုက်ရ၏။

ထိုမိန်းကလေးနှစ်ယောက်အနက် ရှေ့မှလှမ်းထွက်လာသော မိန်းကလေးကိုတွေ့ရလျှင် လုကျန်းဝမ်းသာအားရဖြစ်သွားပြီ။

"ဟင်....ညီမ ယင်းလီမ်ပါလား...."

မှန်ပေသည်။

ရှေ့မှလှမ်းထွက်လာသော မိန်းကလေးမှာ ယင်းလီမ်ဖြစ်လေသည်။

ယင်းလီမ်ကလည်း လုကျန်းအား တွေ့မြင်သွားလျှင်ဝမ်းသာအားရဖြင့်....

"ဟင်....အစ်ကိုလုကျန်ပါလား....ဘယ်လိုလုပ်ပြီး သည်ကိုရောက်လာတာလဲ...."

လုကျန်က ပြုံးကာ....

"ကျုပ်ဆရာနဲ့ လိုက်လာတာပါ...."

ယင်းလီမ် မျက်မှောင်ကြုတ်ကာ ဗေဒါကြီးအား ကြည့်လိုက်လေသည်။

ဗေဒါကြီး၏ ပုံသဏ္ဍာန်မှာ အထင်ကြီးလေးစားစရာမရှိဘဲ ရယ်စရာကောင်းနေ၏။

လုကျန်းဘက်သို့ပြန်လှည့်ကာ....

"အစ်ကို့ဆရာ ဟုတ်လား...."

"ဟုတ်တယ်လေ...."

ယင်းလီမ်က ဗေဒါကြီးအား လက်နှစ်ဘက်ဆုပ်ကာ အရိုအသေပြုလိုက်သည်။

ထို့နောက်....

မိတ်ဆက်စကား ပြောလိုက်လေသည်။



"ကျွန်မနာမည် ယင်းလီမ်လို့ ခေါ်ပါတယ်....တွေ့ရတာဝမ်းသာပါတယ်ရှင်...."

ဗေဒါကြီးက ရယ်မောလိုက်သည်။

"ဘာလဲ....ကျုပ်က လုကျန်းရဲ့ဆရာ မဖြစ်ထိုက်ဘူးလို့ မင်းထင်နေသလား...."

အမှန်တော့....

ဗေဒါကြီးအား ယင်းလီမ်လည်း မြင်ဖူးလေသည်။

ထိုစဉ်အခါက လုကျန်း၏နောက်သို့ တကောက်ကောက်လိုက်ကာ လုကျန်း ဝယ်ခြမ်းကျွေးသမျှ မနားတမ်းစားနေသူကြီးဟု ထင်မှတ်ခဲ့၏။

ဗေဒါကြီး ပြောသလို လုကျန်း၏ဆရာဖြစ်လာမည်ဟု လုံးဝမမျှော်လင့်ခဲ့ချေ။

ယင်းလီမ် ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်နေလေသည်။

ဗေဒါကြီးက တဟားဟားရယ်မောရင်း....

"လောကမှာ ထူးဆန်းတဲ့ ကိစ္စတွေ အများကြီးရှိတယ်မဟုတ်လား....မင်းတို့တောင် တစ်သက်လုံး လူတွေပစ်ထားတဲ့ ဘုံကျောင်းကို လာပြီးပြုပြင်သန့်ရှင်းနေကြသေးတယ်...."

ယင်းလီမ်က ဘာမျှမပြောတော့ဘဲ သူမ၏နောက်တွင် ရပ်နေသော မိန်းကလေးဘက်သို့ လှည့်ကာပြောလိုက်၏။

"ညီမ....သူ့နာမည် လုကျန်းလို့ ခေါ်ပါတယ်....မမမိတ်ဆွေပေါ့....သေသေချာချာမှတ်ထားနော်....သူဟာ အင်မတန်ရိုးသားပြီး ဘယ်သူ့ကိုမဆို အကူအညီပေးဖို့ ဝန်မလေးတဲ့ လူတစ်ယောက်ပဲ"

သူမ၏စကားကြောင့် လုကျန်း မနေတတ်မထိုင်တတ်ဖြစ်သွားရလေသည်။

"ဟာဗျာ.... သည်လိုတော့ မပြောပါနဲ့...."

"အို.... ကျွန်မက အမှန်အတိုင်း ပြောတာပဲ.... ရှင်လည်း သေသေချာချာ မှတ်ထားဦး.... သူက ကျွန်မရဲ့ ပညာသင်ဘက်.... ညီမလေးချူးဈွေ့လို့ ခေါ်တယ်...."

ဟု မိတ်ဆက်ပေးလိုက်သည်။

ချူးဈွေ့သည် လှပချောမောသော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

လုကျန်းက သူမအား ငေးမောကြည့်နေမိသည်။

"လုကျန်း.... ကျွန်မပြောတာ ကြားရဲ့လား...."

ယင်းလိမ်က မေးလိုက်လေသည်။

သူမ၏စကားကြားလျှင် လုကျန်း ရှက်သွားသည်။

"ကြား.... ကြားပါတယ်ဗျာ...."

ယင်းလိမ်က....

"နေပါဦး....ရှင်တို့က သည်ကို ဘယ်လိုလုပ်ပြီး ရောက်လာတာ ကိစ္စရှိလို့လား...."

လုကျန်း မပြောတတ်ချေ။

ဗေဒါကြီး ခေါ်လာသဖြင့် လိုက်လာခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် ဗေဒါကြီးအား လှမ်းကြည့်လိုက်မိသည်။

ဗေဒါကြီးက....

"ဪ....ကျုပ်တို့က လူမနေတဲ့ ဘုံကျောင်းကို ပြုပြင် သန့်ရှင်းနေတယ်ဆိုတော့ အကြောင်းထူးတစ်ခုခုရှိရမယ်လို့ တွေးပြီး....



လာကြည့်တာပါ.... တခြားဘာအကြောင်းမှ မရှိပါဘူး...."

ယင်းလိမ် ခေါင်းညိတ်လိုက်သည်။

"ကျွန်မဆရာဟာ ဘုံကျောင်းမှာနေခဲ့ဖူးပါတယ်.... နောက် ပိုင်းကျမှ လူတွေကို စိတ်ကုန်ပြီး တောတောင်တဲသွားနေတာပါ.... အခု သူဟာ အသက်လည်းကြီးပြီ....မကြာခဏ မကျန်းမမာဖြစ်တတ်တော့ သမားတော်တွေရှိပြီး ဆေးဝါးလွယ်လွယ်ကူကူရနိုင်တဲ့ သည်နေရာမှာ ပြန်လာနေဖို့ ကျွန်မတို့ တိုက်တွန်းလို့ လက်ခံလိုက်တာပါ"

ယိုစကားသည် ဘုံကျောင်းပေါ်သို့ သူတို့တက်လာကာစ ကြားလိုက်ရသောစကားများနှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏။

ဗေဒါကြီးက လုကျန်းအား လှမ်းကြည့်လိုက်သည်။

လုကျန်းက ယင်းလိမ်ကိုကြည့်နေ၏။

ယင်းလိမ်သည် အကြောင်းတစ်ခုခုရှိ၍ အမှန်အတိုင်းမပြောဘဲ ဖုံးကွယ်ထားခြင်း ဖြစ်ရမည်မှာ တွေးနေမိသည်။

ဗေဒါကြီးက....

"မင်းတို့သည်မှာ ပြန်လာနေတာတော့ ဟုတ်ပါပြီ.... သည်နယ်တစ်ပိုက်မှာ ကျင်လည်ကျက်စားကြတဲ့လူဆိုးဓားပြတွေ အင်မတန်ပဲ ပေါများလှတယ်ကွဲ့.... တော်တော်ကြာ မင်းတို့ကို လာပြီး ဒုက္ခပေးနေကြဦးမယ်...."

ယင်းလိမ် ပြုံးလိုက်သည်။

"ကျွန်မဆရာက လူဆိုးဓားပြတွေ မမှုပါဘူးရှင်...."

"ဪ.... ဪ.... မင်းဆရာနာမည်က ဘယ်သူလဲကွဲ့"

"တိမ်ကြားသီလရှင်လို့ ခေါ်ပါတယ်...."

ဗေဒါကြီး မျက်မှောင်ကြုတ်သွားသည်။

အနည်းငယ် တွေးတောစဉ်းစားရင်း....

"ကျုပ် သိုင်းလောကမှ ကျင်လည်ကျက်စားခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး.... တိမ်ကြားသီလရှင် နာမည်မကြားဖူးတာ အံ့ဩစရာပဲ...."

"ကျွန်မဆရာဟာ လူတွေနဲ့ မပတ်သက်ဘဲ တောတောင်ထဲမှာ အေးအေးလူလူနေလို့ နာမည်မထွက်တာပါ...."

"အေးလေ....မင်းဆရာကို တစ်ခေါက်လောက် လာတွေ့ဦးမယ်...."

ယင်းလိမ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ကျွန်မပြောထားလိုက်ပါ့မယ် .... အခုတော့ ကျွန်မဆရာ မရောက်လာသေးပါဘူးရှင်...."

"သူ ဘယ်တော့လောက် ရောက်လာမလဲ...."

"တိတိကျကျ မသိပါဘူး....ဒါပေမယ့် နောက်ထပ် သုံးရက်လောက်ဆိုရင် ရောက်လာမှာသေချာပါတယ်...."

ဗေဒါကြီးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး....

"မိန်းကလေး.... ကျုပ်ဘုံကျောင်းထဲ လှောက်ကြည့်လို့ရနိုင်မလား...."

"ရပါတယ်ရှင်...."

"ကျေးဇူးပဲ...."

ဗေဒါကြီးက ဘုံကျောင်းအတွင်းဘက်သို့ ဝင်ကာလှည့်ပတ်ကြည့်ရှုလေသည်။

သူ၏နောက်မှ လုကျန်း လိုက်လာမည်ဟု ထင်မှတ်ထားခဲ့၏။



သို့သော်....

လုကျန်းလိုက်မလာဘဲ ယင်းလိမ်နှင့် စကားပြောရင်း ကျန်ရစ်ခဲ့သောအခါ မကျေမနပ်ဖြစ်သွားလေတော့သည်။

ယင်းလိမ်မှာ ဗေဒါကြီးဘုံကျောင်းထဲသို့ ဝင်သွားသည်နှင့် အသံတိုးတိုးဖြင့် မေးလိုက်လေ၏။

"လုကျန်း.... သူဟာ ရှင့်ဆရာဆိုတာ တကယ်ပဲနော်...."

လုကျန်း ခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်.... ကျုပ် မလိမ်ပါဘူး.... တကယ့်ဆရာပါ.... သိုင်းပညာ သင်ထားပေးတဲ့ဆရာပါ...."

"အင်း....ရှင့်စကားကို ကျွန်မ ယုံပါတယ်....ဘယ်လိုလုပ်ပြီး သူ့ဆီမှာ တပည့်ခံလိုက်တာလဲ ပြောပါဦး...."

လုကျန်းက ဝါးရီ၏ဖခင်ကို ကယ်တင်ရင်း ရန်သူ၏ထောင်ချောက်မိသွားစဉ် ဗေဒါကြီးက လာရောက်ကယ်တင်ပြီး သိုင်းပညာသင်ပေးပုံများ ပြောပြလိုက်၏။

ဗေဒါကြီးနှင့် ဖြိုင်ဘက်ရောဂါသည် အဘိုးအိုထံမှ ပညာထပ်မံသင်ယူခဲ့ရသည်သာမက စုမွန်စိမ်းဆိုသူထံမှ ထူးခြားသော သိုင်းပညာများ သင်ကြားခဲ့ရပုံကို အကျဉ်းချုံးကာပြောပြလိုက်သည်။

ယင်းလိမ် သက်ပြင်းချလိုက်၏။

ထို့နောက်....

ချူးဇွေ့ဘက်သို့ လှည့်ပြီး မေးလိုက်လေ၏။

"ညီမ သူ့ကိုမှတ်မိပါပြီနော်...."

ချူးဇွေ့ လှပစွာပြုံးရင်း....

"မမ မကြာခဏ ပြောနေတာပဲ မဟုတ်လား....လူ မမြင်ဘူး

ပေမယ့် နာမည်ကို ရင်းနှီးနေတာ ကြာပါပြီ....”

လုကျန်းလည်း ပြုံးလိုက်သည်။

အဘယ်ကြောင့်မှန်းမသိ....

ချူးဇွေ့ကို တွေ့ရသည့်အချိန်မှစပြီး ရင်ထဲလှုပ်လှုပ်ရှားရှားဖြစ်ကာ ဂနာမငြိမ်ဖြစ်နေရသည်။

ချူးဇွေ့၏မျက်နှာလေးအား တစ်ချိန်လုံး ကြည့်နေလိုစိတ်များလည်း ပေါ်ပေါက်နေပေတော့သည်။

ယင်းလိမ်က....

“ကျွန်မညီမလေးက ဆရာနဲ့အတူတူ ဘောဘောင်ထဲမှာအနေကြာတော့ မြို့ကိုစိမ်းနေတယ်.... ရှင်ပဲ သူ့ကို ဟိုဟိုသည်သည် လိုက်ပို့ပေးရလိမ့်မယ်....”

“ရပါတယ်ဗျာ.... ကျုပ် လိုက်ပို့ပေးပါ့မယ်....”

သူက လိုက်ပို့ပေးမည်ဟု ပြောသော်လည်း သူကိုယ်တိုင်ဤမြို့ကလေး၌ ဘယ်နှစ်ရက်နေရမှန်း မသိချေ။

ဗေဒါကြီး ထွက်သွားမည်ဆိုလျှင် ချက်ချင်းလိုက်သွားရမည်ဖြစ်သည်။

သူတို့စကားပြောနေစဉ် ဗေဒါကြီး အတွင်းဘက်မှ ပြန်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ဗေဒါကြီးက အပြင်သို့ ရောက်လာသည်နှင့် ပြောလေတော့သည်။

“ဘယ်လိုလဲ.... မင်းက မိတ်ဟောင်းဆွေဟောင်းတွေ တွေ့လို့ ကျုပ်နောက်ကိုတောင် လိုက်မလာနိုင်တော့ပါလား.... ကဲ.... သူများတွေ အလုပ်ရှုပ်နေချိန်မှာ ကျုပ်တို့ အလိုက်သိရင်ကောင်းမယ်



ပြန်ကြရအောင်....”

လုကျန်းသည် ယင်းလိမ်နှင့် ပြန်တွေ့ရသဖြင့် ဝမ်းသာမိသဖြင့် ချူးဇွေ့နှင့် သိကျွမ်းရသည့်အတွက် ကျေနပ်မိ၏။

ဘုံကျောင်းအတွင်းမှ ချက်ချင်းထွက်မသွားလိုသေးချေ။

သို့သော်....

ဗေဒါကြီးက လောဆော်နေသဖြင့် မတတ်သာတော့ချေ။

“ညီမ.... ကျုပ်ကို သွားခွင့်ပြုပါဦး....”

မတတ်သာ ခပ်ခွာခွာနေကြဦးစို့ ဟူသော အကြည့်မျိုးဖြင့် ကြည့်ကာ နှုတ်ဆက်လိုက်ရ၏။

ယင်းလိမ်က ခေါင်းညိတ်ကာ....

“ကောင်းပါပြီ....နောက်လည်း လာခဲ့ကြပါဦး....ကျွန်မ ဆရာရောက်လာရင် မိတ်ဆက်ပေးပါ့မယ်....”

ချူးဇွေ့က လုကျန်းအား အပြုံးဖြင့်သာ နှုတ်ဆက်လေသည်။

လုကျန်း၏မျက်နှာမှာ သကာရည်ဆမ်းသလို ပြုံးချိုနေသည်။

ဗေဒါကြီးက....

“စိတ်ချ...ကျုပ်တို့ သည်မြို့ကထွက်မသွားဖြစ်သေးရင်တော့ နောက်တစ်ခေါက် ရောက်အောင်လာခဲ့ပါဦးမယ်.... ကဲ.... ကျုပ်တို့ကို ခွင့်ပြုပါဦး....”

စကားဆုံးလျှင် ငေးငိုင်နေသော လုကျန်း၏လက်ကိုဆွဲကာ ထွက်လာခဲ့လေသည်။

လုကျန်းသည် မတတ်သာဘဲ ဗေဒါကြီးနောက်သို့ လိုက်သွားရလေတော့သည်။

ဘုံကျောင်းကလေးမှာ အဝေးတွင်ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

ထိုအခါမှ ....

ဗေဒါကြီးက လုကျန်း၏လက်ကို လွှတ်လိုက်သည်။

တစ်ဖန် လမ်းနံဘေးရှိ ချောင်ကျကျစားသောက်ဆိုင်တစ်ခု အတွင်းသို့ လှမ်းဝင်သွားလေ၏။

နှစ်ယောက်စာ စားသောက်ဖွယ်ရာများ မှာကြားပြီးလျှင် လုကျန်းကို စေ့စေ့ကြည့်ကာ မေးလိုက်လေသည်။

"ကဲ ....ပြောစမ်းပါဦး ....မင်းက ဘာကြောင့် ကျုပ်နောက်ကို မလိုက်ခဲ့တာလဲ ...."

"ဗျာ ...."

"ကျုပ်မေးတာ ဖြေပါ ....မင်း ဘာကြောင့်မလိုက်ခဲ့တာလဲ"

လုကျန်း သက်ပြင်းချလိုက်သည်။

"အရေးမကြီးဘူးထင်လို့ပါ .... ဘုံကျောင်းထဲ ဝင်ကြည့်လို့လည်း ထူးခြားမယ် မထင်မိဘူး ....ပြီးတော့ မိတ်ဆွေဟောင်းတွေနဲ့လည်း ပြန်ပြီးဆုံတွေ့နေရတယ် မဟုတ်လား ...."

ဗေဒါကြီးက သူ၏နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲ မြည်အောင် ရိုက်ရင်း ....

"သေလိုက်ပါတော့ကွာ ....အကြောင်းမရှိဘဲ မင်းကို ကျုပ်က ခေါ်သွားမလား .... သိုင်းလောကမှာ ထူးခြားတာတွေ ပြည့်လို့ .... ဘယ်နေရာမဆို ရှာတွေ့နိုင်တယ် .... မိတ်ဟောင်းဆွေဟောင်းတွေ့တာနဲ့ ပတ်ဝန်းကျင်ကို လျစ်လျူရှုလို့ ဘယ်ရမလဲ .... မတော်တဆ ဘုံကျောင်းပျက်ထဲမှာ ရန်သူရှိတယ်ဆိုရင်ကော ....မင်းရဲ့မိတ်ဆွေက မင်းအပေါ် အကောက်ကြံမယ်ဆိုရင်ကော ...."



လုကျန်း ဦးခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ဟာ ....မဖြစ်နိုင်တာဘဲ ...."

"ဘာကြောင့် .... မဖြစ်နိုင်ရမှာတုန်း ...."

"ယင်းလိမ်အကြောင်း ကျွန်တော် သိပါတယ် .... သူဟာ ကောက်ကျစ်စဉ်းလဲတဲ့လူ မဟုတ်သလို ကျွန်တော့်ကိုဒုက္ခပေးမယ့် လူလည်း မဟုတ်ပါဘူး ...."

ဗေဒါကြီး လှောင်ပြုံးပြုံးလိုက်လေသည်။

"မင်းစိတ်ထား မပြောင်းလဲသရွေ့တော့ မင်းအတွက် ကြီးပွားတိုးတက်ဖို့ မလွယ်ဘူး .... ကဲ .... ပြောစမ်းပါဦး .... သူနဲ့မင်းနဲ့က ဘယ်လိုလုပ်ပြီး သိခဲ့ကြတာလဲ ...."

လုကျန်းက ယင်းလိမ်နှင့် စတင်တွေ့ဆုံပြီး အကူအညီပေးခဲ့ရသည်မှ မိတ်ဆွေဖြစ်ခဲ့ရပုံကို ပြောပြလိုက်လေသည်။ သူ၏စကားအဆုံးတွင် ဗေဒါကြီး ခေါင်းခါယမ်းလိုက်လေသည်။

"အရင်တုန်းက မင်းတွေ့ခဲ့တဲ့ ယင်းလိမ်ဟာ မင်းမိတ်ဆွေဆိုတာ မမှားပေမယ့် အခုအချိန်မှာတော့ ကျုပ်လက်မခံနိုင်တော့ဘူး"

မမျှော်လင့်သောစကားကြားရလျှင် လုကျန်းပါးစပ်အဟောင်းအဟောင်းသားဖြစ်သွားရလေသည်။

ဗေဒါကြီးအား နားမလည်နိုင်စွာဖြင့် ကြည့်ကာ ....

"ဘာဖြစ်လို့လဲ ...."

"ဘာဖြစ်ရမလဲ .... သူက တို့အပေါ် ဖုံးကွယ်ထားလို့ပေါ့"

လုကျန်း သက်ပြင်းချလိုက်သည်။

"ဆရာပြောတဲ့ စကားတွေကို ကျွန်တော် တစ်လုံးမှ နားမလည်တော့ဘူး ...."

ဗေဒါကြီး မဲ့ပြုံးပြုံးကာ ....

"မင်းဘာနားလည်မလဲ .... ချူးဇွေ့ဆိုတဲ့ ကောင်မလေးက မင်းရဲ့ဉာဏ်တွေ ထုံထိုင်းသွားစေခဲ့ပြီကိုး ....ဟင်း မင်းက သူတို့အပေါ် မိတ်ဆွေကောင်းလို့ ဆက်ဆံပေမယ့် သူတို့က တို့နှစ်ယောက်ကို သူစိမ်းတွေလို ဆက်ဆံခဲ့ကြတာကွ ...."

"ဗျာ ...."

"မဗျာနဲ့ ....ဘုံကျောင်းထဲဝင်ကြည့်ရင်း ....မင်း သိလိမ့်မယ်"

လုကျန်းအံ့သြသွားသည်။ အလွန်အလွန် အံ့သြသွားသည်။ ဘုံကျောင်းအတွင်းဘက်၌ မည်သို့သော ထူးခြားချက်ရှိနေပါသနည်း။

ဗေဒါကြီးသည် ထူးခြားမှု တစ်စုံတစ်ခုအား မတွေ့ရှိခဲ့ဘဲ ယခုလို ပြောလိမ့်မည် မဟုတ်ချေ။

လုကျန်းက စိုက်ကြည့်ရင်း ....

"ဆရာက ထူးခြားချက်တစ်ခုခု တွေ့ခဲ့တယ် ဟုတ်လား"

"မင်းဝင်ကြည့်ရင် သိမှာပေါ့ ...."

"ကျွန်တော်မှ ဝင်မကြည့်မိဘဲ ...."

"အေးလေ .... ဒါကြောင့် ပြောတာပေါ့ .... မင်းက မိတ်ဟောင်းဆွေဟောင်းတွေ့တာနဲ့ အရာရာကို မေ့နေတာပဲမဟုတ်လား"

လုကျန်း ခေါင်းငုံ့ထားလိုက်သည်။

ဗေဒါကြီးက ....

"ဘုံကျောင်းထဲမှာ အခန်းနှစ်ခန်း သီးသန့်ပြုလုပ်ထားတယ်၊ တစ်ခန်းက လူနေဖို့ တစ်ခန်းက ဧည့်သည်လက်ခံတွေ့ဆုံဖို့ ....ဒါဟာ ထူးခြားချက် မဟုတ်ဘူးလား ...."



"ဗျာ .... ဒါဟာ ထူးခြားချက်လား ...."

"ဒါပေါ့ .... တခြားဘုံကျောင်းတွေမှာ သည်လိုမျိုးမှ မတွေ့ဖူးတာ ...."

"ဒါဆို ဘုံကျောင်းမှာ တစ်ယောက်က လာနေထိုင်ပြီး ဧည့်သည်နဲ့ ချိန်းတွေ့မယ့်သဘောပေါ့ ...."

ဗေဒါကြီး ပြုံးလိုက်သည်။

"မင်း မဆိုးဘူး ....သည်လိုမှန်မှန်ကန်ကန် တွေးတတ်ရမှာပေါ့ .... မင်းမိတ်ဆွေရဲ့ဆရာဟာ ထူးခြားချက်ရှိသူဖြစ်ရမယ် ...."

"ဆရာ သူ့ကို စိတ်ဝင်စားနေတယ် ဟုတ်လား ...."

"ဟုတ်တယ် ...."

"ဒါဖြင့် .... သည်မှာနေပြီး စောင့်ကြည့်နေမယ်ပေါ့ ...."

"ဘာလဲ .... မင်းက မင်းမိတ်ဆွေတွေနဲ့ ပြန်တွေ့နိုင်မှာမို့ ဝမ်းသာနေတာလား ...."

လုကျန်း ပြုံးလိုက်သည်။

"ဟာဲ .... သည်လို မဟုတ်ပါဘူး ...."

"တော်စမ်းပါကွာ ....မင်းအကြောင်း ကျုပ် ကောင်းကောင်း သိပါတယ် .... မင်း သူတို့နဲ့ ပတ်သက်မယ်မကြံနဲ့ .... ပတ်သက်လိုက်တာနဲ့ ထူးခြားမှုကို တွေ့နိုင်တော့မှာ မဟုတ်ဘူး ...."

"ဘာဖြစ်လို့လဲ ...."

"သည်နေ့လို့ပဲ မင်း အမြင်လျှမ်းသွားမှာပေါ့ ...."

လုကျန်း ပါးစပ်ပိတ်ထားလိုက်သည်။

ဗေဒါကြီးက ....

"မင်းအိပ်ရေးဝဝ အိပ်ပြီး ....အစားကောင်းကောင်းစား ...."

နောက်ပိုင်း ပြေးရလွှားရနဲ့ အိပ်ဖို့စားဖို့ အချိန်ရှိမှာ မဟုတ်ဘူး .... အဲဒီကျမှ ဆာတယ်လို့မပြောနဲ့ ...."

"ဗျာ ...."

"မင်း အံ့ဩနေသလား ....သူများရဲ့လျှို့ဝှက်ချက်ကို လွယ်လွယ်ကူကူ သိရမယ်ထင်သလား .... ကျုပ် စိတ်အထင်ပြောရရင် တိမ်ကြားသီလရှင်ဟာ ခေတ်ရဲ့လူမဟုတ်ဘူး .... သိုင်းလောကမှာ သံမဏိလက်ဝါးထွက်ပေါ်လာပြီး .... နှစ်ပေါင်းနှစ်ဆယ်ကျော် ဇာတ်မြုပ်ပျောက်ကွယ်နေတဲ့ လူတွေ တစ်ယောက်ပြီးတစ်ယောက် ပြန်လည်ထွက်ပေါ်လာနေတယ် ....ဒါကြောင့် သတိကြပ်ကြပ်ထားရလိမ့်မယ် ...."

လုကျန်း ငြိမ်နေလိုက်သည်။

ဗေဒါကြီးက အကြောင်းမရှိဘဲ ယခုလို ရှည်ရှည်ဝေးဝေး ပြောနေမည့်သူမဟုတ်ကြောင်း သူ ကောင်းစွာနားလည်သဘောပေါက်ထားသည်။ ယခင်ကလည်း ဗေဒါကြီးသည် ဤကဲ့သို့ မပြောခဲ့ဖူးချေ။

ထိုစဉ် ....

သူတို့မှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာ၏။

ဗေဒါကြီးက ....

"ကဲ .... စား .... ဝအောင်သာကြိတ်ပေတော့ .... ပြီးတော့ သည်ကနေ့ အိပ်ရေးဝဝအိပ်ထားရမယ် .... မနက်ဖြန်ကစပြီး အလုပ်ရှုပ်မှာ ကျိန်းသေတယ် ...."

သူသည် ပြောပြောဆိုဆို စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်လေတော့သည်။



လုကျန်းသည် ရှည်ရှည်ဝေးဝေး တွေးတောမနေတော့ဘဲ ခေါင်းငုံကာ စားသောက်လိုက်သည်။

စားသောက်ပြီးစီးသွားလျှင် တည်းခိုခန်းတစ်ခန်း ငှားရမ်းကာ အနားယူလိုက်ကြလေတော့သည်။

## အခန်း(၁၅)

## ဇာတ်မြှုပ်နေသောသခင်မ

တည်းခိုခန်း ....

တည်းခိုခန်းကလေး၏အပေါ်ထပ် ပြတင်းပေါက်မှကြည့်လျှင် ကျို့ယန်၏ခြံဝင်းကြီးကို တွေ့မြင်နေရပေသည်။

ဗေဒါကြီးသည် လုကျန်း အေးအေးဆေးဆေး နေနိုင်ရန် အခန်းတစ်ခန်း သီးသန့်ငှားပေး၏။

သူကိုယ်တိုင်မူ လုကျန်းနှင့်ကပ်လျက် အခန်းငှားထား၏။

ညနေဆည်းဆာအချိန်သို့ရောက်မှ လုကျန်း နိုးလာလေသည်။

သူသည် နေ့လယ်ပိုင်း စားသောက်ပြီးစီးလျှင် ကရေးတမော အိပ်စက်ခဲ့ခြင်းဖြစ်ပေသည်။

အိပ်ရာမှထကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

ကျို့ဟန်၏ခြံဝင်းကြီးကို တွေ့မြင်နေရပါသည်။

လုကျန်းက အပျင်းဆန့်ရင်း ကျို့ဟန်၏ခြံဝင်းကြီးအနီးသို့ လူတစ်ယောက် ချဉ်းကပ်သွားနေသည်ကို တွေ့မြင်လိုက်ရ၏။

လုကျန်း စိတ်ဝင်စားသွား၏။



သေသေချာချာကြည့်လိုက်သောအခါ အလွန်အံ့ဩသွားလေတော့သည်။

"ဟင် .... မင်ဖုံးပါလား ...."

မှန်ပေသည်။

ကျို့ဟန်၏ခြံဝင်းအနီးသို့ ချဉ်းကပ်သွားနေသူမှာ မင်ဖုံးဖြစ်ကြောင်း တွေ့မြင်လိုက်ရပါသည်။

ဟိုးယမန်တစ်နေ့က မင်ဖုံးအားတွေ့သဖြင့် နောက်မှလိုက်သော်လည်း မမီဘဲမျက်ခြည်ပြတ်သွားခဲ့ရသည်။

ယခုမှ ....

တစ်ဖန်ပြန်တွေ့ရခြင်းဖြစ်သည်။

မင်ဖုံးအားတွေ့လျှင် ဝါးရီအား သတိရလာမိသည်။

အနီးပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်သော်လည်း ဝါးရီအား မတွေ့ရချေ။

"သူသည်မှာ ဘာလာလုပ်နေတာပါလိမ့် ...."

သူသည် တွေးတောနေမိသည်။

သူကြည့်နေစဉ် မင်ဖုံးသည် ကျို့ဟန်၏ခြံဝင်းထဲ တိတ်တဆိတ်ဝင်ရန် ဟန်ပြင်နေသည်ကိုတွေ့ရ၏။

"ဟင် .... သူ့ခိုးဝင်ဖို့ကြံနေပါလား .... မဖြစ်ဘူး .... ငါ သွားကြည့်ဦးမှ ...."

ဟုတွေးကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ခုန်ထွက်လိုက်သည်။

ဗေဒါကြီးကိုပင် အသိမပေးဘဲ တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

လမ်းပေါ် ခြေချမိသည်နှင့် ကျိုဟန်၏ခြံဝင်းဆီသို့ ဦးတည်ထွက်ပြေးသွားလေတော့သည်။

သူပြေးလာနေသည်ကို မင်ဖုံး တွေ့မြင်သွား၏။

မင်ဖုံးသည် ရှောင်တိမ်းသွားရန် ဟန်ပြင်ပြီးမှ ရပ်နေလိုက်သည်။

လုကျန်းဖြစ်ကြောင်း မှတ်မိသွားခြင်းကြောင့် ဖြစ်ပေသည်။

လုကျန် သူ့အနီးသို့ရောက်လာလျှင် မျက်နှာထားတင်းတင်းဖြင့် ဆီးကြိုမေးလိုက်လေ၏။

"ခင်ဗျားက ဘယ်လိုလုပ်ပြီး သည်ကိုရောက်လာတာလဲ"

လုကျန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက မေးရန်ကြံရွယ်ထားသော်လည်း သူ့အားဆီးကြိုမေးလိုက်ခြင်းကြောင့် မဖြေနိုင်ဘဲ ဖြစ်သွားရသည်။

မင်ဖုံးက ....

"ဘာလဲ .... ခင်ဗျားက သည်ခြံဝင်းထဲ ဝင်မလို့လား ...."

"ဟာ .... မဟုတ်တာ .... ခင်ဗျားကိုမြင်လို့ ကျုပ်လာတာဗျ"

"ဒါဖြင့် ခင်ဗျား မြန်မြန်သွားပေတော့ ...."

"ဘာဖြစ်လို့လဲ ...."

"ကျုပ် သည်ခြံဝင်းထဲဝင်ပြီး ပစ္စည်းတောင်းမလို့ .... တော်တော်ကြာ တိုက်ပွဲတွေဘာတွေဖြစ်ရင် ခင်ဗျားပါ အချောင်ဒုက္ခရောက်နေဦးမယ် ...."

အမှန်တော့ ....

လုကျန်း၏စိတ်ထားကို ကောင်းစွာနားလည်သဘောပေါက်ထားသဖြင့် မော်င်းထုတ်လိုက်ခြင်းဖြစ်သည်။



လုကျန်းမှာ မောင်းထုတ်၍ထွက်သွားမည် မဟုတ်သည်ကို သူ နားလည်ထားသည်။

သူပြောလိုက်သည်နှင့် ကြားဝင်ကူညီတော့မည်ဖြစ်ကြောင်း မင်ဖုံး နားလည်ထားသည်။

ထင်သည့်အတိုင်းပင် လုကျန်းက မျက်မှောင်ကြုတ်လိုက်ပြီး မေးလာ၏။

"ခင်ဗျား ဘာပစ္စည်းသွားတောင်းမှာလဲဗျ ...."

မင်းဖုံးက လက်ကာပြရင်း ....

"သည်ကိစ္စ ခင်ဗျားနဲ့ မဆိုင်ပါဘူး .... ခင်ဗျားပါ အချောင် ဒုက္ခရောက်ရလိမ့်မယ်ဗျ ...."

"မဟုတ်သေးပါဘူး .... ဘယ်လိုကိစ္စဆိုတာ ပြောပြပါလား၊ ကျုပ် ကူညီနိုင်ရင် ကူညီရတာပေါ့ ...."

"ဟာ .... မဖြစ်ပါဘူး .... ဒုက္ခမရှာပါနဲ့ဗျာ ...."

"သည်လို ဘယ်ဟုတ်မလဲ .... မိတ်ဆွေအချင်းချင်းပဲ တစ်ယောက်ဒုက္ခရောက်ရင် တစ်ယောက် ကူညီရတာပေါ့ ...."

မင်ဖုံး ကြိတ်ပြုံးလိုက်၏။

သို့သော် ....

မျက်နှာတွင် အပြုံးရိပ်များ ပေါ်ပေါက်လာခြင်းမရှိအောင် သတိထားနေရသည်။

မတတ်သာ၍ ပြောပြရသည့်ပုံသဏ္ဌာန်မျိုးဖြင့် ....

"ခင်ဗျား သိပ်သိချင်ရင် ပြောပြရတာပေါ့ဗျာ .... ကျိုဟန်ဟာ လူဆိုးကြီးတစ်ယောက်လို့ သတင်းကြားတာနဲ့ ကျုပ် ဝင်ပြီး ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သေးတယ်ဗျ ...."

"သည်တော့ ...."

"ပြောဖို့တောင် မကောင်းပါဘူးဗျာ ....ရန်သူကို အထင်သေးမိလို့ ကျုပ် ရှုံးသွားတယ် ....ကျုပ်ဓား သူ့ဆီမှာ ကျန်ရစ်ခဲ့တယ်ဗျ.... အဲဒါ အခု ဓားပြန်ဝင်ယူမလို့ ...."

လုကျန်း စိတ်မကောင်းဖြစ်သွားသည်။

မင်ဖုံးသည် မာန်မာန ခက်ထန်ပြီး သူတစ်ပါးကို အထင်သေးတတ်သည်မှလွဲ၍ အခြားအဖြစ်ပြောစရာမရှိဟု ယူဆထားသည်။

မင်ဖုံး၏သိုင်းပညာသည် ထူးချွန်ထက်မြက်မှုရှိပြီး လူဆိုးကြီးများကို အမြဲနှိမ်နင်းဆုံးမခဲ့သူ ဖြစ်သည်။

ယခုလည်း ....

ကျို့ဟန်အား ဝင်ရောက်ဆုံးမရင်း မမျှော်လင့်ဘဲ ရှုံးနိမ့်သွားရသည်ဟု ယူဆမိ၏။

လုကျန်းက ....

"အင်း ....မိတ်ဆွေကို ကျုပ် ကူညီပါ့မယ်ဗျာ ....ကျို့ဟန်ကို ဆုံးမလိုက်ကြတာပေ့ါ ...."

မင်ဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တောင် ကျို့ဟန်ကို မနိုင်တာ .... ခင်ဗျား သူနဲ့ရင်ဆိုင်ရင် ဒုက္ခရောက်ဖို့ပဲ ရှိတော့မှာပေ့ါ ...."

"ကိစ္စမရှိဘူး .... ကျုပ် သူ့ကိုရင်ဆိုင်ဖို့ မကြောက်ပါဘူး"

"ကောင်းပြီလေ .... ခင်ဗျား ဝင်ကူညီရင် ကျေးဇူးတင်ရမှာပေ့ါ ...."

"မလိုပါဘူးဗျာ ...."

"အဲ ....တစ်ခုတော့ရှိတယ် ....ကျုပ်တို့နှစ်ယောက် အတူတူ



သွားလို့တော့ မဖြစ်ဘူးဗျ ...."

လုကျန်း မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ ...."

"နှစ်ယောက်ဆိုတော့ ကျို့ဟန်ရဲ့တပည့်တွေ မြင်သွားနိုင်တာပေ့ါ .... တစ်ယောက်ချင်းခွဲပြီး ဝင်ကြမယ် ...."

"ကောင်းပြီလေ .... ခင်ဗျားပဲ ကြည့်ပြီးစီစဉ်ပါ ...."

မင်ဖုံးသည် လုကျန်းအား ချောက်ချရန် စိတ်ကူးပြီးဖြစ်လေသည်။

စဉ်းစားသလို ဟန်ဆောင်ပြီးမှ ....

"ခြံဝင်းထဲရောက်ရင် ခင်ဗျားက မြောက်ဘက်လမ်းကသွား၊ ကျုပ် တောင်ဘက်ကသွားမယ် ....ခန်းမဆောင်ရဲ့ဝဲဘက်မှာ ကျို့ဟန်ရဲ့ စာဖတ်ခန်းရှိတယ် ....အဲသည်မှာ သူ အမြဲရှိတတ်တယ် ....သူ့ကို သတ်ပစ်စရာမလိုပါဘူး .... နည်းနည်းပါးပါး ဆုံးမပြီး ကျုပ်ဓားပြန်ရရင် တော်ပါပြီ ...."

\ "ကောင်းပြီ .... သွားကြတာပေ့ါ ...."

မင်ဖုံးက မြေပေါ်ခြေဆောင့်ကာ အုတ်တံတိုင်းပေါ် ခုန်တက်လိုက်သည်။

လုကျန်းက အုတ်တံတိုင်းနှင့်ကပ်လျက် ပေါက်နေသော သစ်ပင်မှတစ်ဆင့် အပေါ်တက်လိုက်သည်။

တစ်ဖန် ....

ခြံဝင်းအတွင်းသို့ ခုန်ဆင်းလိုက်၏။

ခြံဝင်းအတွင်းသို့ရောက်လျှင် မင်ဖုံးက ပြောလိုက်၏။

"ကဲ .... ခင်ဗျား အရင်သွားပေတော့ ...."

ခြံဝင်းအတွင်း၌ ကြီးမားသော အဆောက်အအုံကြီးတစ်ခု ရှိနေပါသည်။

လုကျန်းသည် သစ်ပင်၊ ပန်းပင်များကို အကာအကွယ်ယူကာ အဆောက်အအုံကြီးအနီးသို့ ပြေးကပ်သွား၏။

သူ့နောက်မှ မင်ဖုံးလိုက်လာမည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် ....

နောက်လှည့်မကြည့်ခြင်း ဖြစ်ပါ၏။

အကယ်၍ ....

နောက်လှည့်ကြည့်မည်ဆိုပါက မင်ဖုံးသည် သဘောကျစွာ ရယ်မောရင်း ခြံဝင်းအပြင်ဘက်သို့ ပြန်လည်ခုန်ထွက်သွားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ဆည်းဆာရောင်ခြည်များ ဖြာကျနေသည်။

ခြံဝင်းအတွင်းဘက်၌ တိတ်တိတ်ဆိတ်ဆိတ်ရှိနေ၏။

လုကျန်း သတိကြီးစွာထားကာ အဆောက်အအုံအနီးသို ချဉ်းကပ်သွားသည်။

အစောင့်အကြပ်များ မတွေ့ရသဖြင့် အံ့ဩမိသည်။

ပန်းပင်များအကြားမှ ချဉ်းကပ်သွားရင်း အဆောက်အအုံကြီ နံဘေးသို့ ရောက်ရှိလာသည်။

လုကျန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း အဆောက် အအုံနံရံကို ပြေးကပ်လိုက်သည်။

အသာငြိမ်၍ အကဲခတ်ကြည့်လိုက်သော်လည်း သူ့အား မည် သူမျှ သတိထားမိပုံ မရပါချေ။

သူရောက်လာသည်ကို သိရှိပုံလည်း မရသေးပါ။



လုကျန်းက နံရံတွင်ကပ်လျက် ရှေ့တိုးသွားရင် ပြတင်းပေါက် တစ်ခုအနီးသို့ ရောက်ရှိလာ၏။

ပြတင်းတံခါးဖွင့်ထားသည့်အတွက် အတွင်းဘက်သို့ချောင်း ကြည့်လိုက်ရာ လူရိပ်လူယောင် မတွေ့ရပါချေ။

လုကျန်းက ပြတင်းပေါက်မှတစ်ဆင့် အတွင်းဘက်သို့ခုန်ဝင် လိုက်သည်။

အနောက်ဘက်လှည့်ကာ ကြည့်လိုက်လျှင် မင်ဖုံးအား မတွေ့ ရချေ။

မင်ဖုံးသည် ခြံဝင်းအတွင်းတစ်နေရာ၌ ရောက်ရှိနေပြီဟု ယူဆကာ ရှေ့ဘက်ထွက်လာခဲ့သည်။

သူရောက်နေသော အခန်းလေးသည် ခန်းမကျယ်ကြီးနှင့် ဆက်လျက်ရှိသော အခန်းကလေးတစ်ခု ဖြစ်ပေသည်။

လုကျန်းက အခန်းကလေးမှထွက်ကာ ခန်းမကျယ်ကြီး၏ တိုင်တစ်လုံးနောက်တွင် ပုန်းအောင်းလိုက်သည်။

ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်လျှင် အရှေ့တည့်တည့်တွင် အခန်းတစ်ခုရှိနေသည်ကို တွေ့ရ၏။

"သည်အခန်းပဲ ဖြစ်ရမယ် ...."

လုကျန်းသည် တွေးတောရင်း ခပ်သွက်သွက်ကလေး ပြေး သွားသည်။

အခန်းကလေးအတွင်း၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ ရချေ။

လုကျန်းက အခန်းထဲလှစ်ခနဲဝင်လိုက်၏။

အခန်းတွင်း၌ စားပွဲကုလားထိုင်များနှင့် ဗီရိုကြီးတစ်လုံးရှိ

သည်။ မင်ဖုံး ပြောပြလိုက်သည့်အတိုင်း စာဖတ်ခန်းပင်ဖြစ်ပါသည်။

လုကျန်းက စာဖတ်ခန်းထဲသို့ ရောက်သည်နှင့် မင်ဖုံး၏ဓား ကို ရှာဖွေကြည့်လိုက်သည်။

ထိုအခါ ....

ခန်းမအလယ်ရှိ စားပွဲပေါ်၌ ဓားတစ်ချောင်း တင်ထားသည် ကို တွေ့မြင်ရ၏။

"ဟုတ်ပြီ .... ဒါ မင်ဖုံးရဲ့ဓားပဲ ...."

လုကျန်းကာ ဝမ်းသာအားရဖြင့် စားပွဲဆီသို့ လှမ်းသွား၏။

ထိုစဉ် ....

အပြင်ဘက်မှ စကားသံနှင့် ခြေသံများ ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်။

"လူလာနေပါလား ...."

လုကျန်း ရင်ထိတ်သွားသည်။

ခြေသံများသည် စာဖတ်ခန်းသို့ ဦးတည်လာနေခြင်းဖြစ် ကြောင်း သူတွက်ဆမိလေသည်။

ပုန်းကွယ်စရာနေရာ ရှာဖွေလိုက်သည်။

သူထွက်ပြေး၍ လွတ်နိုင်တော့မည် မဟုတ်ချေ။

ဗီရိုကြီးနောက်ဘက်သို့ ဝင်ရောက်ပုန်းနေနိုင်ကြောင်းတွေ့ရ လျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြေးဝင်ပုန်းအောင်းလိုက် ၏။

ဗီရိုကြီးနောက်၌ ပုန်းပြီးသည်နှင့် ခြေသံများသည် စာဖတ် ခန်းရှေ့သို့ ရောက်ရှိလာလေတော့သည်။

မကြာမီ ....



အခန်းတွင်းသို့ဝင်လာသော ခြေသံများကို ကြားလိုက်ရ၏။

တစ်ဆက်တည်းပင် ....

ကုလားထိုင်ရွှေ့သံများ၊ စကားပြောသံများ ထွက်ပေါ်လာ သည်ကိုပါ ကြားလိုက်ရသည်။

"ထိုင်ပါ .... ထိုင်ပါ .... ကျုပ်ဆီကို မည်သူမှ လာလေ့လာထ မရှိတော့ ကျုပ်က ဧည့်ခန်းကို ကောင်းကောင်းမွန်မွန် မစီစဉ်ထား မိတာ ခွင့်လွှတ်ပါဗျာ ...."

"အို .... ရပါတယ်ရှင် .... ကိစ္စမရှိပါဘူး ...."

မိန်းကလေးတစ်ယောက်၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုကျန်း အံ့သြသွားသည်။

ထိုမိန်းကလေး၏စကားသံမှာ သူနှင့်ရင်းနှီးဖူးသောအသံဟု ယူဆမိသည်။

ထို့ကြောင့် ....

သေသေချာချာ နားစိုက်ထောင်လိုက်သည်။

"ကျွန်မတို့ ရှင့်ကိုလာတွေ့တာ ရှင်ဟာ သည်မြို့ခံလူဖြစ်နေ လို့ပါ .... တိမ်ကြားဘုံကျောင်းကို ပြန်လည်အသက်သွင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရှင့်အနေနဲ့ အံ့သြစရာဖြစ်နေပါလိမ့်မယ် .... ရှင် စိတ်ဝင် စားမယ်ဆိုတာသိလို့ လာတွေ့တာပါ ...."

"ဟုတ်ပါတယ်ဗျာ .... သည်ဘုံကျောင်းကို လူသူစွန့်ပစ်ထား တာကြာပါပြီ .... အခုမှ ပြုပြင်ရှင်းလင်းမှုတွေလုပ်နေလို့ ကျုပ်အတော် ကလေး အံ့သြမိတယ်ဗျ ...."

"မှန်ပါတယ် .... ကျွန်မ ဆရာကလည်း မလွဲရှောင်သာလို့

ပြန်ပြီးအသုံးပြုရတာပါ ....”

“မိန်းကလေးရဲ့ဆရာက ဘယ်သူများလဲဗျ ....”

“တိမ်ကြားသီလရှင်ပါ ....”

“စိတ်မဆိုးပါနဲ့ဗျာ ....သည်နာမည် ....ကျုပ်တစ်ခုမှမကြားဖူးဘူးဗျ ....”

မိန်းကလေး၏ရယ်မောသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

တစ်ဆက်တည်းပင် ....

“တိမ်ကြားနန်းတော်သခင်မလေးဆိုရင်ကော ရှင် ကြားဖူးမလား ....”

“ဗျာ ....”

စကားသံများ တိတ်ဆိတ်သွား၏။

အတော်ကလေးကြားမှ သက်ပြင်းချသံတစ်ချက်နှင့်အတူ

“တိမ်ကြားနန်းတော် သခင်မလေးဟာ သီလရှင်ဝတ်ပြီး ဇာတ်မြုပ်သွားတာကိုး ....”

“ဟုတ်ပါတယ်ရှင် .... ဆရာ သီလရှင်ဘဝကူးပြောင်းခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပါပြီ ....”

“သူ သိုင်းလောကက ခြေရာပျောက်သွားပြီး အခုမှ ဘာကြောင့် ပြန်ထွက်လာရတာလဲ ....”

“ဒါဟာ ဆရာ့ရဲ့လျှို့ဝှက်ချက်ပါရှင် .... မလွှဲမရှောင်သာတဲ့ ကိစ္စကြောင့်လို့ ရှင်သိထားရင် လုံလောက်ပါပြီ ....”

“အင်း ....တိမ်ကြားနန်းတော်သခင်မလေး သိုင်းလောကမှာ ပြန်ပြီး ခြေချလာတယ်ဆိုတော့ အင်မတန် အရေးကြီးတဲ့ကိစ္စကြောင့်



ပဲဖြစ်ရမယ် ....ကျုပ် စိတ်ဝင်စားပါတယ် ....ဒါပေမယ့် ဝင်မရှုပ်ဝံ့တာ အမှန်ပဲဗျ ....”

“ရှင် ခပ်ကင်းကင်းနေရင် အကောင်းဆုံးပေါ့ရှင် .... တချို့ကိစ္စတွေဟာ ကိုယ်တိုင်ပါဝင်ပတ်သက်ရတာထက် ဘေးကကြည့်နေတာ ပိုကောင်းတယ် မဟုတ်လား ....”

သူတို့ အချီအချပြောနေကြသော စကားများကြားလျှင်လုကျန်း မနေနိုင်တော့ပါချေ။

ဗီရိုကြီးနောက်မှခေါင်းပြူကာ ချောင်းကြည့်လိုက်လေသည်။

စာဖတ်ခန်းအတွင်း၌ လူနှစ်ယောက်ရှိနေသည်။

အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ရှိသူ တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ မျက်နှာချင်းဆိုင်ထိုင်နေကြသည်ကိုတွေ့ရ၏။

မိန်းကလေးမှာ ယင်းလိမ်ဖြစ်၍ လုကျန်း အံ့သြသွားသည်။

ဤအတိုင်းဆိုလျှင် ယင်းလိမ်နှင့်စကားပြောနေသူမှာ ကျို့ဟန်ဖြစ်ရမည်ဟု တွက်ဆမိသည်။

သူကြည့်နေစဉ် ကျို့ဟန်၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။

“ကျုပ်ကြားဖူးတဲ့ သတင်းတစ်ခုတော့ရှိတယ် ....တိမ်ကြားနန်းတော့ သခင်မလေးဟာ သံမဏိလက်ဝါးရှင် ထင်မင်းကို တမ်းတမ်းစွဲ မေတ္တာသက်ဝင်ခဲ့ဖူးတယ်ဆိုပဲ ....”

ယင်းလိမ် ခေါင်းညိတ်လိုက်သည်။

“ဒါဟာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်ကအဖြစ်အပျက်တွေပါရှင် ....အခုတော့ ကျွန်မဆရာလည်း အသက်ကြီးနေပါပြီ”

"အင်း ....ကျုပ်ပြောရင် ခင်ဗျား အံ့ဩမလား မသိဘူး .... တိမ်ကြားနန်းတော် သခင်မလေးနဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်တစ်ခု ကျုပ်ကြားခဲ့ဘူးသေးတယ် ...."

"ဆိုစမ်းပါဦး ...."

"တိမ်ကြားနန်းတော်သခင်မလေးဟာ သံမဏိထင်မင်းကို မရတဲ့အတွက် စွန်ရဲသခင်ဆိုတဲ့ လူတစ်ယောက်ရဲ့ အကူအညီနဲ့ တိုက်ခိုက်သုတ်သင်ဖို့ ကြိုးစားခဲ့တယ် .... အဲသည်အချိန်ကစပြီး သံမဏိထင်မင်းနဲ့ စုယဉ်တို့ဟာ သိုင်းလောကက ပျောက်ကွယ်သွားခဲ့တာပဲ ....သည်ကိစ္စ ကြားဖူးနားဝရှိတဲ့ လူတချို့ကတော့ စုယဉ်နဲ့ထင်မင်းဟာ စွန်ရဲသခင်နဲ့ တိမ်ကြားနန်းတော်သခင်မလေးတို့ရဲ့ လက်ချက်မိသွားတယ်လို့ ယူဆထားကြတယ် ...."

ယင်းလိမ် ပခုံးတွန့်လိုက်သည်။

"သည်ကိစ္စကို ကျွန်မ မသိတာတော့အမှန်ပဲ ....အခု ရှင်ပြောမှပဲ ကြားဖူးတော့တယ် ...."

"သည်အကြောင်း လူတိုင်း မသိကြပါဘူးဗျာ ...."

"အင်း .... ရှင် သိတယ်ဆိုရင် ရှင့်ပါးစပ်ကို ပိတ်ထားတာ အကောင်းဆုံးပဲ ...."

ကျို့ဟန် ရယ်မောလိုက်သည်။

"ဘာလဲ ...မိန်းကလေးက ကျုပ်ကို ခြိမ်းခြောက်တဲ့သဘောလား ...."

"မဟုတ်ပါဘူးရှင် .... ကျွန်မဆရာဟာ လူတစ်ယောက်နဲ့ တွေ့ဖို့ တိမ်ကြားဘုံကျောင်းကို ရောက်လာတာပါ ....သူတွေ့မယ့်လူဟာ ရှင်ပြောတဲ့ စွန်ရဲသခင် ဖြစ်ချင်ဖြစ်နေလိမ့်မယ် ...."



ကျို့ဟန် မျက်နှာပျက်သွားသည်။

ယင်းလိမ်က ....

"တိမ်ကြားဘုံကျောင်းမှာ ဘယ်လိုကိစ္စမျိုးတွေဖြစ်ဖြစ် .... ရှင်မသိချင်ဟန်ဆောင်နေတာ အကောင်းဆုံးပါပဲလို့ ကျွန်မ အကြံပေးချင်တယ် ...."

ကျို့ဟန် သက်ပြင်းချလိုက်သည်။

"အင်း .... မင်းပြောသလိုဆိုရင် မင်းစကားနားထောင်တာ အကောင်းဆုံးပဲလို့ ကျုပ်နားလည်ပါပြီ ...."

ယင်းလိမ် ထိုင်ရာမှထလိုက်သည်။

သူမ ပြန်သွားတော့မည်ဖြစ်၍ လုကျွန်း ဗီရိုနောက်မှ လှမ်းထွက်ရန် ခြေလှမ်းပြင်မိသည်။

ဤတွင် ....

"ဝုန်း .... ဂွမ်း ...."

ဗီရိုပေါ်၌တင်ထားသော ပစ္စည်းအချို့ အောက်ပြုတ်ကျသွား၏။

ကျို့ဟန် ချက်ချင်းမတ်တတ်ရပ်ကာ အော်ငေါက်လိုက်၏။

"ဘယ်သူလဲ .... ထွက်ခဲ့စမ်း ...."

ယင်းလိမ်လည်း စိတ်ဝင်စားကာ လှမ်းကြည့်လိုက်လေသည်။

လုကျွန်း မနေသာတော့ဘဲ အပြင်သို့လှမ်းထွက်လိုက်လေသည်။

လုကျွန်းအား တွေ့လျှင် ယင်းလိမ် အံ့ဩသွားသည်။

"ဟင် .... ရှင်ကိုး ...."

လုကျွန်း ပခုံးတွန့်လိုက်သည်။

ကျို့ဟန်က မေးလိုက်သည်။

"မင်းဘယ်သူလဲ ....သည်မှာ ဘာလုပ်တာလဲ ...."

လုကျန်းက စားပွဲပေါ်တင်ထားသောဓားကို ညွှန်ပြရင်း ....

"သည်ဓားလာယူတာပါ ...."

ကျို့ဟန် မျက်မှောင်ကြုတ်သွား၏။

"သည်ဓားနဲ့ မင်းဘာဆိုင်လို့လဲ ....မင်းပစ္စည်းမှ မဟုတ်တာဘဲ ...."

"ကျုပ်ပစ္စည်း မဟုတ်ပေမယ့် .... ကျုပ်မိတ်ဆွေပစ္စည်းဖြစ်နေလို့ပါ ...."

"မင်ဖုံးက မိတ်ဆွေလား ...."

"ဟုတ်ပါတယ် ...."

ကျို့ဟန် နှာခေါင်းရှုံ့လိုက်သည်။

"သူက ကျုပ်ဆီလာပြီး သိုင်းပညာပြိုင်ခဲ့တယ် ....ဒါပေမယ့် သူ ရှုံးသွားလို့ သည်ဓားထားခဲ့တာ ....တစ်နေ့ သူ ပြန်လာယူမယ်လို့ ပြောတယ် ....သူကိုယ်တိုင် ကျုပ်နဲ့လာယှဉ်ပြိုင်ပြီး အနိုင်ရမှပြန်ယူမယ်လို့ ပြောတာ ....ကျုပ် မပေးနိုင်ဘူး ...."

ယင်းလိမ်က ကြားဝင်ပြောလိုက်လေသည်။

"ဟုတ်သားပဲ ....သူကိုယ်တိုင် လာယူခိုင်းပါ ...."

လုကျန်း သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် .... ကျုပ် မိတ်ဆွေဖြစ်နေလို့ ကျုပ်မျက်နှာထောက်ထားပြီး ဓားပြန်ပေးလိုက်ပါဗျာ ....ကျုပ်တောင်းပန်ပါတယ်"

ကျို့ဟန် နှာခေါင်းရှုံ့ကာ ....



"မင်းက ဘာကောင်လဲ ....ဘာဖြစ်လို့ ကျုပ်က မင်းမျက်နှာထောက်ထားရမှာလဲ ....မင်းကို ကျုပ်မှ မသိတာဘဲ ...."

"သူက ကျွန်မ မိတ်ဆွေရှင့် ...."

ယင်းလိမ်က မနေသာဘဲ ကြားဝင်ပြောလိုက်မိ၏။

"ဟင် ...."

မမျှော်လင့်သောစကားကြောင့် ကျို့ဟန် အံ့သြသွား၏။

ယင်းလိမ်ကိုတစ်လှည့်၊ လုကျန်းကိုတစ်လှည့် ကြည့်လိုက်သည်။

အတော်ကလေးကြာမှ ....

"ကောင်းပြီလေ ....ကျုပ် ပြန်ပေးလိုက်ပါ့မယ် ....ဒါပေမယ့် မင်းမိတ်ဆွေကို ပြောလိုက်ပါ ....နောက်နောင် ကျုပ်ကို လာပြီး ဒုက္ခမပေးပါနဲ့လို့ ...."

"စိတ်ချပါဗျာ ...."

ကျို့ဟန်က စားပွဲပေါ်မှဓားကို လှမ်းယူကာ ပစ်ပေးလိုက်သည်။

လုကျန်း ဖမ်းယူလိုက်သည်။

ယင်းလိမ်ရှိနေခြင်းကြောင့် ကျို့ဟန် အလျှော့ပေးလိုက်ခြင်းဖြစ်ကြောင်း နားလည်လိုက်မိသည်။

မင်ဖုံး၏သိုင်းပညာသည် အလွန်တော်ပေသည်။

မင်ဖုံးကိုပင် အနိုင်တိုက်ခိုက်နိုင်သည်ဆိုလျှင် ကျို့ဟန်သည် ခေသူမဟုတ်ကြောင်း ထင်ရှား၏။

ကျို့ဟန်က ယင်းလိမ်၏ဆရာကို လေးစားကြောက်ရွံ့နေ

သည်မှာ အံ့ဩစရာကောင်းလှပေသည်။

ယင်းလိမ်က လုကျွန်းကို လှမ်းပြောလိုက်၏။

"ကျွန်မတို့ သွားကြရအောင် ...."

လုကျွန်းက ကျို့ဟန်ကို ဦးညွတ်ရင်း ....

"ဓားပြန်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် ကျေးဇူးတင်စကားဆိုးသည်နှင့် ယင်းလိမ်နှင့်အတူ ထွက်လာခဲ့လေသည်။

သူတို့နှစ်ယောက် ခြံဝင်းအပြင်ဘက်သို့ ရောက်သည်အထိ ကျို့ဟန်က လိုက်ပို့ပေးသည်။

ခြံဝင်းအပြင်ဘက်ရောက်လျှင် ....

"တိမ်ကြားသီလရှင်ကို ကျုပ်က နှုတ်ဆက်တဲ့အကြောင်း ပြောပေးပါ .... အကူအညီလိုတယ်ဆိုရင်လည်း ကူညီဖို့ ဝန်မလေးပါဘူးလို့ ...."

ယင်းလိမ် ခေါင်းညိတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ရှင် .... ကျွန်မ ပြောပြလိုက်ပါ့မယ်"

ကျို့ဟန်က လုကျွန်းကို ကြည့်ရင်း ....

"မင်းကိုလည်း ကျုပ်မှာလိုက်ပါရစေ .... မင်းကော မင်းမိတ်ဆွေပါ .... ကျုပ် ခြံဝင်းထဲ ‌ေ၊ ၂က်တစ်ကြိမ် ထပ်ပြီးမဝင်ပါနဲ့ .... ကျုပ်ကို အနှောင့်အယှက်ပေးရင်တော့ ဘယ်သူ့မျက်နှာမှမထောက်ထားနိုင်တော့ဘူး ...."

"စိတ်ချပါဗျာ ...."

လုကျွန်းအောင့်သက်သက်ဖြင့် ပြောလိုက်ရသည်။



သူတို့နှစ်ယောက် ကျို့ဟန်အား နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။

ကျို့ဟန်က ခြံဝင်းအတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေတော့သည်။

## အခန်း(၁၆)

## သတင်းစကားခိုးနားထောင်သူ

ဆည်းဆာရောင်ခြည်ကွယ်ပျောက်သွားပြီဖြစ်သည်။ ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေး ထွက်ပေါ်လာ၏။ လမ်းဘေးတစ်ဘက်ရှိ အိမ်ကလေးများမှာ မီးထွန်းညှိထား ကြပြီဖြစ်သည်။

လမ်းကြားကလေးအတိုင်း လျှောက်လာရင်း ယင်းလိမ်က စကားစလိုက်လေသည်။

"ရှင်က မင်ဖုံးနဲ့တွေ့ခဲ့လို့လား ...."

မေးသာ မေးလိုက်ရသည်။ လုကျန်းသည် မဟုတ်တာကို မည်သည့်အခါမှ လုပ်မည့်သူ မဟုတ်မှန်း သူမသိသည်။

"ဟုတ်တယ် .... သူက ကျို့ဟန်ရဲ့ ခြံဝင်းထဲဝင်မလို့လုပ် တုန်း ကျုပ်နဲ့တွေ့ခဲ့တာ .... သူလည်း ကျုပ်နဲ့အတူ လိုက်ဝင်ခဲ့တယ် ဗျ ...."



"ဟင် .... သူလည်းပါတယ် ဟုတ်လား ...."

"ဟုတ်တယ် ...."

"အခု သူကိုလည်း မတွေ့ရပါလား ...."

"ဒါကြောင့် ကျုပ်လည်း အံ့ဩနေတယ် ....သူ ဘယ်ရောက် သွားသလဲ မပြောတတ်ဘူး ...."

ယင်းလိမ် မကျေမနပ်ဖြင့် ....

"သူက ရှင့်ကို အရေးတောင် မစိုက်ခဲ့တာ ရှင်မမှတ်မိဘူး လား .... ရှင်ကတော့ သူ့အတွက်ဆို ကူညီချင်တာပဲ သိတယ် .... အန္တရာယ်ရှိသလား မရှိဘူးလားဆိုတာတောင် မစဉ်းစားတော့ဘူး"

"ဒါကတော့ဗျာ .... သူဘယ်လိုပဲ သဘောထားထား .... မိတ်ဆွေဟာ မိတ်ဆွေပဲ မဟုတ်လား ....သူ့မှာ အခက်အခဲ ဒုက္ခရောက် နေတဲ့အချိန် ကျုပ် တတ်နိုင်သလောက် ကူညီရမှာပေါ့ ...."

"ရှင်က .... ကိုယ့်ကိုယ်ကို လူစွမ်းကောင်းကြီးလို့ သဘော ထားပြီး နေရာတကာ ဝင်စွက်ရင် ရှင် တစ်နေ့ ဒုက္ခရောက်လိမ့်မယ်"

လုကျန်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ယင်းလိမ်က ....

"ရှင် နေရာတကာ ဝင်စွက်တတ်ရင် သည်မြို့က မြန်မြန်ထွက် သွားတာ ကောင်းမယ် ...."

"ဘာဖြစ်လို့လဲ ...."

"ကျွန်မဆရာ ရောက်လာချိန်မှာ အခြေအနေတော်တော် ရှုပ်ထွေးလိမ့်မယ်လို့ ကျွန်မ တွက်ဆမိတယ် .... အဲသည်အချိန် ရှင် ရှိနေရင် အကြောင်းတစ်ခုမဟုတ်တစ်ခုနဲ့ ဝင်ပတ်သက်မိမှာ သေချာ တယ် ...."

လုကျွန်း ရယ်မောလိုက်သည်။

"ခင်ဗျားကလည်း ကြံဖန်ပြီး စိုးရိမ်နေတာကိုး ...."

"ကျွန်မ အမှန်အတိုင်း ပြောနေတာရှင့် ...."

"ကျုပ်မှာ ဝင်ရှုပ်စရာအကြောင်း မရှိပါဘူးဗျာ ...."

"ရှင်က မရှုပ်ပေမယ့် မင်ဖုံးက ဝင်ရှုပ်မယ်ဆိုရင်ကော"

"သူနဲ့ ဘာဆိုင်လို့လဲ ....သူ့မှာ ဝင်ရှုပ်စရာအကြောင်း မရှိဘူး ထင်ပါတယ်ဗျာ ...."

ယင်းလိမ်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်ဖုံးက သိုင်းပညာအားကိုးပြီး မောက်မာခက်ထန်တဲ့ လူဆိုတာ ရှင်အသိပဲ ....သူက စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စတွေ့ရင် ဝင်မရှုပ်ဘဲနေမှာ မဟုတ်ဘူး ...."

"သူက ကျိုဟန်ကို ရှုံးထားတာပဲ စိတ်ဓာတ်ကျနေရော ပေါ့....ဝင်ရှုပ်မယ် မထင်ပါဘူး ....ဒါထက် ခင်ဗျားဆရာ ရောက်လာ ရင် လူတိုင်းစိတ်ဝင်စားမယ့်ကိစ္စတွေ ဖြစ်ပေါ်လာမယ်လို့ ခင်ဗျား ယူဆထားသလား ...."

ယင်းလိမ် ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့ .... လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က ဖြစ်ပျက်ခဲ့တဲ့ကိစ္စတစ်ခုရဲ့အဖြေကို လူတိုင်းသိချင်ကြလိမ့်မယ် .... ကျွန်မဆရာ ရောက်လာပြီဆိုတာ သိတာနဲ့တစ်ပြိုင်နက် စိတ်ဝင်စား သူတွေ ရောက်လာကြမှာ သေချာတယ် ...."

"ဘယ်လိုကိစ္စမျိုးလဲဗျာ ....လူတိုင်းစိတ်ဝင်စားတဲ့ကိစ္စဆိုရင် ကျုပ်လည်း သိခွင့်မရဘူးလား ...."

"ဒီကိစ္စဟာ လူကြီးတွေနဲ့ပဲဆိုင်တယ် ....ကျွန်မတို့လို လူငယ်လူရွယ်တွေနဲ့ မဆိုင်ပါဘူးရှင် ...."



"အင်း ....ခင်ဗျားပြောမှပဲ ဘာမှန်းမသိရသေးတဲ့ကိစ္စတစ်ခု ကို ကျုပ်တောင် စိတ်ဝင်စားလာပြီ ...."

ယင်းလိမ်က လက်ကာပြလိုက်သည်။

"ရှင်စိတ်မဝင်စားဖို့ ဝင်မရှုပ်ဖို့ ကျွန်မ တောင်းပန်ပါရစေ.... ဒီကိစ္စဟာ ဝင်ပါလို့ကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး ...."

"သွားလိုက်ပါတော့ဗလ ....ကျုပ် မင်ဖုံးကိုလိုက်ရှာပြီး စား ပြန်ပေးလိုက်ဦးမယ် .... ဒီမြို့မှာရှိနေရင် ဝင်မရှုပ်ပါဘူးလို့ ကတိပေး ပါတယ် .... နောက်မှ အေးအေးဆေးဆေးတွေ့ကြသေးတာပေါ့ .... ကျုပ်ကိုခွင့်ပြုပါဦး ...."

သူက နှုတ်ဆက်လိုက်သည်။

ယင်းလိမ်က ခွင့်ပြုလိုက်သည်။

"ကောင်းပါပြီရှင် ...."

လုကျွန်းသည် ယင်းလိမ်နှင့် လမ်းခွဲကာ မင်ဖုံးအား လိုက် ရှာသည်။

မိုးအတော်ချုပ်သည်အထိ ရှာမတွေ့သဖြင့် စိတ်ပျက်ကာ တည်းခိုခန်းသို့ ပြန်လာခဲ့သည်။

တည်းခိုခန်းရှေ့သို့ရောက်လျှင် စိုးရိမ်ပူပန်မှုဖြင့် ထွက်၍မျှော် နေသော ဇေဒါကြီးအား တွေ့လိုက်ရ၏။

ဇေဒါကြီးမှာ လုကျွန်းပြန်လာသည်ကို တွေ့လျှင် ဝမ်းသာ သွားသည်။ သူသည် ထိုလူငယ်အား သံယောဇဉ်ဖြစ်နေလေပြီ။

ဇေဒါကြီးက ဆီးကြိုအပြစ်တင်လိုက်သည်။

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ ...."

လုကျန်းပြုံးကာ ....

"ကျွန်တော် မိတ်ဆွေအတွက် ဓားသွားတောင်းပေးတာပါ"

"ဘာ .... ဓားသွားတောင်းတာ ဟုတ်လား ...."

"ဟုတ်ပါတယ် ...."

လုကျန်းက မင်ဖုံးနှင့်တွေ့ပြီး ကျို့ဟန်၏ခြံဝင်းသို့ဝင်ရောက်ခဲ့ပုံကို အကျဉ်းချုံးပြောပြလိုက်လေသည်။

သူစကားအဆုံးတွင် ဗေဒါကြီး သက်ပြင်းချကာ ....

"ကံကောင်းလို့ပေါ့ .... ကျို့ဟန်က ယင်းလိမ်ကြောင့် မင်းကိုလွှတ်ပေးလိုက်တာပဲ .... ယင်းလိမ်သာမရှိရင် မင်းပြန်ထွက်လာဖို့ မလွယ်ဘူး ...."

"အင်း .... သူဟာ ယင်းလိမ်ကို လေးလေးစားစားဆက်ဆံနေတာ ထူးခြားတယ် ...."

"ဘာမှ မထူးခြားဘူး .... သူက ယင်းလိမ်ကို ကြောက်တာမဟုတ်ဘူး .... ယင်းလိမ်ရဲ့ဆရာ တိမ်ကြားသီလရှင်ကို ကြောက်နေတာ .... မင်းဟာလေ .... ဘာကိုမှ သဘောမပေါက်ဘူး .... အဲဒါ ခက်နေတာပဲ .... သဘောမပေါက်ရင် ဒုက္ခရောက်မယ်ကွ ...."

လုကျန်းသည် ဗေဒါကြီးယင်းလိမ်နှင့် ကျို့ဟန်တို့ပြောနေကြသည့်စကားများကို သူ ကြားခဲ့သည့်အတိုင်း ပြန်ပြောပြပြီးဖြစ်သည်။

ဗေဒါကြီးက ....

"တိမ်ကြားသီလရှင်ဟာ တိမ်ကြားနန်းတော်သခင်မကလေးဆိုရင်တော့ ဒီကိစ္စဟာ ကျုပ်ထင်ထားတာထက် ပိုပြီးစိတ်ဝင်စားစရာကောင်းနေမှာ အမှန်ပဲ ...."

"ဆရာ သွားကြည့်မလို့လား ...."



"သွားတော့ကြည့်ချင်တယ် ....ဒါပေမယ့် စွန်ရဲသခင်ကိုတော့ ရင်မဆိုင်ချင်ဘူး ...."

လုကျန်း မျက်မှောင်ကြုတ်ကာ ....

"စွန်ရဲသခင်ဆိုတာ ဘယ်သူလဲဟင် ...."

"လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်က သိုင်းလောကမှာ ကြောက်စရာအကောင်းဆုံးလူဆိုးကြီးပေါ့ ...."

"ဦး .... သူ့ကိုသိတယ် ဟုတ်လား ...."

"သိတော့ မသိဘူး ....နာမည်ကြားဖူးရုံပဲရှိတယ် ....ဒါပေမယ့် ကြောက်စရာကောင်းတာတော့ အမှန်ပဲ ...."

"ကျွန်တော် သူ့ကိုတွေ့ချင်တယ် ...."

"ပြော .... ဘာလုပ်ဖို့လဲ ...."

"မြင်ဖူးအောင်ပေါ့ ...."

ဗေဒါကြီး လက်ကာပြလိုက်လေသည်။

"မလုပ်ပါနဲ့ကွာ ....စွန်ရဲသခင်ဆိုတဲ့ နာမည်ကြားရရုံနဲ့ ဝေးဝေးက ရှောင်သွားတာ ကောင်းတယ် .... ဒီလူဟာ ကြည့်ဖို့ကောင်းတဲ့လူ မဟုတ်ဘူး ...."

"ဆရာ ကျွန်တော်တို့ ဒီမြို့က ထွက်သွားမှာလားဟင်"

"သွားတာပေါ့ ...."

"ဆရာတိမ်ကြားသီလရှင်ကို မတွေ့တော့ဘူးလား ...."

"တွေ့တော့ တွေ့ချင်တယ် ....ဒါပေမယ့် မင်းအတွက် စိတ်မချလို့ တွေ့ဖို့စိတ်မကူးတော့ဘူး ...."

"ဆရာ ဒီမှာ တစ်ရက်နှစ်ရက်လောက် ဆက်နေပါဦးလား ဟင် ...."

ဗေဒါကြီး ရယ်မောလိုက်သည်။

"မင်း စိတ်ဝင်စားနေပြီ မဟုတ်လား ...."

"ဟုတ်ပါတယ် ခင်ဗျား ...."

"ကောင်းပြီ .... မင်း ငါ့စကား နားထောင်မယ်ဆိုရင်တော့ ဆက်နေမယ် .... နားမထောင်ဘူးဆိုရင် ဒီကနေ့ညပဲ သွားကြမယ်"

လုကျွန်း ကပျာကယာ လက်ကာပြလိုက်သည်။

"ကျွန်တော် နားထောင်မယ်လို့ ကတိပေးပါတယ် ...."

"ကောင်းပြီ .... မင်း ကတိတည်ပါစေနော် ...."

"စိတ်ချပါ ဆရာ ...."

"ကဲ .... ဒါဖြင့် စားစရာရှိတာ သွားစားပေတော့ .... ဒီကနေ့ည ကျုပ်တို့သွားစရာရှိတယ် ...."

လုကျွန်းက လက်ထဲမှဓားကို ငေးကြည့်ကာ ....

"ဒီဓားကို ဘယ်လိုလုပ်ရမလဲ ...."

"လွှင့်ပစ်လိုက်ပေါ့ ...."

"ဗျာ ...."

"သူက ဓားပြန်တောင်းမယ်ဆိုပြီး မင်းတစ်ယောက်တည်း လွှတ်လိုက်တာ .... မင်းက ဓားပြန်ယူလာတော့ ဘာလုပ်ရမလဲ .... မင်း ခြံဝင်းထဲဝင်သွားတာလည်း ကျုပ်တွေ့တယ် .... သူ ခြံထဲက ပြန်ထွက်သွားတာလည်း ကျုပ်တွေ့တယ် ...."

"ဗျာ ...."

ဗေဒါကြီးက ရယ်မောလိုက်သည်။

"မင်း အံ့သြသွားသလား .... သူက မင်းကိုထားပြီး ထွက်သွားတာ .... ဓားပြန်တောင်းရင် မင်းဒုက္ခရောက်မယ်လို့ မျှော်လင့်



ထားပုံရတယ် .... သူက မင်းကို ဒုက္ခရောက်စေချင်တာ မင်းမှ မသိတာဘဲ .... ကျုပ်ပြောသလို လွှင့်ပစ်လိုက်စမ်းပါ ...."

ပြောပြောဆိုဆို လုကျွန်းလက်မှ ဓားကိုဆတ်ခနဲယူကာ လွှင့်ပစ်ရန်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ....

"ခင်ဗျား ပြန်ရောက်ပြီကိုး ...."

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ သူတို့နှစ်ယောက်လှမ်းကြည့်လိုက်ကြလျှင် လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့ရ၏။

ထိုလူမှာ မင်ဖုံးပင်ဖြစ်သည်။

မင်ဖုံးကို တွေ့ရလျှင် ဗေဒါကြီး အံ့သြသွားလေသည်။

လုကျွန်းက မေးလိုက်၏။

"ကျုပ် ဒီမှာရှိတာ ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲဗျ"

မင်ဖုံးက ရယ်မောရင်း ....

"ကျုပ်က ခြံဝင်းထဲ ခင်ဗျားဝင်သွားပြီတဲ့နောက် အခြေအနေစောင့်ကြည့်နေခဲ့တာပါဗျာ .... ခင်ဗျားကို အကူအညီတောင်းမိတာ မှားပြီး ဒုက္ခပေးသလိုဖြစ်သွားပြီလို့ ထင်ပြီး ခင်ဗျားကို ကယ်တင်ဖို့ အကူအညီရလိုရငြား အပြင်ဘက်ထွက်လာမိတယ် .... ကူညီမယ့်လူ လိုက်ရှာရင်း ခင်ဗျားပြန်ထွက်လာတာတွေ့လို့ နောက်က လိုက်ခဲ့တာပါ ...."

သူပြောသည့်စကားများမှာ ယုံကြည်စရာလုံးဝမရှိချေ။

သို့သော် ....

လုကျွန်းက ....

"ကံကောင်းလို့ ခင်ဗျားရဲ့ဓား ပြန်ရလာခဲ့တယ်ဗျ ...."

ပြောရင်း ဗေဒါကြီးထံမှ ယူကာ လှမ်းပေးလိုက်လေသည်။

မင်ဖုံးက ခေါင်းယမ်းကာ ....

"တကယ်တော့ ကျုပ် ကျို့ဟန်ကို သိုင်းပညာယှဉ်ပြိုင်ပြီး နိုင်မှပြန်ယူမယ်လို့ ပြောခဲ့ပါတယ် ခင်ဗျာ .... ကျုပ်ကို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ ....ကျုပ် ကျို့ဟန်ကိုနိုင်မှ ပြန်လာယူပါမယ်၊ ကျုပ်ကို ခွင့်ပြုပါဦး ...."

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားတော့၏။

လုကျန်း ဟန့်တားလိုက်သည်။

"ခင်ဗျား .... ဘယ်သွားမလို့လဲ ...."

"ကျုပ်ဆရာဆီကို ပြန်သွားမယ်လေ ...."

စကားဆုံးသောအခါ သူလည်း အဝေးသို့ ရောက်သွားပြီဖြစ် လေသည်။

လုကျန်း ငိုင်ကျသွားသည်။

ဗေဒါကြီးက လက်ခါပြသည်။

"သူ သွားပါစေ .... သူ့ဆရာ ဘယ်သူဘယ်ဝါဖြစ်ဖြစ် .... ကျို့ဟန်ကို အနိုင်ရဖို့တော့ မလွယ်ပါဘူး ...."

သူက လှောင်ပြုံးပြုံးကာ ပြောသည်။

လုကျန်းက တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ....

စကားတစ်လုံးမျှမပြောတော့ဘဲ တည်းခိုခန်းအတွင်းသို့ ဝင် သွားလေတော့သည်။



တိမ်ကြားဘုံကျောင်း ....။

တိမ်ကြားဘုံကျောင်းသည် လရောင်အောက်တွင် တိတ် ဆိတ်ငြိမ်သက်စွာရှိနေသည်။

တိမ်ကြားဘုံကျောင်း အဝင်တံခါးကြီးပိတ်ထားပြီးဖြစ်၍ အမှိုက်သရိုက်များ လုံးဝမရှိတော့ချေ။

ဘုံကျောင်းပတ်ဝန်းကျင်မှာ သာသာယာယာရှိနေသည်။

ညဥ့်တစ်ချက်တီးအချိန်ခန့်တွင် တိမ်ကြားဘုံကျောင်းအနီး တွင် လူရိပ်နှစ်ခုရောက်ရှိလာ၏။

ထိုလူနှစ်ယောက်သည်ကား ဗေဒါကြီးနှင့် လုကျန်းတို့ဖြစ် ကြသည်။

ဗေဒါကြီးက အသံတိုးတိုးဖြင့် ပြောကြား၏။

"မင်းအပြင်ဘက်မှာစောင့်နေ .... ကျုပ် အထဲဝင်ပြီး အခြေ အနေအကဲခတ်ကြည့်လိုက်မယ် ...."

လုကျန်းမှာ ဘုံကျောင်းထဲသို့ လိုက်လိုသော်လည်း ဗေဒါကြီး ၏စကားကို နားထောင်မည်ဟု ကတိပေးထားသဖြင့် မတတ်သာဘဲ ခေါင်းညိတ်ရလေသည်။

"ကောင်းပါပြီ ခင်ဗျာ ...."

"မင်း ဘယ်မှလျှောက်မသွားနဲ့နော် ...."

"စိတ်ချပါ ခင်ဗျာ ...."

"ကောင်းပြီ .... ငါ သွားမယ် ...."

ဗေဒါကြီးသည် ပေါ့ပါးသွက်လက်စွာဖြင့် ကျောင်းထဲသို့ ခုန် ဝင်သွားလေသည်။

ဗေဒါကြီး ထွက်သွားသောအခါ လုကျန်းတစ်ယောက်တည်း

ကျန်ခဲ့လေသည်။

လုကျန်း ဗေဒါကြီး ပြန်ထွက်လာမည့်အချိန်ကို စောင့်ရင်း ပျင်းရိလာသည်။

ဘုံကျောင်းနံဘေးရှိ သစ်ပင်တစ်ပင်ခြေရင်းတွင် ကျောမှီထိုင်ကာစောင့်နေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ညဥ့်နက်လာပြီဖြစ်ရာ အိပ်ချင်စိတ်များ ပေါ်ပေါက်လာ၏။

ဗေဒါကြီး ပြန်ထွက်လာမည့်အချိန်ကိုစောင့်ရင်း မှေးခနဲအိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။

"ဘယ်သူလဲ .... ထစမ်း ...."

ရုတ်တရက် ....

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာမှ လန့်နိုးလာလေတော့သည်။

၅၀၅

ဘုံကျောင်းကလေးမှာ လရောင်အောက်တွင် ငြိမ်သက်စွာရှိနေ၏။

အပြင်ဘက်မှကြည့်လျှင် မီးရောင်များတွေ့မြင်ရမည် မဟုတ်ချေ။

သို့သော် ....



ဘုံကျောင်းထဲသို့ ရောက်သည်နှင့် အတွင်းဘက်၌ မီးရောင်များရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မီးရောင်သာမက စကားသံများပါ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည်။

ဗေဒါကြီးသည် ဘုံကျောင်းအတွင်းသို့ ရောက်သည်နှင့်သတိကြီးစွာထားကာ အကဲခတ်လိုက်၏။

ဘုံကျောင်းအတွင်းမှ စကားပြောသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသဖြင့် စိတ်ဝင်စားသွားသည်။

စကားပြောသံ ထွက်ပေါ်လာရာဆီသို့ ချဉ်းကပ်သွား၏။

ထိုအခါ ....

ဘုံကျောင်းအတွင်းဘက်၌ သန့်ရှင်းထားသော အခန်းတစ်ခုအတွင်းမှ စကားပြောသံများ ထွက်ပေါ်နေကြောင်း သိလိုက်ရ၏။

ဗေဒါကြီး အခန်းအနီးသို့ ခြေဖော့နင်းကာ လျှောက်သွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။

အတွင်းဘက်တွင် မီးအိမ်တစ်လုံး ထွန်းညှိထားသည်။

မီးရောင်ကြောင့် လူသုံးယောက် ထိုင်ကာစကားပြောနေကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ ယင်းလိမ်၊ ချူးဇွေ့နှင့် အဘွားအိုတစ်ယောက်တို့ ဖြစ်ကြသည်။

အဘွားအိုမှာ သီလရှင်အဝတ်အစားများနှင့် ဖြစ်သည်။

"တိမ်ကြားသီလရှင် ရောက်နေပြီကိုး ...."

ဗေဒါကြီးက ရင်ထဲမှ ကြိတ်ပြောလိုက်သည်။

မှန်ပေသည်။

ယင်းလိမ်၏ဆရာ တိမ်ကြားသီလရှင် ရောက်ရှိနေပြီဖြစ်ပါသည်။

တိမ်ကြားသီလရှင်ကို ကြည့်ရင်း မိန်းကလေးတစ်ယောက်အား သတိရလာသည်။

ထိုမိန်းကလေးသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က သိုင်းလောကတွင် အလှဆုံးမိန်းကလေးတစ်ယောက်အဖြစ် ကျော်ကြားခဲ့ဖူးသူ ဖြစ်လေသည်။

သို့သော် ....

မိန်းမချောစုယဉ် ထွက်ပေါ်လာသောအခါ ထိုမိန်းကလေးမှာ ဒုတိယနေရာသို့ လျှောကျသွားခဲ့၏။

ထိုမိန်းကလေး၏ အမည်မှာ မေဝါးဖြစ်လေသည်။

မေဝါးကား သိုင်းလောကရှိ လူရွယ်၊ လူငယ်များသာမက ထိပ်သီးသိုင်းသမားများပါ လိုချင်တပ်မက်ခဲ့ကြ၏။

သို့သော် ....

မေဝါး၏ဖခင်သည် ကျန်းရှုံ့ဆိုသူနှင့် လက်ထပ်ပေးရန် သဘောတူထား၍ မည်သူမျှ မနှောင့်ယှက်ဝံ့ကြတော့ချေ။ မေဝါးသည် ကျန်းရှုံ့ကို မနှစ်သက်ဘဲ သိုင်းလောကအတွင်း ကျော်ကြားသော သံမဏိထင်မင်းအား မေတ္တာသက်ဝင်မိသည်။

သို့ဖြစ်ရာ ....

ဖခင်ဖြစ်သူထံမှ ထွက်ပြေးလာခဲ့၏။

ထင်မင်းကမူ သူမအပေါ် မိတ်ဆွေတစ်ယောက်လိုသာ



သဘောထားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ....

ထင်မင်းနှင့် စုယဉ်တို့ တစ်ယောက်ကိုတစ်ယောက် မေတ္တာသက်ဝင်မိကြသည် မဟုတ်လား။

မေဝါး အိမ်မှထွက်ပြေးလာသည့်သတင်းကြားလျှင် ထင်မင်းက စုယဉ်နှင့် ကောက်ကာငင်ကာ လက်ထပ်လိုက်ကြသည်။

သို့ဖြစ်ရာ ....

မေဝါးမှာ မည်သို့မျှ မတတ်သာတော့ဘဲ အိမ်ပြန်သွားခဲ့ရ၏။

အိမ်သို့ရောက်လျှင် ဖခင်သဘောတူသည့်အတိုင်း ကျန်းရှုံ့နှင့် လက်ထပ်ရန် သဘောတူ လက်ခံလိုက်ရလေသည်။

မေဝါးဆိုသူမှာ တိမ်ကြားနန်းတော်သခင်မလေး ဖြစ်သည်။ ကျန်းရှုံ့ကား စွန်ရဲသခင်ဆိုသူ ဖြစ်ပေသည်။

ဖေဒါကြီးသည် သီလရှင်၏မျက်နှာကို ငေးကြည့်နေလေသည်။

သူ၏ရင်ထဲမှလည်း ....

"ဟုတ်ပါပြီ ....သူဟာ မေဝါးမှ မေဝါးအစစ်ပါပဲ ...."

ဟု တတွတ်တွတ်ပြောနေ၏။

သီလရှင်သည် သူ၏ရှေ့တွင်ထိုင်နေသော ယင်းလိမ်နှင့် ချူးဇွေ့တို့ကိုကြည့်ကာ ပြော၏။

တိတ်ဆိတ်သော ညအချိန်ဖြစ်ရာ စကားသံကို ပီပီပြင်ပြင် ကြားလိုက်ရသည်။

"ယင်းလိမ် .... ကျုပ်ပေးခိုင်းလိုက်တဲ့စာ ပို့ပေးပြီးပြီလား"

ယင်းလိမ် ခေါင်းညိတ်လိုက်သည်။

"ပို့ပြီးပါပြီ ဆရာ ...."

"ဘာသတင်းထူးသေးသလဲ ...."

"စွန်ရဲသခင် သည်ကိုလာမယ်ဆိုတာ သေချာပါတယ်"

"သူ ဘယ်နေ့လောက်ရောက်မယ် ထင်သလဲ ...."

"တစ်ရက် နှစ်ရက်လောက်နေရင် ရောက်လာမှာ သေချာပါတယ် ...."

သီလရှင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ .... မနက်ဖြန် မိုးလင်းတာနဲ့ မင်းတို့ သည်ကထွက်သွားကြပေတော့ ...."

"ရှင် ...."

"မင်းတို့နှစ်ယောက်စလုံး သည်ကထွက်သွားကြရလိမ့်မယ်"

ယင်းလိမ်နှင့် ချူးဇွေ့တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။

ယင်းလိမ်က သီလရှင်ကိုကြည့်ကာ ....

"ဆရာ ကျွန်မတို့ ဘာကြောင့် ထွက်သွားရမှာလဲဟင်"

ဟု မေးလိုက်သည်။

သီလရှင် လက်ကာပြလိုက်ပြီး ....

"စွန်ရဲသခင်ရောက်လာရင် ဆရာနဲ့ နှစ်ယောက်တည်း ဆွေးနွေးစရာရှိတယ် ....ဒါကြောင့် မင်းတို့ကို သည်မှာမရှိစေချင်ဘူး"

ယင်းလိမ် ခေါင်းငုံ့ရင်း ....

"ဆရာရဲ့ကျန်းမာရေး သိပ်ကောင်းတာ မဟုတ်ဘူး ....ကျွန်မတို့ ဆရာ့ကိုထားပြီး သွားဖို့ ...."



သူမ၏စကားမဆုံးမီ သီလရှင်က ကြားဖြတ်ပြောလိုက်၏။

"ဆရာ့အတွက် စိတ်မပူပါနဲ့ .... ဆရာ့အတွက် ဘာမှစိုးရိမ်စရာမရှိပါဘူး .... စွန်ရဲသခင်နဲ့ လွတ်လွတ်လပ်လပ် ဆွေးနွေးစရာရှိလို့ မင်းတို့ကို ရှောင်ခိုင်းတာပါ ...."

"ကျွန်မတို့ရှိနေလို့ကော မဖြစ်ဘူးလား ဆရာ ...."

သီလရှင် ခေါင်းယမ်းလိုက်သည်။

"မဖြစ်ဘူး ...."

ယင်းလိမ် လက်မှိုင်ချလိုက်ရသည်။

သူမ၏ဆရာသည် ဆုံးဖြတ်ချက်ကိုပြင်မည့်ဟန် မရှိပေ။

သီလရှင်က ....

"ငါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က လူမဆန်တဲ့ ကိစ္စတစ်ခုကို လုပ်ခဲ့မိတယ် .... အဲသည်ကိစ္စအတွက် သည်နေ့ ပြန်လည်ပေးဆပ်ရမယ့်အချိန်ကျပြီ ....သူနဲ့အကျေအလည် ဆွေးနွေးရမှာပဲ .... သူက လက်ခံမယ်တော့ မထင်ဘူး ...."

"သူက ဆရာ့ကို ရန်ပြုရင်ကော ...."

"သူဟာ ဆရာ့ကိုရန်ပြုမယ် မထင်ပါဘူးကွယ် ...."

သီလရှင်က ပြုံးပြီးပြောလိုက်သည်။

ချူးဇွေ့က ....

"ဆရာ .... ကျွန်မတို့ မလှမ်းမကမ်းကနေ အကဲခတ်နေရင်ကော မရဘူးလားဟင် ...."

"မဖြစ်ဘူး ....ဆရာကိုယ်တိုင်က သည်ကိစ္စ လူသိမခံချင်လို့ပဲ ...."

ချူးဇွေ့ သက်ပြင်းချလိုက်သည်။

သီလရှင်က သူတို့နှစ်ယောက်အား တစ်လှည့်စီကြည့်ပြီး

"မင်းတို့ ဆရာ့ကို ကတိမပေးနိုင်ကြဘူးလား ...."

ချူးဇွေ့ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ ကတိပြုပါတယ် ...."

ယင်းလိမ်လည်း မတတ်သာတော့ဘဲ ....

"ကျွန်မလည်း ကတိပြုပါတယ် ...."

"ကောင်းပြီ .... မင်းတို့နှစ်ယောက် မနက်မိုးလင်းတာနဲ့ သည်ကထွက်သွားကြပေတော့ ...."

ယင်းလိမ်က ....

"ဆရာ .... ကျွန်မတို့ ဘယ်တော့ပြန်လာရမှာလဲဟင် ...."

သီလရှင်က ....

"သုံးရက်ပြည့်တဲ့နေ့ကျရင် ပြန်လာခဲ့ကြပါ ...."

"ဆရာက သည်မှာစောင့်နေမှာလား ...."

သီလရှင် ပြုံးလိုက်သည်။

အဓိပ္ပာယ်ကောက်ရခက်သော အပြုံးမျိုးဖြစ်ပေသည်။

ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း ....

"စောင့်နေမှာပေါ့ ...."

စကားဆုံးလျှင် မျက်နှာတည်သွား၏။

တံခါးဝဘက် လှမ်းကြည့်ရင်း အော်ငေါက်လိုက်သည်။

"အပြင်ကဘယ်သူလဲ ဝင်လာခဲ့စမ်း ...."

သူမ၏စကားသံကြောင့် အပြင်ဘက်မှ ချောင်းနားထောင်နေသော ဖေဒါကြီး မျက်လုံးပြူးသွား၏။

သူထွက်သွားရန် အချိန်မရတော့ကြောင်း သဘောပေါက်သွားလေသည်။



ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ဝုန်း ...."

အခန်းတံခါးပွင့်သွားပြီး အတွင်းဘက်မှ ချူးဇွေ့နှင့် ယင်းလိမ်တို့ ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

## အခန်း(၁၇)

## အတိတ်ဇာတ်ကြောင်း

ယင်းလိမ်နှင့် ချူးဇွေ့တို့သည် အပြင်ဘက်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဗေဒါကြီးအား တိုက်ခိုက်လိုက်ကြသည်။

"ဟာ ...."

သူတို့ဝဲယာတစ်ဘက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ခြင်းဖြစ်ရာ ဗေဒါကြီး ထွက်မပြေးသာတော့ချေ။ ပထမကတော့ သူထွက်ပြေးရန် စိတ်ကူးလိုက်ခြင်းဖြစ်သည်။

မတတ်သာသည့်အဆုံး ပြန်လည်တိုက်ခိုက်လိုက်ရ၏။

"ဝုန်း ...."

အသံတစ်ချက်ထွက်ပေါ်လာပြီး ယင်းလိမ် နောက်ဆုတ်သွားရသည်။

ချူးဇွေ့လည်း နောက်ဆုတ်သွားရ၏။

ယင်းလိမ်သည် ချောင်းမြောင်းနားထောင်နေသူ မည်သူမည်ဝါဖြစ်ကြောင်း ကြည့်လိုက်ရာ ဗေဒါကြီးကို တွေ့လိုက်ရလျှင် အံ့ဩ



သွားလေ၏။ တိုက်ခိုက်မှုကိုလည်း ရပ်လိုက်သည်။

"ရှင်ကိုး ...."

ဗေဒါကြီး ပြုံးလိုက်သည်။

"ဟုတ်ပါတယ် .... ကျုပ်ပါဗျာ ...."

"ရှင် သည်ကို ဘာလာလုပ်တာလဲ ...."

"မနက်ဖြန်ဆို ကျုပ်တို့ သည်မြို့ထွက်သွားတော့မှာ .... ဒါကြောင့် မသွားခင် ဘာများထူးခြားသေးလဲလို့ လာကြည့်တာပါ"

"ဩော် .... ဩော် ...."

ထိုစဉ် ....

အတွင်းဘက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ယင်းလိမ် .... သူ့ကို အထဲခေါ်ခဲ့စမ်း ...."

ယင်းလိမ်က ....

"ကဲ .... ရှင် ကြားတယ်မဟုတ်လား ...."

ဗေဒါကြီး ခေါင်းညိတ်လိုက်သည်။

"ကျုပ် ကြားပါတယ်ဗျာ ...."

စကားဆုံးလျှင် အတွင်းဘက်သို့ လှမ်းဝင်လိုက်လေတော့သည်။

ဗေဒါကြီးဝင်လာသည်ကို တွေ့လျှင် သီလရှင် မျက်မှောင်ကြုတ်လိုက်သည်။

ဗေဒါကြီးက သီလရှင်ရှေ့တွင် ဝင်ထိုင်ချလိုက်သည်။

သီလရှင်က သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ ....

"ရှင်ဘယ်သူလဲ ပြောစမ်း ...."

သူက လေသံမာမာဖြင့် မေးလိုက်သည်။

ဗေဒါကြီး ပခုံးတွန့်လိုက်၏။

"ကျုပ်ကို သိုင်းလောကသားတွေက ဗေဒါကြီးလို့ ခေါ်ကြတယ်ဗျ .... ခင်ဗျားလည်း ကြိုက်သလို ခေါ်နိုင်တယ် ...."

သီလရှင် မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်ဟာနာမည်အမျိုးမျိုးနဲ့ သိုင်းလောကမှာ ကျင်လည်ကျက်စားနေမယ်ဆို ကျွန်မ သိပါတယ် .... ဘာပဲဖြစ်ဖြစ် ရှင့်နာမည်အရင်းဖြစ်တဲ့ သန်းဖုံးဆိုတာကိုတော့ ပျောက်လို့ရမှာ မဟုတ်ပါဘူး"

ဗေဒါကြီး ခေါင်းခါယမ်းလိုက်၏။

"ကျုပ်နာမည် သန်းဖုံး မဟုတ် ...."

သူ၏စကားမဆုံးမီ သီလရှင် ကြားဖြတ်ပြောလိုက်လေသည်။

"ရှင် ဘာပဲပြောပြော ရှင့်နာမည် သန်းဖုံးဆိုတာကိုတော့ ပြောင်းပစ်လို့ မရပါဘူး .... တခြားလူတွေက တခြားနာမည်နဲ့ ရှင့်ကို သိကြမှာဖြစ်ပေမယ့် .... ကျွန်မကတော့ ရှင့်ကို သန်းဖုံးအဖြစ်နဲ့ပဲ သိတယ် ...."

ဗေဒါကြီး ပြုံးလိုက်သည်။

"ခင်ဗျားကကော မေဝါး မဟုတ်လား ...."

"မှန်ပါတယ်ရှင် ...."

သီလရှင် မငြင်းဘဲ ဝန်ခံလိုက်ခြင်းကြောင့် ဗေဒါကြီး အံ့ဩသွားရလေတော့သည်။

သီလရှင်က ဆက်ပြောလိုက်သည်။

"သန်းဖုံး .... ရှင် သည်ကို ဘာလာလုပ်တာလဲ ...."



လူထူးဆန်းကြီး ရယ်မောလိုက်သည်။

"ကျုပ်က အသက်ကြီးလာပေမယ့် စပ်စုတတ်တဲ့ စိတ်ထားမပျောက်သေးဘူးဗျ ...."

"အခုကိစ္စကတော့ စပ်စုလို့ကောင်းတဲ့ကိစ္စ မဟုတ်ဘူး"

"ကျုပ် နားလည်ပြီးပါပြီဗျာ ...."

"ဘာပဲဖြစ်ဖြစ် သည်ကိစ္စ ရှင်သိထားတော့ ရှင့်ကို ကျွန်းရှုံ့က ချမ်းသာပေးမှာ မဟုတ်ဘူး ...."

ဗေဒါကြီး ခေါင်းခါယမ်းလိုက်သည်။

"သည်ကိစ္စဟာ ခင်ဗျားတို့အတွက် အရေးကြီးတာမှန်ပေမယ့် ကျုပ်အတွက်တော့ ဘယ်လိုမှ အရေးမကြီးပါဘူး .... ဒါကို ကျွန်းရှုံ့လည်း သဘောပေါက်မှာပါ .... သည်ကိစ္စတွေ ပြီးဆုံးသွားခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီ မဟုတ်လား ....ဘာကြောင့် အစပြန်ဖော်ချင်ရတာလဲ ...."

သီလရှင် သက်ပြင်းချကာ ....

"ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသလိုပေါ့ ....သည်ကိစ္စမှာခံခဲ့ရတဲ့သူက ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ဘူးဆိုတာတော့ ကျွန်မနားလည်တယ် ....သည်လို တစ်သက်လုံး တမြေ့မြေ့ခံစားနေရအောင် ကျွန်မတို့ လုပ်ခဲ့ကြတာပဲ မဟုတ်လား ....ကျွန်မ မသေခင် သည်ကိစ္စပြီးပြတ်သွားအောင် လုပ်သွားချင်တယ် ....ကျွန်အပြစ်တွေ ပြေပျောက်သွားအောင် လုပ်ချင်တယ် ...."

ဗေဒါကြီး၏မျက်နှာ တည်ကြည်လေးနက်လာသည်။

"ခင်ဗျားတို့က ထင်မင်းအတွက် ပြေရာပြေကြောင်း လုပ်ကြမယ်ပေါ့ .... ထင်မင်းက လက်ခံပါ့မလား ...."

"သူလက်ခံနိုင်စရာအကြောင်း ရှိပါတယ် .... သူလက်ခံဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် သံမဏိလက်ဟာ သိုင်းလောကမှာ ပြန်ပြီး ထွက်ပေါ်လာတာပါ .... သည်အချိန်ကို ကျွန်မ စောင့်နေခဲ့ရတာ နှစ် ပေါင်း မနည်းတော့ဘူးရှင့် ...."

သံမဏိလက် ပြန်လည်ထွက်ပေါ်လာခြင်းမှာ တိမ်ကြားနန်း တော်သခင်မလေး၊ စွန်ရဲသခင် ကျွန်းရှု့နှင့် ထင်မင်းတို့အကြား ပတ် သက်နေရာမှ ပြန်လည်အစပြုလာခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

သံမဏိလက် သိုင်းလောကတွင် ပြန်လည်ထွက်ပေါ်လာ ခြင်းကြောင့် သိုင်းလောကသားများ သို့လောသို့လော ဖြစ်နေခဲ့ရသည်။

ယခုမူ ....

သံမဏိလက်ပြန်လည်ထွက်ပေါ်လာရသည့်အကြောင်းအရင်း ကို သူရိပ်မိလာခဲ့ပြီဖြစ်သည်။

သီလရှင်က ....

"သည်ကိစ္စတွေကို ကျွန်မ ပြောပြချင်ပါတယ်....ဘာကြောင့် လဲဆိုတော့ ရှင်ဟာ တစ်ချိန်တုန်းက သန်းဖုံးပဲ မဟုတ်လား ...."

"ဟုတ်ပါတယ်ဗျာ ...."

ဗေဒါကြီးတွင် အမည်များစွာရှိသည်။

အမည်ရင်းသည်ကား သန်းဖုံး ဖြစ်ပေသည်။

သန်းဖုံးသည် သိုင်းလောက၌ ခြေချခဲ့စဉ် ဉာဏ်ကြီးရှင်သန်းဖုံး ဟု ကျော်ကြားခဲ့သည်။

တရားမျှတမှုရှိပြီး အဖြူရောင်သိုင်းလောကကို ကိုယ်စားပြု သူတစ်ယောက်ဖြစ်သည်။

သီလရှင်က ဉာဏ်ကြီးရှင်သန်းဖုံးအား တရားသူကြီးတစ်



ယောက်ပမာ သဘောထားကာ မေးလိုက်ခြင်းဖြစ်ပေသည်။

သီလရှင်က ....

"သည်ကိစ္စမှာ မှန်ကန်ပြီး တိကျပြတ်သားသူတစ်ယောက် တော့ လိုလိမ့်မယ် .... ကျွန်မတို့ကို အပြစ်ပေးဖို့ပေါ့ .... ရှင်က သည် တာဝန်ယူနိုင်မလား .... ရှင်လက်ခံမယ်ဆိုရင် ကျွန်မမှာ ပြောစရာ စကားတွေ အများကြီးရှိတယ်ရှင့် ...."

ဗေဒါကြီးက တစ်ချက်ရယ်မောလိုက်ပြီး ....

"ကောင်းပြီလေ ....ခင်ဗျားအတွက် လိုအပ်မယ်ဆိုရင် ကျုပ် ကူညီပေးရမှာပေါ့ ...."

"ရှင် ကျွန်မပြောတဲ့စကားတွေ သေသေချာချာနားထောင် ပြီး ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ ဆုံးဖြတ်ပေးပါ .... ထင်မင်း ကိုယ်စား ကျွန်မတို့ကို အပြစ်ပေးပါ ...."

ဗေဒါကြီးက ခေါင်းခါယမ်းလိုက်သည်။

"ဟာ .... သည်လိုတော့ မလုပ်ပါရစေနဲ့ဗျာ .... ခင်ဗျားတို့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ် .... သိုင်းလောကတစ်ခုလုံး သိချင်နေကြတယ်ဆိုတာ ကျုပ်သိပါတယ် .... ကျုပ်လည်း သိချင်ပါတယ် ....ဒါပေမယ့် ....ကျုပ်ဟာ ပွဲကြည့်ပရိသတ် တစ်ယောက်ထက်တော့ ပိုပြီး စင်မပါပါရစေနဲ့ဗျာ ...."

သီလရှင် စိတ်ပျက်သွားသည်။

"သည်လိုဆိုရင်တော့ ရှင့်ကို အားမကိုးရဘူးထင်တာပဲ ...."

"ကျုပ် ကူညီနိုင်ရင် ကူညီချင်ပါတယ် .... ဒါပေမယ့် အပြစ် တော့ မပေးပါရစေနဲ့ဗျာ .... ထင်မင်းကို အကျိုးသင့်အကြောင်းသင့် သွားပြောပေးဆိုရင် ပြောပေးပါ့မယ် ...."

သီလရှင်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားသည်။

ဗေဒါကြီးအား စိုက်ကြည့်ရင်း ....

"ထင်မင်း ဘယ်မှာရှိတယ်ဆိုတာ ရှင်သိလို့လား .... ကျွန်မ သူ့ကိုရှာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်လောက် ကြာခဲ့ပါပြီ .... သူ့ကို ကျွန်မ သိပ်တွေ့ချင်ပါတယ်ရှင် .... သူဘယ်မှာရှိတယ်ဆိုတာ ရှင်သိသလား .... သိရင် ကျွန်မကို ပြောပြပါလားဟင် ...."

ဗေဒါကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း မသိဘူးဗျ ...."

"ရှင် ...."

"ကျုပ် တကယ်ပြောတာပါ .... သူဘယ်မှာရှိတယ်ဆိုတာ ကျုပ်မသိဘူး .... ဒါပေမယ့် သံမဏိလက် သိုင်းလောကမှာ ပြန်ပြီး ထွက်ပေါ်လာပြီပဲ .... စုံစမ်းလိုက်ရင်ရမှာပါ ...."

သီလရှင် ခေါင်းညိတ်လိုက်သည်။

"သည်အချက်ကို ကျွန်မ သတိလစ်သွားတယ် .... ရှေ့လောကြီးပြီး ကျန်းရှုံ့ကို ချိန်းလိုက်မိတယ် .... ကျွန်မ လိုက်ရှာရင် ထင်မင်းကို တွေ့နိုင်မှာ သေချာတယ် ...."

"သေချာတာပေါ့ .... ကျုပ်စိတ်ထင် သံမဏိလက် ပြန်ထွက်ပေါ်လာပြီးမှ ထင်မင်းကို တွေ့တဲ့လူတွေ တွေ့ပြီးကြပြီထင်တယ်"

သီလရှင် သက်ပြင်းချကာ ....

"ကျွန်မအတွက်တော့ လိုက်ရှာဖို့ အချိန်မရှိတော့ဘူး .... ရှင့်ကို ကျွန်မ လျှို့ဝှက်ထားတဲ့ကိစ္စတစ်ခု ပြောပြမယ် .... ရှင်က ထင်မင်းကို တွေ့အောင်ရှာပြီး ပြန်ပြောပြပေးပါလားရှင် ...."



ဗေဒါကြီး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ....ကျုပ် မတွေ့တွေ့အောင်ရှာပြီး ပြောပြပါ့မယ်"

"ကောင်းပြီ .... ရှင့်ကို ကျွန်မ စိတ်ချတယ် ...."

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြကာ ....

"မင်းတို့ သည်ကထွက်သွားကြပေတော့ ...."

ယင်းလိမ်နှင့် ချူးဇွေ့တို့ကို ပြောလိုက်သည်။

ယင်းလိမ်နှင့် ချူးဇွေ့တို့ ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

ထို့နောက် ....

သီလရှင်ကို ဦးညွှတ်ကာ အခန်းတွင်းမှ ထွက်သွားကြလေသည်။

သူတို့ အပြင်ရောက်သွားမှ သီလရှင်က ....

"ကျေးဇူးပြုပြီး အခန်းတံခါး ပိတ်ထားပါရှင် ...."

ဗေဒါကြီးက အခန်းတံခါး သွားပိတ်ထားလိုက်၏။

အခန်းတွင်း၌ သူတို့နှစ်ယောက်တည်းသာ ရှိပါတော့၏။

ထိုအခါ သီလရှင်က ....

"လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကပေါ့ ရှင် .... ကျွန်မဟာ မိဘသဘောတူတဲ့ ကျန်းရှုံ့ကို လက်မထပ်နိုင်တာနဲ့ .... ထင်မင်းဆီကိုထွက်လာခဲ့တယ် ....ဒါပေမယ့် ထင်မင်းက ကောက်ကာငင်ကာ စုယဉ်ကို လက်ထပ်လိုက်တော့ ကျွန်မအဖို့ အကြီးအကျယ် ဒုက္ခရောက်ရတာပေါ့ .... သွားလာစရာမရှိဘဲ နောက်ဆုံး အိမ်ကိုပဲ ပြန်သွားခဲ့တယ် ....မိဘသဘောတူတဲ့ ကျန်းရှုံ့ကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ရတယ် ....ဒါကြောင့် ကျွန်မအဖို့ ဘယ်လိုလုပ် ပျော်ပိုက်နိုင်မှာလဲ .... ထင်မင်းဟာ ကျွန်မအပေါ် အကြီးအကျယ် ရက်စက်ခဲ့တယ်

လို့လည်း တထစ်ချယူဆခဲ့တယ်လေ ....ဒါကြောင့် တစ်နေ့ ထင်မင်းကို ဒုက္ခပေးဖို့ ဆုံးဖြတ်မိတယ် ....အချစ်ကြီးလို့ အမျက်ကြီးတဲ့သဘောပေါ့ .... ကျွန်မရဲ့မိုက်မဲမှုကြောင့် ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့တာပါပဲရှင် ...."

ပြောရင်း သူမ၏ မျက်ဝန်းအစုံတွင် ဆွေးရိပ်သမ်းလာ၏။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကျော်မှ အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာပုံရ၏။

ဗေဒါကြီးက အလိုက်သိစွာဖြင့် အသာငြိမ်ကာ နားထောင်နေလိုက်သည်။

သီလရှင်သည် လူတိုင်းသိလိုကြသော သံမဏိလက် လျှို့ဝှက်ချက်ကို တစ်လုံးချင်းပြောပြလိုက်လေတော့သည်။

ထ⊙ထ

နေသာသောနေ့တစ်နေ့ ဖြစ်သည်။

ရောင်စုံပန်းခင်းများ ရှိနေသော တောင်ပေါ်တစ်နေရာတွင် လူနှစ်ယောက် ဖြည်းဖြည်းမှန်မှန် လျှောက်လာနေသည်ကို တွေ့ရ၏။

ထိုလူနှစ်ယောက်မှာ လုလင်တစ်ယောက်နှင့် မိန်းမပျို တစ်ယောက်တို့ ဖြစ်ကြသည်။

မိန်းမပျိုသည် လုလင်၏ပခုံးကိုမှီရင်း ကန့်ကလျ လျှောက်လာနေသည်။

သူတို့နှစ်ယောက်စလုံး၏ မျက်နှာပေါ်တွင် ကြည်နူးမှုများ ပြည့်လျှမ်းနေသည်ကို တွေ့မြင်နိုင်သည်။



အေးမြလတ်ဆတ်သော လေပြည်လေညင်းလေး တသုန်သုန်ဝှေ့ယမ်းတိုက်ခတ်လာသည်။

လေပြည်နှင့်အတူ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များပါလာသည်။

လုလင်နှင့် မိန်းမပျိုတို့ ခြေလှမ်းရပ်လိုက်ကြ၏။

မိန်းမပျိုက ခရမ်းရောင်ပန်းတစ်ပွင့်ကို လှမ်းခူးလိုက်ရာ လူငယ်ကယူပြီး တယုတယပန်ဆင်ပေးလိုက်သည်။

မိန်းမပျိုက တခစ်ခစ်ယ်မောရင်း မေးလိုက်သည်။

"အစ်ကို .... ကျွန်မတို့ မြောက်ပိုင်းကို ဘယ်တော့သွားကြမှာလဲဟင် ...."

လူရွယ်က ....

"ညီမသွားချင်ပြီဆိုရင် မနက်ဖြန်သွားကြတာပေါ့ ...."

"အစ်ကို ....သိုင်းလောကထဲ ပြန်မဝင်တော့ဘဲ မြောက်ပိုင်းက လယ်သမားအိမ်ကလေးမှာ တစ်သက်လုံး အခြေချနေတော့မယ်ဆိုတာ တကယ်ပေါ့နော် ...."

လူရွယ် ခေါင်းညိတ်လိုက်သည်။

"တကယ်ပြောတာပါ ညီမရယ် ....အစ်ကိုဟာ လယ်သမားသားသမီးပါ .... အစ်ကို့မိဘတွေ ထားရစ်ခဲ့တဲ့ လယ်တောနဲ့ အိမ်ကလေးဆီကို ဘယ်တော့မှ ပြန်နိုင်မှာလဲလို့ မကြာခဏစဉ်းစားဖူးတယ် ....အခု ညီမနဲ့ လက်ထပ်ပြီး အဲဒီမှာ တစ်သက်လုံးပြန်နေဖို့ ဆုံးဖြတ်လိုက်ပြီလေ ...."

"ကျွန်မ ဝမ်းသာလိုက်တာရှင် .... သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးပွေလီတယ်မဟုတ်လား ....ရိုးရိုးသားသားလယ်သမား

ဘဝကိုပဲ ညီမ ခန့်မှန်းပါတယ် .... ကျွန်မတို့ မြောက်ပိုင်းသွားပြီးတဲ့နောက်ပိုင်း သံမဏိထင်မင်းဆိုတဲ့နာမည်ဟာ သိုင်းလောက ကွယ်ပျောက်သွားတော့မှာပေါ့နော် ...."

လူရွယ် ရယ်မောလိုက်၏။

"အလှမယ်စုယဉ်ဆိုတဲ့ နာမည်လည်း .... ပျောက်သွားမှာပဲ မဟုတ်လား ...."

မိန်းကလေးက အားကျမခံ ပြန်ပြောလိုက်သည်။

"အလှမယ်စုယဉ် ဆိုတဲ့ နာမည်ပျောက်သွားပေမယ့် အိမ်ထောင်ရှင်မကောင်းစုယဉ်ဆိုတဲ့ နာမည်တော့ ကျန်ရစ်ခဲ့ဦးမှာပေါ့ အစ်ကိုရယ် ...."

"အစ်ကိုလည်း သည်လိုပဲ လယ်သမားကြီးထင်မင်း ဖြစ်လာရမှာပေါ့ ...."

သူတို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကျီစယ်ရင်း ရှေ့ဆက်လျှောက်လာခဲ့ကြ၏။

ပန်းခင်းအဆုံး၌ အိမ်ကလေးတစ်လုံးရှိသည်။

အိမ်ကလေးရှေ့ မြေကွက်လပ်သို့ ခြေချမိသည်နှင့် လူတစ်ယောက် စောင့်ကြိုနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသည် အိမ်ကလေးရှေ့၌ မားမားမတ်မတ်ရပ်လျက် သူတို့အား စောင့်ကြိုနေသည် မဟုတ်ပါလား။

ထိုလူအားတွေ့ရလျှင် လူရွယ်မျက်နှာပျက်သွားပြီး ....

"ဟင် .... မေဝါး .... ဘယ်တုန်းက ရောက်နေတာလဲဟင်"

ဟု လှမ်းနှုတ်ဆက်ပြီး ခပ်သွက်သွက်ကလေး လျှောက်သွား



လေတော့သည်။

မေဝါး မလှုပ်မယှက်ရပ်နေသည်။

သူမထံ လှမ်းလာနေသော ထင်မင်းနှင့် စုယဉ်တို့ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည်။

ထင်မင်းသည် စုယဉ်၏လက်ကိုဆွဲက လျှောက်လာနေခြင်း ဖြစ်သည်။

မေဝါး၏ရင်ထဲ နာကြည်းနေ၏။

သူမထံသို့ လှမ်းလာနေသော ထင်မင်း၏ခြေလှမ်းတိုင်းသည် သူမ၏အသည်းနှလုံးအား နင်းချေနေသည်ဟု ခံစားနေရသည်။

သူမ ငေးကြည့်နေစဉ် ထင်မင်းမှာ သူမရှေ့သို့ ရောက်ရှိလာပြီဖြစ်ပါသည်။

ထင်မင်းက အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

"ညီမလေး ဘယ်တုန်းကရောက်တာလဲ .... အိမ်ထဲဝင်ပါဦးလား ...."

မေဝါး မဲ့ပြုံးပြုံးလိုက်သည်။

ထင်မင်းကို စိုက်ကြည့်ရင်း ....

"ကျွန်မ .... ရှင့်အတွက် ဖိတ်စာလာပို့တာ ...."

သူမ၏စကားကြောင့် ထင်မင်း မျက်မှောင်ကြုတ်သွား၏။

"ဘာဖိတ်စာလဲ ညီမရဲ့ ...."

"ကျွန်မ မိဘသဘောတူထားတဲ့ စွန်ရဲသခင်ကျန်းရှုံ့နဲ့ လက်ထပ်တော့မယ်လေ ....ကျွန်မတို့မင်္ဂလာပွဲကို ရှင်တို့ဇနီးမောင်နှံ လာခဲ့ကြမယ် ထင်ပါတယ် ...."

ထင်မင်းတို့ စိတ်မကောင်းဖြစ်သွား၏။

မေဝါးသည် သူ့အပေါ် တစ်ဖက်သတ်မေတ္တာသက်ဝင်နေကြောင်း ရိပ်မိထားသည်။

သူက စုယဉ်နှင့် လက်ထပ်လိုက်ခြင်းကြောင့် မေဝါးက ကျန်းရှုံ့အား လက်ခံလိုက်ခြင်းဖြစ်ကြောင်း နားလည်ထားသည်။ မေဝါးအတွက် စိတ်မကောင်းဖြစ်မိသော်လည်း မည်သို့မျှ မတတ်နိုင်ပါချေ။ သူချစ်သည်က စုယဉ်သာ ဖြစ်ပါသည်။

သူက စုယဉ်မှလွဲပြီး မည်သူ့ကိုမျှ လက်ထပ်ခြင်းမပြုဟု ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

သူ၏ဆုံးဖြတ်ချက်အတိုင်းလည်း အကောင်အထည်ဖော်ခဲ့ပြီ ဖြစ်ပါသည်။

မေဝါးကိုကြည့်ကာ အားတုံ့အားနာဖြင့် ....

"ဟာ .... စိတ်မကောင်းစရာပဲ .... အစ်ကိုတို့ဇနီးမောင်နှံ လာနိုင်မယ် မထင်ဘူး ...."

မေဝါးက မျက်မှောင်ကြုတ်ကာ ....

"ဘာဖြစ်လို့လဲ .... တကူးတက လာဖိတ်တာတောင် ရှင်က ငြင်းချင်သေးသလား ...."

"တမင်ငြင်းတာ မဟုတ်ပါဘူး .... မနက်ဖြန် မြောက်ပိုင်းကို ခရီးထွက်ဖို့ စီစဉ်ထားလို့ပါ .... မြောက်ပိုင်းမှာ အစ်ကို့မိဘတွေ ထားရစ်ခဲ့တဲ့ ယာတောနဲ့ အိမ်ကလေးတစ်လုံး ရှိတယ်လေ .... အစ်ကိုတို့ အဲသည်မှာပဲ တစ်သက်လုံး အခြေချနေထိုင်တော့မယ်လို့ ဆုံးဖြတ်ထားတယ် ...."

မမျှော်လင့်သောစကားကြားရလျှင် မေဝါး အံ့ဩသွား၏။ ထင်မင်းကို စိုက်ကြည့်ကာ မေးလိုက်လေ၏။



"ဒါဖြင့် ရှင် သိုင်းလောကက နုတ်ထွက်တော့မယ်ပေါ့ .... ဟုတ်လား ...."

ထင်မင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... အစ်ကို သိုင်းသမားဘဝကို စွန့်လွှတ်လိုက်တော့မယ် .... ရိုးသားအေးချမ်းတဲ့ လယ်သမားဘဝနဲ့ အရိုးထုတ်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီ ...."

မေဝါး မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပါတယ်ရှင် .... ရှင်က မြောက်ပိုင်းမှာ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ် ...."

စကားအဆုံးတွင် ချာခနဲလှည့်ထွက်သွားသည်။

"ညီမ .... ညီမ ...."

ထင်မင်း ဟန့်တားသော်လည်း မေဝါး လှည့်မကြည့်ဘဲ ပြေးထွက်သွား၏။

တစ်ခဏအကြာတွင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ရေကန်ထဲ၌ ရွှေငါးကလေးများ ကူးခတ်သွားလာနေပေသည်။

ရောင်စုံဖူးပွင့်နေသော ကြာပန်းများလည်း ရှိသည်။

သစ်သားတံတားလေတစ်ခုသည် ရေကန်အလယ်သို့ ဖြတ်ကာ ထိုးထား၏။

ရေကန်အလယ်တွင် အကာအရံမရှိသော်လည်း အမိုးမိုးကာ ထိုင်ခုံခင်းထားသော နေရာတစ်ခုရှိ၏။

ထိုနေရာမှတစ်ဆင့် ပတ်ဝန်းကျင်အလှအပကို ကြည့်ရှုခံစားနိုင်သည်။

မေဝါသည် ထိုနေရာတွင် ထိုင်နေသည်။

သူမသည် တစ်ယောက်တည်းထိုင်ကာ ရေကန်အတွင်းသို့ ငေးမော[ကြည့်]နေခြင်းဖြစ်ပေသည်။

ရေကန်ထဲမှ ရွှေငါးကလေးများကို သူမမြင်တွေ့ခြင်း မရှိပါချေ။

သူမ မြင်တွေ့ရသည်ကား ပျော်ရွှင်ကြည်နူးနေကြသည့် [...]င်းနှင့် စုယဉ်တို့၏ မျက်နှာများပင် ဖြစ်ပေတော့သည်။

စုယဉ်၏ ပီတိလွှမ်းသော အပြုံးဝေဆာနေသည့်မျက်နှာကို ပြန်လည်မြင်ယောင်လာလျှင် မေဝါး အံတင်းတင်းကြိတ်ထားလိုက်လေသည်။

"ဟွန်း ....ညည်းက ကျုပ်ထက် ဘာများသာနေလို့လဲ"

သူမသည် အသံထွက်အောင် ကြုံးဝါးမိသည်။

သူမ၏အသံကြောင့် ရွှေငါးကလေးများ လန့်ဖျပ်ကူးပြေးသွား၏။

ထိုစဉ် ....

စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ညီမ ဘာတွေမကျေမနပ်ဖြစ်နေတာလဲ ...."

ရုတ်တရက်ထွက်ပေါ်လာသော စကားသံကြောင့် မေဝါး ထိတ်လန့်သွား၏။



သူမ မော့ကြည့်လိုက်သောအခါ မနီးမဝေးတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကြက်သွေးရောင်ဝတ်ရုံကြီးတစ်ထည် လွှမ်းခြုံထားသည်။

နေရောင်အောက်တွင် အလွန်ကျက်သရေရှိသူတစ်ယောက် ဖြစ်ပေသည်။

ထိုလူငယ်သည်ကား မေဝါးထက် အသက်ရှစ်နှစ်ခန့်ကြီးသော ကျန်းရှုံ့ဖြစ်ပေသည်။

ကျန်းရှုံ့အားတွေ့ရလျှင် မေဝါး မျက်နှာပျက်သွားသည်။

သူမသည် မိဘများအလိုကျ ကျန်းရှုံ့နှင့်လက်ထပ်ရန် ခေါင်းညိတ် သဘောတူခဲ့ပြီး ဖြစ်ပါသည်။

တိမ်ကြားနန်းတော်ပိုင်ရှင်သည် သိုင်းလောကတွင် ပြိုင်ဘက်ကင်းသည်ဟု ကျော်ကြားသူတစ်ယောက် ဖြစ်ပေသည်။

ဇွန်ရဲသခင်ကျန်းရှုံ့ကိုယ်တိုင်လည်း ကြောက်ရွံ့လေးစားလေသည်။

ကျန်းရှုံ့သည် တိမ်ကြားနန်းတော်သခင်မ၏တပည့် တစ်ယောက်ဟုဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

ကျန်းရှုံ့က မေဝါးအား ပြုံးပြရင်းထပ်မေးလေ၏။

"ညီမ .... ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ ...."

မေဝါး ခေါင်းခါယမ်းကာ ....

"ဘာမှ မဟုတ်ပါဘူး ...."

"အစ်ကို့ကို မလိမ်ချင်ပါနဲ့ ညီမရယ် .... ညီမ ထင်မင်းကို မကျေမနပ်ဖြစ်နေတယ် မဟုတ်လား ...."

မေဝါးက ထင်မင်းအပေါ် သံယောဇဉ်ရှိကြောင်း ကျန်းရှံ့လည်း သိရှိထား၏။

မေဝါးက ကျန်းရှံ့အား ဆတ်ခနဲမော့ကြည့်လိုက်ပြီး ....

"ရှင်က ထင်မင်းဆိုတဲ့နာမည်ကို နောက်တစ်ခါ ထပ်ပြောရင် ကျွန်မမျက်နှာ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူးဆိုတာ ,တ်ထားပါ ...."

ဟု ခပ်ထန်ထန်ပြောလိုက်သည်။

ကျန်းရှံ့ သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီ .... ညီမ စိတ်ချမ်းသာသလို ဖြစ်စေရပါမယ်"

သူသည် အမြဲတစေ မေဝါးအားအလျှော့ပေးနေကျဖြစ်သည်။ မေဝါးအတွက်ဆိုလျှင် အသက်စွန့်ရန် ဝန်မလေးသူတစ်ယောက်ဖြစ်၏။

မေဝါးသည် ကျန်းရှံ့အား ကြည့်ရင်း မဖျော်လင့်ဘဲ အကြံတစ်ခုရရှိလာလေ၏။

ထိုအကြံသည် ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော အကြံအစည်ပင် ဖြစ်နေပါတော့သည်။

သူမကိုင်ရာမှ ဆတ်ခနဲထကာ ကျန်းရှံ့နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ကျန်းရှံ့ကိုကြည့်ပြီး မေးလိုက်လေ၏။

"ကျွန်မ ရှင်နဲ့လက်ထပ်ဖို့ သဘောတူလိုက်ပြီဆိုတာ ရှင်သိပြီးပြီ မဟုတ်လား ...."

ကျန်းရှံ့ ခေါင်းညိတ်ကာ ....

"သိပြီးပါပြီ ...."



"ကောင်းပြီ ....ရှင်က ကျွန်မ စိတ်ချမ်းသာအောင် တကယ်ထားနိုင်ပါ့မလား ...."

"ထားနိုင်အောင် ကြိုးစားရမှာပေါ့ ....ညီမအလိုရှိသမျှလိုက်လျောဖို့ ကျုပ် ဆုံးဖြတ်ပြီးပါပြီ ...."

"ကောင်းပြီ ....ကျွန်မအတွက် လူတစ်ယောက် သတ်ပေးရမယ်ဆိုရင်ကော ...."

ကျန်းရှံ့၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

မေဝါးကို စိုက်ကြည့်ရင်း ....

"လူသတ်ပေးရမယ် ဟုတ်လား ...."

"ဟုတ်တယ် ...."

ကျန်းရှံ့ သက်ပြင်း[illegible]လိုက်၏။

"ဘယ်သူလဲဆို[illegible]ပြောပါ ညီမရယ် ...."

မေဝါး ပြုံးလိုက်၏။

သူမ၏အပြုံးတွင် ရက်စက်မှုများ ရောယှက်နေ၏။

"သူဘယ်သူလဲဆိုတာ နောက်မှ ကျွန်မ ပြောပြမယ် .... အခု လောလောဆယ် ဖေဖေ ရှင့်ကိုစောင့်နေတယ် .... သွားတွေ့လိုက်ပါဦး ...."

"ကောင်းပါပြီ ...."

"ကဲ .... ရှင်သွားတော့ ...."

ကျန်းရှံ့က မေဝါးအား ခြေဆုံးခေါင်းဆုံးစိုက်ကြည့်လိုက်လေသည်။

ထို့နောက် ....

ချာခနဲလှည့်ကာ ထွက်သွား၏။

ကျန်းရှု့၏ကျောပြင်ကို ကြည့်ရင်း မေဝါး သဘောကျစွာ ရယ်မောလိုက်လေသည်။

ၜ⊙ၜ

ကျန်းရှု့သည် မေဝါးအနီးမှ တစ်ဟုန်ထိုးပြေးထွက်လာခဲ့၏။

သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေ၏။

သူက အံတင်းတင်းကြိတ်ထားမိ၏။

သူ၏ရင်ထဲ၌ ခံပြင်းခြင်း၊ ရှုံမုန်းခြင်း၊ ဝမ်းနည်းခြင်း၊ နာကြည်းခြင်း စသောခံစားချက်များ ရောပြွမ်းနေသည်။

ကျန်းရှု့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။

"တစ်နေ့ ကျုပ်အကြောင်း အားလုံးသိစေရမယ် ...."

သူက ရင်ထဲမှကြိတ်ပြီး ကြုံးဝါးလိုက်သည်။

ကျန်းရှု့တစ်ယောက် မည်သို့ခံစားနေရသည်ကို မေဝါး လုံးဝ မသိပါချေ။

သူမသည် ကျန်းရှု့အား ကြိုးဆွဲရာကရမည့် အရုပ်ကလေး တစ်ရုပ်ပမာ သဘောထားခဲ့၏။

သို့သော် ....

ကျန်းရှု့၏ရင်ထဲတွင် ဒဏ်ရာအနာတရ ဖြစ်နေသည်ကို လုံးဝ မသိပါ။



သူမ ကြိုတင်ရိပ်စားမိခြင်း မရှိသည့်အတွက် အလွန်ကြေကွဲစရာကောင်းသော ဖြစ်ရပ်များ နောက်ဆက်တွဲဖြစ်လာမည်ကိုလည်း မတွေးမိပါ။

သူမ ကြိုတင်တွေးတောမိလျှင် စောစောစီးစီး နောက်ဆုတ်ခဲ့မည်ဖြစ်သည်။

ယခုမူ ....

ၜ⊙ၜ

လွင်စာပေ

## အခန်း(၁၈)

## ယုတ်မာသူ၏အကြံအစည်

သုံးနှစ် ....

သုံးနှစ်ဟူသောအချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရသည်။

သုံးနှစ်အတွင်း ယာမြေမှ သီးနှံအထွက်တိုးခဲ့သည်။

နှစ်ပေါင်းများစွာ စွန့်ပစ်ထားခဲ့သော အိမ်နှင့်ခြံဝင်းကလေးကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်နိုင်ခဲ့သည်။

ထင်မင်း၏လယ်သမားအိမ်ကလေးသည် မှိုင်းညို့နေသောတောင်တစ်လုံး၏ ခြေရင်းတွင် တည်ရှိလေသည်။

လယ်သမားများ စုပေါင်းနေထိုင်သည့် ရွာကလေးများနှင့်အလှမ်းကွာဝေးလှ၏။

အနီးဆုံးရွာသို့ ရောက်အောင် နှစ်မိုင်ခန့်သွားရမည်ဖြစ်သည်။

လူသူမနီးမဝေး တောတောင်ထဲ၌ နေထိုင်ရသော်လည်း ထင်မင်းနှင့် စုယဉ်တို့ ပျင်းရိခြင်းမရှိသည့်အပြင် စိတ်ချမ်းသာပျော်ရွှင်ကြသည်။ ဤလောကသည် သိုင်းလောကနှင့် ခြားနားလေစွတကား။



နှစ်ယောက်သား လုပ်စရာရှိသည့်အလုပ်များ တက်ညီလက်ညီ လုပ်ကိုင်ရင်း ချစ်ချစ်ခင်ခင်နေထိုင်ခဲ့ကြသည်။

တောတောင်ထဲ၌ နေထိုင်ရင်း တစ်ယောက်အပေါ် တစ်ယောက် ပို၍သံယောဇဉ်ရှိလာကြသည်။

သုံးနှစ်အတွင်း သူတို့၏အိမ်ထောင်တွင် အိမ်ဆည်းလည်းကလေးနှစ်ယောက် တိုးလာပြီဖြစ်သည်။

ကလေးနှစ်ယောက်စလုံးမှာ ယောကျ်ားကလေးများ ဖြစ်ကြသည်။

တစ်နှစ်ခြားစီ မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကလေးများ နောင်နှစ်အတွက် ဆင်မင်းလည်း ယခင်ကထက် ဆထက်ထမ်းပိုးတိုးကာအလုပ်ကြိုးစားလုပ်ကိုင်ခဲ့လေ၏။

စုယဉ်သည်လည်း ကလေးနှစ်ယောက်နှင့် အိမ်ထောင်တာဝန် မပျက်မကွက်ရလေအောင် ကြိုးစားခဲ့သည်။

သူတို့မိသားစုသည် အလွန်ပျော်ရွှင်ချမ်းမြေ့ကာ ကြည်နူးဖွယ်ကောင်းလှသော မိသားစုပင်ဖြစ်သည်။

ဆိုးရွားလှသောကြမ္မာဆိုးသည် တစ်နေ့တွင် ကျရောက်လိမ့်မည်ဟု လုံးဝမထင်မှတ်ထားခဲ့ကြချေ။

ကံကြမ္မာဆိုသည်မှာ အဆိုးတစ်လှည့်၊ အကောင်းတစ်လှည့် ကျရောက်လာတတ်သည့်သဘောရှိသည်။

တစ်နေ့တွင် ....

ပျော်ရွှင်ချမ်းမြေ့စရာကောင်းလှသည့် ထင်မင်းတို့မိသားစုထံသို့ ကြမ္မာဆိုးက မဖိတ်ခေါ်ဘဲ ရောက်ရှိလာလေတော့သည်။

"သားကြီးရေ ....ခြံထဲမှာပဲ ဆော့နေနော် ....အပြင်မထွက်နဲ့

ဖေဖေ ပြန်လာရင် သားကြီးဆော့ဖို့ ယုန်ကလေးတွေ ဖမ်းလာလိမ့်မယ် ...."

"ဟုတ်ကဲ့ပါ မေမေ ...."

စုယဉ်က အိမ်အတွင်းမှ နံနက်စာချက်ပြုတ်ရင်း အပြင်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။

ခြံဝင်းအတွင်း၌ သူမ၏သားကြီး ဆော့ကစားနေပါ၏။

ထင်မင်း၏ သားကြီးမှာ စကားပြောတတ်သော သုံးနှစ်သားအရွယ်သို့ပင် ရောက်ရှိနေပြီ ဖြစ်လေသည်။

သားအငယ်မှာ တစ်နှစ်ခန့်ရှိပြီး အိမ်ထဲရှိ ပုခက်တစ်လုံးပေါ်တွင် အိပ်ပျော်နေလေ၏။

ထင်မင်းကား ယာခင်းထဲ မဆင်းရဘဲ အားလပ်နေသဖြင့် စားနပ်ရိက္ခာအတွက် တောင်ပေါ်တက်ကာ အမဲလိုက်နေ၏။

ညနေဆည်းဆာအချိန်မတိုင်မီ ပြန်ရောက်လာနေကျဖြစ်ပေသည်။

စုယဉ် ချက်ပြုတ်နေစဉ် ....

"မေမေ .... မေမေ ဧည့်သည်တွေ လာနေတယ် ...."

စုယဉ်သည် အော်ပြောရင်း အိမ်ထဲပြေးဝင်လာလေသည်။

စုယဉ် အံ့သြသွားသည်။

သုံးနှစ်အတွင်း သူတို့ထံသို့ ဧည့်သည်ရောက်လာဖူးခြင်း မရှိချေ။

ယခု ရောက်လာသော ဧည့်သည်မှာ ပထမဆုံးသောဧည့်သည်ဖြစ်ပေသည်။

စုယဉ် မျက်မှောင်ကြုတ်ကာ ....



"ဘယ်ကဧည့်သည်တွေပါလိမ့် ...."

ဟု တွေးတောရင်း အပြင်ဘက်သို့ ထွက်လာခဲ့သည်။

အိမ်အပြင်သို့ ရောက်သောအခါ မည်သူ့ကိုမျှ မတွေ့ရသဖြင့် ပို၍ပြီးအံ့သြသွား၏။

လက်ဆွဲခေါ်လာသော သားကြီးကို ကြည့်ကာ ....

"သားကြီး .... ဧည့်သည်လာတယ်ဆို ...."

"ဟုတ်တယ် မေမေ .... သားတွေ့လိုက်တယ် ...."

"ဘယ်မှာလဲ ...."

"လူနှစ်ယောက် မြင်းကြီးတွေစီးပြီး သားတို့ဆီကို လာနေကြတာ သား သေသေချာချာ တွေ့လိုက်ပါတယ် ...."

"အခု ဘယ်သူမှလည်း မရှိပါလား သားရဲ့ ...."

စုယဉ်၏စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။

ကလေးငယ်သည် လိမ်ပြောလိမ့်မည် မဟုတ်ကြောင်း သူမကောင်းစွာနားလည် သဘောပေါက်ထားသည်။

ဤသို့ဆိုလျှင် ....

မြင်းစီးပြီး ရောက်လာကြသော ဧည့်သည်များ မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။

မြင်းခွာသံမကြားမိသည့်အတွက် စိတ်ထဲ ဇဝေဇဝါဖြစ်နေရသည်။

ထိုစဉ် ....

"ဝါး ...."

အိမ်ထဲမှ ကလေးငိုသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အိပ်ပျော်နေသော ကလေးနိုးလာချေပြီ။

စုယဉ် အိမ်ထဲ ပြန်ဝင်လိုက်လေသည်။

ထိုအခါမှ ....

မမျှော်လင့်သော ဧည့်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

အိမ်ထဲ၌ ဧည့်သည်တစ်ယောက်ရောက်ရှိနေပေသည်။ ထိုဧည့်သည်သည် တစ်ကိုယ်လုံး အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကြက်သွေးရောင်ဝတ်ရုံရှည်ကြီး လွှမ်းခြုံထား၏။

မျက်နှာတွင် ကြေးမျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်။

မျက်နှာဖုံးစွပ်မှာ ကြောက်စရာကောင်းသည့် ရုပ်သွင်ပြုလုပ်ထားလေသည်။

မမျှော်လင့်ဘဲ ထိုလူကိုတွေ့လိုက်ရသဖြင့် ....

"အမယ်လေး ...."

စုယဉ် လွှတ်ခနဲအော်လိုက်မိသည်။

သားကြီးမှာလည်း ....

"မေမေ သားကြောက်တယ် ...."

အော်ပြောရင်း သူမ၏ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။

မျက်နှာဖုံးစွပ်နှင့်လူသည် ပုခက်ထဲမှ ကလေးကို ပွေ့ချီနေခြင်းဖြစ်သည်။

စုယဉ် အထင်တွင် ကလေးခိုးယူသွားမည့်သဘောဖြစ်ပေသည်။

ကလေးကိုပါ ထိပါးလာသည့်အတွက် မိခင်စိတ်ဓာတ်ပေါ်ပေါက်လာပြီးလျှင် ....



"ကလေးကို လွှတ်လိုက် ...."

အော်ပြောရင်း မျက်နှာဖုံးစွပ်ထားသူထံ ပြေးသွားသည်။

သူမ ကလေးတစ်ဖက်ဆွဲရင်း ပြေးလာသည်ကို တွေ့ရလျှင် မျက်နှာဖုံးစွပ်ထားသူ ရယ်မောလိုက်သည်။

"ထင်မင်း ဘယ်မှာလဲ ...."

ဟုလည်း အသံဝါကြီးဖြင့် မေးလိုက်သည်။

စုယဉ်က ....

"ကျွန်မ ကလေးကို လုံးဝမယိနဲ့ .... အစ်ကိုထင်မင်း ပြန်ရောက်လာရင် ရှင်ဒုက္ခရောက်လိမ့်မယ် ...."

"ဟား ....ဟား ....ဟား ....ကျုပ်က ထင်မင်းကို ကြောက်ရင် သည်ကိုမလာဘူးဆိုဟာ မှတ်ထားစမ်းပါ ....ပြောစမ်း ....ထင်မင်း ဘယ်မှာလဲ ...."

"ဖေဖေကြီး တောင်ပေါ်အမဲသွားလိုက်တယ် ...."

ဘုမသိဘမသိဖြင့် ကလေးငယ်က ကြားဝင်ပြောလိုက်သည်။

မျက်နှာဖုံးစွပ်ထားသူက ပုခက်ထဲမှ ကလေးကိုပွေ့ချီရင်း

"ထင်မင်း ပြန်လာရင် ပြောလိုက် .... ကလေးလိုချင်ရင် သံမဏိလက်ကို ယူပြီး မြစ်ကျဉ်းတောင်ကမ်းပါးကို လိုက်ခဲ့လို့ .... ကျုပ် စောင့်နေမယ် ...."

ပြောပြီး ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

စုယဉ်မှာ သိုင်းလောကတွင် အလှမယ်အဖြစ်ရခဲ့သလို သိုင်းပညာလည်းမခေချေ။ နာမည်ကျော်တစ်ဦး ဖြစ်သည်။

အိမ်နံရံတွင် ချိတ်ထားသော ဓားတစ်လက်ဆွဲယူရင်း ....

"ရပ်လိုက်စမ်း ...."

သူမ အော်ငေါက်ကာ မျက်နှာဖုံးစွပ်ထားသူထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

သူမ တိုက်ခိုက်လာခြင်းကြောင့် မျက်နှာဖုံးစွပ်ထားသူ ထွက်သွားရန် မဖြစ်နိုင်တော့ချေ။

ကလေးငယ်ကို ချီပိုးရင်း ဘေးသို့ ခုန်ရှောင်လိုက်၏။

ကလေးထိသွားမည်ကို စိုးရိမ်ပြီး စုယဉ်မှာ ပြင်းပြင်းထန်ထန် မတိုက်ခိုက်ဝံ့ချေ။

ကလေးကြီးမှာလည်း အိမ်ပေါက်ဝတွင်ရပ်ကာ အော်ဟစ်ငိုယိုနေသည်။

တစ်အိမ်လုံး ပွက်လောရိုက်သွားသည့်အတွက် မျက်နှာဖုံးစွပ်ထားသူ စိုးရိမ်ပူပန်လာပုံရ၏။

ကလေးငယ်ကို ချီပိုးရင်း ....

"မင်းရဲ့ကလေး မသေချင်ရင် နောက်ဆုတ်လိုက်ပါ ...."

အော်ငေါက်ရင်း ကလေးကို သူ၏ရင်ဝရှေ့တွင် အကာအကွယ်ပြုထားလိုက်လေသည်။

စုယဉ် ဆက်ပြီးမတိုက်ဝံ့တော့ချေ။

ဒေါသထွက်လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်ယင်နေ၏။

"လူယုတ်မာကလေးကို အခုချက်ချင်း လွှတ်လိုက်စမ်း"

"ဟား .... ဟား .... ဟား .... ကျုပ်က သည်ကလေးကို လိုချင်လို့ လာတယ်များ ထင်နေသလား .... ထင်မင်းကို တွေ့ချင်လို့ သူ့ဆီက သံမဏိလက်ကို လိုချင်လို့ဗျ ...."

စုယဉ် အံကြိတ်လိုက်သည်။



"ကောင်းပြီ .... ရှင်လိုချင်တဲ့ သံမဏိလက်ရစေမယ် .... ကလေးကိုသာလွှတ်လိုက်ပါ ...."

မျက်နှာဖုံးစွပ်ထားသူ ခေါင်းခါယမ်းလိုက်၏။

"မလိုချင်ဘူး .... ကျုပ်လက်ထဲရောက်မှ ကလေးကို လွှတ်ပေးနိုင်မယ် ...."

သူတို့သည် သိုင်းလောကကို စွန့်ခွာခဲ့ကြပြီးဖြစ်သည်။

ထို့ကြောင့် ....

သံမဏိလက်သည် ဧည့်ခန်းထဲ၌ အလှထားရုံမှအပ အသုံးမဝင်တော့ချေ။

စုယဉ်သည် သံမဏိလက်ကို နှမြောတွန့်တိုခြင်းမရှိပါချေ။

သံမဏိလက်ထက် သူမ၏ကလေးများကိုသာ အဓိကထားပေသည်။

ထင်မင်းသည် သူမကဲ့သို့ပင် သဘောထားပေလိမ့်မည်ဟု ယုံကြည်၏။

ခက်နေသည်မှာ သံမဏိလက် အိမ်၌မရှိချေ။

ထင်မင်းသည် နှစ်ပေါင်းများစွာက အကျင့်ကို မဖျောက်နိုင်ပါ။

ယခုတိုင် သံမဏိလက်အား ကိုယ်နှင့်မကွာ ဆောင်ထား၏။ သံမဏိလက် ကိုယ်နှင့်မကွာရှိလျှင် အမြဲတမ်းကံကောင်းနေသည်ဟု ယုံကြည်ထားသူဖြစ်သည်။

စုယဉ်က ....

"အစ်ကိုထင်မင်း ပြန်ရောက်လာတာနဲ့ သံမဏိလက်ကို ရှင်ရစေမယ်လို့ ကျွန်မ အာမခံတယ် .... ကလေးကို ပြန်ပေးပါ ...."

မျက်နှာဖုံးစွပ်ထားသူ ခေါင်းမာစွာဖြင့် ....

"ကျုပ်ပြောပြီးပြီ မဟုတ်လား .... ကျုပ်လက်ထဲ မရောက်သေးဘဲနဲ့ ကလေးပြန်မပေးနိုင်ဘူး ...."

"ရှင် တော်တော်ယုတ်မာပါလား ...."

"ခင်ဗျား ကြိုက်သလိုပြောနိုင်တယ် .... သံမဏိလက်ရဖို့ ကျုပ်က ဘာမဆိုလုပ်ရမှာပဲဗျ ...."

"ရှင် .... အခုချက်ချင်း ကလေးကို ချထားလိုက်စမ်း ...."

"ဟား .... ဟား .... ဟား .... မရဘူး ...."

မျက်နှာဖုံးစွပ်ထားသူသည် တဟားဟား ရယ်မောရင်း ကလေးကို ပွေ့ချီကာ ပြေးထွက်သွားလေသည်။

ထိုလူနောက် ကလေးပါသွားပြီးနောက်ပိုင်း ကလေးအတွက် မျှော်လင့်ချက်မရှိကြောင်း စုယဉ် ရိပ်မိ၏။

ထို့ကြောင့် ....

"ရပ်လိုက်စမ်း ...."

ဟုအော်ငေါက်ကာ လွှားခနဲ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူက ကလေးဖြင့်လှည့်၍ ခံပေးလိုက်၏။

စုယဉ်က ဓားကို အချိန်မီ ပြန်ရုပ်သိမ်းလိုက်သော်လည်း ဓားများမှာ ကလေး၏နောက်ကျောကို ရှပ်ထိသွားလေသည်။

"ဝါး ...."

ကလေး၏ကျောပြင်တစ်ခုလုံး သွေးချင်းချင်းနီရဲသွား၏။

ကလေးများနာကျင်မှုကြောင့် တဝါးဝါးအော်ဟစ်ငိုလေတော့သည်။



စုယဉ်၏မျက်လုံးများ ပြာဝေသွားသည်။

ဦးခေါင်းထဲ၌လည်း မိုက်ခဲနဖြစ်သွား၏။

ကလေးငယ် ဓားထိသွားပြီဟူသော အသိသည် အရာရာကို မေ့လျော့သွားစေ၏။

မျက်နှာဖုံးစွပ်နှင့်လူကြောင့်ဟုတွေးရင်း ဒေါသအိုးပေါက်ကွဲသွားလေသည်။

"သေပေတော့ ...."

အော်ငေါက်ရင်း တရကြမ်းလိုက်လံတိုက်ခိုက်လေသည်။

ကလေးအား ထိမည်ကိုပင် မစိုးရိမ်တော့ချေ။

"ဟင် ...."

မျက်နှာဖုံးစွပ်နှင့်လူ ရင်ထိတ်သွား၏။

ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ကလေးနှင့်သာ အကာအကွယ်ပြုနေလျှင် တစ်ချိန်ချိန် သူလည်း ဓားချက်ထိရမည်ဟု နားလည်၏။

ထို့ကြောင့် ....

ကလေးကို ကြမ်းပြင်ပေါ်ချလိုက်ပြီး လက်နှစ်ဖက် ဆန့်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ၏လက်နှစ်ဖက် ဆန့်ထုတ်လိုက်သည်နှင့် ခါးတွင် အစီအရီထိုးထားသော တစ်ပေခန့်ရှိ ဓားပါးကလေးနှစ်လက်ကို ဆွဲထုတ်ပြီးသား ဖြစ်နေ၏။

ဓားပါးကလေးနှစ်လက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်နှင့် ....

"ဝှစ် ...."

"အား ...."

ရှူးရှသောအော်ဟစ်သံ တစ်ချက်ထွက်ပေါ်လာပြီး စုယဉ်မှာ ကြမ်းပြင်ပေါ် လဲကျသွား၏။

သူမ၏ရင်ဝတွင် ဓားပျံတစ်လက်စိုက်ဝင်နေပေသည်။

စုယဉ်အားယူ၍ ထလာ၏။

သို့သော် ....

"ဝုန်း ...."

ကြမ်းပြင်ပေါ် ပြန်လည်လဲကျကာ တုတ်တုတ်မျှပင် မလှုပ်ပါတော့ချေ။

"ဟား ....ဟား ....ဟား ...."

မျက်နှာဖုံးရှင် သဘောကျစွာ ရယ်မောလိုက်၏။

ကလေးနှစ်ယောက် ငိုသံကား ရှူးရှူးဝါးဝါး ကျယ်လောင်စွာ ထွက်ပေါ်နေပေတော့သည်။

စုယဉ်ကား ကြမ်းပြင်ပေါ်တွင် မလှုပ်မယှက်လဲလျောင်းနေသည်။

သူမ၏ဘဝတွင် ယခုလို အဖြစ်ဆိုးနှင့် ကြုံကာ လူ့လောကအား စွန့်ခွာသွားရမည်ဟု လုံးဝမျှော်လင့်မထားခဲ့ချေ။

မမျှော်လင့်သော ကြမ္မာဆိုးက သူတို့မိသားစုအပေါ် ကျရောက်လာပြီဖြစ်ပါသည်။

ကြိုဟ်မွှေသည့်ကြမ္မာဆိုးအား ဖန်တီးသူကား ....

မိန်းကလေးတစ်ယောက် အိမ်ထဲလှမ်းဝင်လာသည်။

သူမ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့်အသွင်သဏ္ဌာန်များ အထင်းသားပေါ်လွင်နေ၏။



ထိုမိန်းကလေးမှာ မေဝါးဖြစ်ပေသည်။

မေဝါးသည် အိမ်ထဲသို့ရောက်သည်နှင့် ကလေးနှစ်ယောက်အား ထွေးပွေ့လိုက်သည်။

ကလေးကြီးသည် တဝါးဝါးငိုကြွေးနေဆဲ ဖြစ်သော်လည်း ကလေးငယ်ကား သူမအား မီခင်ထင်မှတ်ကာ အငိုတိတ်သွားလေသည်။

ကလေးကြီးမှာ နဖူးတွင် သွေးများစီးကျနေ၏။

မျက်နှာဖုံးရှင်၏လွဲချော်သွားသော ဓားပျံတစ်လက်က ကလေးကြီး၏ နဖူးအား ရှပ်ထိသွားခဲ့ခြင်းပင်ဖြစ်သည်။

မေဝါးက ကလေးကြီးကို ချော့မော့လိုက်သည်။

"တိတ်ပါ ကလေးရယ် ....ဒေါ်ဒေါ်ဆေးထည့်ပေးမယ်နော်၊ မနာပါဘူး .... အခုပျောက်သွားမှာပါ ...."

မေဝါးက လက်ကိုင်ပဝါတစ်ထည်ဖြင့် သွေးသုတ်ပေးကာ ဒဏ်ရာပတ်ဝန်းကျင်ကို နှိပ်နယ်ပေးလိုက်သည်။

ဒဏ်ရာမှ နာကျင်မှု ပျေ့ပါးသွားသဖြင့် ကလေးမှာ တဖြည်းဖြည်း အငိုတိတ်သွားလေတော့သည်။

မေဝါးက မျက်နှာဖုံးစွပ်ထားသူဘက် လှည့်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူသည် စုယဉ်၏လက်ချက်ကြောင့် ပေါင်တွင် ဓားဒဏ်ရာတစ်ချက် ရရှိထား၏။

သူက ဒဏ်ရာကို ဆေးများထည့်ပြီး ပဝါတစ်ထည်ဖြင့် ပတ်တီးစည်းနှောင်လိုက်၏

မေဝါးက ....

"ရှင် တော်တော်ညှံ့ဖျင်းတာပဲ ....ကျွန်မ နိုင်းတာတစ်မျိုး....

ရှင်လုပ်တာကတစ်မျိုး ....အကုန်လုံး အလွဲလွဲအချော်ချော် ဖြစ်ကုန်ပြီ"

ဟု မာန်မဲလိုက်သည်။

တစ်ဆက်တည်းပင် ....

"ရှင် မျက်နှာဖုံးကို ချွတ်ပစ်လိုက်စမ်းပါ ....အခုအချိန်မှတော့ အသုံးမကျတဲ့ သည်မျက်နှာဖုံး ဘာအသုံးဝင်တော့မှာလဲ ...."

မျက်နှာဖုံးစွပ်ထားသူက ဒေါပွပွဖြင့် မျက်နှာဖုံးစွပ်ကို ချွတ်ကာ ကြမ်းပြင်ပေါ် ပစ်ပေါက်ချလိုက်သည်။

မျက်နှာဖုံးချွတ်လိုက်မှ မျက်နှာသွင်ပြင် ပေါ်လွင်လာ၏။

မျက်နှာဖုံးစွပ်ထားသူကား မေဝါးနှင့် လက်ထပ်ရန် သဘောတူထားသည့် ဗွန်ရဲသခင်ကျန်းရှို့ ဖြစ်နေပေတော့သည်။

ကျန်းရှို့က မကျေမနပ်ဖြင့် ....

"ကျုပ်ရောက်လာတော့ အိမ်ထဲမှာ ထင်မင်းမှမရှိတာ"

မေဝါးက ....

"သူမရှိရင် ပြန်ထွက်ခဲ့ပေါ့ ...."

"ကျုပ်လည်း ထွက်မလို့ဘဲ .... အိပ်ပျော်နေတဲ့ကလေးက လန့်နိုးပြီးငိုတော့ စုယဉ်က တွေ့သွားတာပဲ ...."

မေဝါးက ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသည့် စုယဉ်၏ အလောင်းကို ညွှန်ပြရင်း ....

"အခုတော့ စုယဉ် သေပြီ ....ဘယ်လိုလုပ်ကြမလဲ ...."

ကျန်းရှို့ ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"သူဟာ ညီမအတွက် အဓိကရန်သူပဲ မဟုတ်လား ....သူ့ကြောင့် ညီမက ထင်မင်းကို လက်လွှတ်လိုက်ရတာ ....သူသေသွားတော့ ညီမ ဝမ်းသာရမှာပေါ့ ...."



မေဝါး ခေါင်းညိတ်လိုက်သည်။

"ရှင်ပြောတာ မှန်တယ် ....ကျွန်မလည်း သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးခဲ့တာပဲ ....ဒါပေမယ့် ကလေးတွေရှိသေးတယ် မဟုတ်လား ...."

ကျန်းရှို့က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ကလေးတွေ ဘာတွေ ကျုပ် နားမလည်ဘူး ....အားလုံးကို အပြတ်ရှင်းပစ်တာ အကောင်းဆုံးပဲ ...."

"ဘာ ...."

မေဂါး အထိတ်တလန့် ဖြစ်သွားသည်။

ကျန်းရှို့ကို အံ့ဩသော မျက်လုံးများဖြင့် ကြည့်ရင်း ....

"ရှင် ဟော်တော်ရက်စက်ပါလား ...."

ကျန်းရှို့ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ရက်စက်သင့် ရက်စက်ရမှာပေါ့ ...."

မေဝါး၏မျက်နှာ တင်းမာသွား၏။

"ရှင် ကျွန်မစကား နားမထောင်တော့ဘူးလား ...."

ကျန်းရှို့ ပခုံးတွန့်လိုက်သည်။

"ကျုပ် မင်းစကား နားထောင်လာခဲ့တာ ကြာပါပြီ ....အခုတော့ ကျုပ်စကား မင်းနားထောင်ရမယ့်အလှည့် ရောက်လာပြီလေ"

"ဘာ ...."

မေဝါး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

ကျန်းရှို့က ....

"မင်းရဲ့မိဘတွေရှိစဉ်တုန်းက ကျုပ်ဟာ သူတို့စကားကို မြေဝယ်မကျ နားထောင်ခဲ့တာယ် ....အခုတော့ သူတို့ မရှိတော့ဘူး

လေ ....”

“ရှင်က ကျွန်မမိဘတွေ မရှိတော့လို့ ကျွန်မကို အရေးမစိုက်တော့တဲ့ သဘောပေါ့ ....”

“မင်းကကော ကျုပ်ကို ဘယ်တုန်းက အရေးစိုက်ခဲ့လို့လဲ” မှန်ပေသည်။

သုံးနှစ်ဟူသော အချိန်အတွင်း၌ မေဝါး မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပြီ ဖြစ်လေသည်။

မေဝါးသည် ကျန်းရှုံ့နှင့်လက်ထပ်ရန် အချိန်ဆွဲထားပြီး ထင်မင်းကို လိုက်လံရှာဖွေခဲ့သည်။

သုံးနှစ်လုံးလုံး ဖွဲမလျှော့ဘဲ လိုက်လံရှာဖွေပြီးမှ ယခုလို ထင်မင်းနေထိုင်သည့် အိမ်ကလေးအား တွေ့ရှိခဲ့ခြင်း ဖြစ်ပေသည်။

မေဝါးက စိတ်ထားပြောင်းလဲသွားသော ကျန်းရှုံ့အား ကြည့်ကာ ....

“ရှင် ဘယ်လိုလုပ်စိတ်သဘောထား ပြောင်းသွားတာလဲ .... ကျွန်မတော့ မယုံနိုင်အောင်ဖြစ်နေရပြီ ....”

ကျန်းရှုံ့က ရယ်မောကာ ....

“သံမဏိလက်ဟာ လူတစ်ယောက်ရဲ့စိတ်ထားသာ မကဘူး ဘဝကိုပါ ပြောင်းလဲသွားစေနိုင်တယ်လေ .... ထင်မင်းကို ရှင်းပြီးရင် သံမဏိလက် ကျုပ်လက်ထဲ ရောက်လာမယ် မဟုတ်လား .... ကျုပ်ဟာ မကြာခင် သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့လူတစ်ယောက် ဖြစ်လာရတော့မှာပေါ့ ....”

သံမဏိလက်တစ်စုံပေါ်၌ လျှို့ဝှက်သင်္ကေတများဖြင့် သိုင်းကွက်များ ရေးမှတ်ထားသည်ဟု အဆိုရှိပေသည်။



ကျန်းရှုံ့သည် သံမဏိလက်ကို လိုချင်တပ်မက်လျက်ရှိပြီး သူမကိုပင် ဒုက္ခပေးလာနိုင်ကြောင်း မေဝါး တွေးမိလေသည်။

ကျန်းရှုံ့က ....

“ကျုပ်က မင်းကိုလည်း အလိုရှိတယ် .... သံမဏိလက်ကိုလည်း လိုချင်တယ် ....မင်းအတွက် ထင်မင်းနဲ့စုယဉ်ကို ကျုပ် သုတ်သင်ရှင်းလင်းပေးမယ် ....သံမဏိလက်ကို ကျုပ်ယူမယ် ....မင်းလည်း ကျုပ်ကိုလှည့်စားပြီး အချိန်ဆွဲလို့ မရတော့ဘူး ....မင်းကို ကျုပ် သိမ်းပိုက်ရလိမ့်မယ် ....”

ကျန်းရှုံ့ စိတ်ဖောက်ပြန်သွားပြီလောဟုပင် မေဝါး တွေးမိလေသည်။

အမှန်စင်စစ် ....

ကျန်းရှုံ့သည် မေဝါးက သူ့အပေါ် မေတ္တာမရှိဘဲ ထင်မင်းအပေါ် မေတ္တာသက်ဝင်ခဲ့သည်ကို မနာလိုမရှုစိမ့် ဖြစ်ခဲ့သည်။

အခွင့်အရေးရလျှင် ထင်မင်းကို သုတ်သင်ပြီး မေဝါးကိုလည်း ဆုံးမရန် စိတ်ကူးထားခြင်းဖြစ်သည်။

ဟန်ဆောင်ကောင်းလှသဖြင့် ကျန်းရှုံ့၏စိတ်ရင်းသဘောထားကို မေဝါး မရိပ်မိခဲ့ပါချေ။

“မကြာခင် ထင်မင်း ပြန်ရောက်လာတော့မှာပဲ ....သူ သေသွားတာ မကြည့်ချင်ရင် မင်းရှောင်နေနိုင်တယ် ....”

မေဝါး ခေါင်းခါယမ်းလိုက်သည်။

“ထင်မင်းက စုယဉ် မဟုတ်ဘူးဆိုတာတော့ ရှင် သိထားရလိမ့်မယ် ....”

"ဘာဖြစ်လို့လဲ ...."

"ထင်မင်းရဲ့သိုင်းပညာဟာ စုယဉ်ထက်အဆတစ်ရာလောက် ပိုပြီးတော်တယ် .... ကလေးတွေ ဒုက္ခရောက်ပြီး စုယဉ်သေတာတွေ့ရင် ထင်မင်းက ရှင့်ကိုအမှုန့်ကြိတ်ပစ်လိမ့်မယ် ...."

ကျန်းရှို့ တွေဝေသွားသည်။

ထင်မင်း၏ကျော်ကြားသော ဂုဏ်သတင်းကို ကြားဖူးခဲ့ရာ ရင်ဆိုင်တိုက်ခိုက်ရန် ဝန်လေးနေသည်။

ထို့အပြင် ....

စုယဉ် လက်ချက်ကြောင့် ပေါင်ကွင်းဓားဒဏ်ရာရခဲ့သည် မဟုတ်ပါလား။

မေဝါးက ဆက်ပြောလိုက်သည်။

"ရှင်က .... ထင်မင်းကို အနိုင်လိုချင်တယ်ဆိုရင် ပရိယာယ်ဆင်မှ ဖြစ်လိမ့်မယ် ...."

"ကျုပ်ဘယ်လိုလုပ်ရမှာလဲ ...."

"လွယ်ပါတယ် .... ကလေးနှစ်ယောက်ကို ဓားစာခံလုပ်ပြီး ခေါ်သွားပေါ့ .... ပြီးတော့ သံမဏိလက်နဲ့ လာရွေးဖို့ ချိန်းလိုက်ရင် ထင်မင်း နေနိုင်မှာမဟုတ်ဘူး .... ကလေးတွေ[illegible] ရှင့်ကို ဒုက္ခပေးရဲမှာ မဟုတ်ဘူး ...."

ကျန်းရှို့ ရယ်မောလိုက်သည်။

"မဆိုးဘူး .... သည်အကြံအကောင်းဆုံးပဲ .... ဒါထက် ကလေးနှစ်ယောက်ကို ခေါ်သွားရမှာ ပင်ပန်းလှပါတယ် .... တစ်ယောက် ခေါ်သွားရင် မရဘူးလား ...."



မေဝါး ရင်ထိတ်သွား၏။

သူမက ကပျာကယာ လက်ကာပြလိုက်သည်။

"မလုပ်နဲ့ .... ထင်မင်းက ကလေးတွေထိရင်တော့ လုံးဝ သည်းခံမှာမဟုတ်ဘူး .... ကလေးတွေအတွက် ကျွန်မ တာဝန်ယူပါတယ် ...."

သူမသည်လည်း အတူလိုက်ခဲ့မည့်သဘော ပြောလိုက်ရာ ကျန်းရှို့ သဘောကျသွားသည်။

"ကောင်းပြီလေ .... သည်အတိုင်းပဲ လုပ်ကြတာပေါ့ ...."

"သည်လိုဆို ရှင် စာတစ်စောင်ရေးပေတော့ ...."

"ကျုပ်စိတ်ကြိုက်နေရာကို ချိန်းလိုက်မယ် ...."

ကျန်းရှို့က စက္ကူနှင့်မှင်တံ ရှာဖွေယူကာ စာတစ်စောင်ရေးလိုက်၏။

သူ စာရေးနေစဉ် မေဝါးက ကလေးနှစ်ယောက်အား သွေးကြောထိုးပိတ်ထားလိုက်သည်။

ကလေးနှစ်ယောက်နှင့် ထင်မင်းအား ကယ်တင်ရန် သူမ အပြေးအလွှားစဉ်းစားလိုက်သည်။

ကျန်းရှို့အား တားဆီးနိုင်မည် မဟုတ်တော့ချေ။

ကိုယ်ရှုံးကိုယ်ပတ်ကာ ဒုက္ခတွေ့ရချေပြီ။

စုယဉ် သေဆုံးသွားမှ မေဝါး နောင်တရလာသည်။

သာယာချမ်းမြေ့သော အိမ်ထောင်စုတစ်ခုအား ဖြိုခွဲပစ်ရန် ကြံစည်မိခြင်းအတွက် နောင်တရမဆုံးအောင် ဖြစ်နေပေတော့သည်။

သူမ အပြေးအလွှားစဉ်းစားရင်း ကျန်းရှို့နှင့် ထင်မင်းတို့

ရင်ဆိုင်သည့်အခါ ကလေးနှစ်ယောက်အတွက် စိုးရိမ်ခြင်းမရှိစေရန် ထုတ်ဖော်ပြောဆိုပြီး ကျန်းရှုံ့ကို အနိုင်တိုက်ခိုက်ခိုင်းမည်ဟု စဉ်းစားလိုက်သည်။

ကြံရာမရသည့်အဆုံး ထိုသို့ပင် ပြုလုပ်ရန်ဆုံးဖြတ်လိုက်သည်။

သူမကိုယ်တိုင် သိုင်းပညာတတ်မြောက်ထားသော်လည်း အချိန်ရှိတိုင်း အပတ်တကုတ်လေ့ကျင့်ကြိုးစားနေသည့် ကျန်းရှုံ့ကိုတော့ မမီချေ။

သူမ၏မိဘများကလည်း နောင်တစ်ချိန် မေဝါး၏ခင်ပွန်းဖြစ်လာမည်ဟု ယူဆကာ သိုင်းပညာအိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့ကြသည်။

ကျန်းရှုံ့က စာရေးပြီးသည်နှင့် စားပွဲပေါ်တင်ထားလိုက်၏။ လေတိုက်လျှင် လွင့်ပါးမသွားရန် စုယဉ်၏ကိုယ်ပေါ်မှ ဓားကိုဆွဲနှုတ်ကာ စားပွဲပေါ်တွင် စိုက်ထားလိုက်၏။

ဓားတွင်ပေကျံနေသော မေဝါး၏သွေးများ စာရွက်ကလေး၌ စွန်းထင်သွား၏။

ကျန်းရှုံ့သည် မေဝါးသွေးထင်ထားသည့်ထက် ပို၍ ကောက်ကျစ်စဉ်းလဲသူဖြစ်ပေသည်။

စုယဉ်၏ရင်ဝမှဓား ဆွဲနှုတ်လိုက်သည့်တစ်ခဏဝယ် မေဝါး မမြင်သာအောင် သူ၏ကိုယ်လုံးနှင့်ကွယ်ကာ အင်္ကျီအိတ်ထဲမှ အထုပ်ကလေးတစ်ထုပ် နှိုက်ယူလိုက်သည်။

ထို့နောက် ....

အထုပ်ကလေးအတွင်းမှ ဖြူဖြူအမှုန့်များကို စုယဉ်၏ကိုယ်



ပေါ် ကျဲချလိုက်လေသည်။

ထိုအခြင်းအရာကို မေဝါး လုံးဝမတွေ့ခဲ့ပါချေ။

ကျန်းရှုံ့က ....

"ကဲ .... စာရေးပြီးပြီ .... ကျုပ်တို့ ကြိုတင်သွားပြီး စောင့်နေကြရအောင် ...."

"ရှင်က ဘယ်မှာ ချိန်းထားလို့လဲ ...."

"မြောက်ဘက်က မရဏတောင်ကမ်းပါးကို လာခဲ့ဖို့ ချိန်းလိုက်တယ် ...."

မေဝါးမျက်မှောင်ကြုတ်ကာ ....

"အဲသည်နေရာက မခေါင်ဘူးလား ...."

ကျန်းရှုံ့က ခေါင်းညိတ်ရင်း ....

"ခေါင်လို့ တမင်ရွေးလိုက်တာပေါ့ .... ထင်မင်းက သူ့မိတ်ဆွေတွေခေါ်လာရင် ကျုပ်တို့အလျှင်ဦးအောင် တွေ့နိုင်တယ် .... သူ့ဆီက သံမဏိလက်ရပြီးရင်လည်း နောက်ယောင်ခံမလိုက်နိုင်အောင် မျက်ခြည်ပြတ်နိုင်တဲ့နေရာ မဟုတ်လား ...."

မေဝါး စောဒက မတက်တော့ချေ။

"ကောင်းပြီလေ .... ကျွန်မတို့ သွားကြတာပေါ့ .... ဒါပေမယ့် တစ်ခုတော့ ရှင်ကတိပေးရမယ် ...."

"ပြောပါ ...."

"ကလေးတွေကို ရှင် လက်ဖျားနဲ့တောင် မထိရဘူး ...."

ကျန်းရှုံ့ ရယ်မောလိုက်သည်။

"စိတ်ချ .... ကျုပ် အာမခံတယ် ...."

"ဒါဆို ပြီးတာပဲ ...."

သူတို့နှစ်ယောက် အိမ်ထဲမှ ထွက်လာခဲ့ကြသည်။

ခြံဝင်းအပြင်ဘက် တောထဲ၌ ဝှက်ထားခဲ့သော မြင်းနှစ်ကောင်ကိုယူကာ ဒုန်းစိုင်းစီးနင်း၍ ထွက်လာခဲ့လေတော့သည်။

## အခန်း(၁၉)

## ကြမ္မာဆိုး

လေတဟူးဟူးတိုက်ခတ်နေသည်။

တောင်ကမ်းပါးယံဘေးပတ်ပတ်လည်တွင် သစ်ပင်၊ ဝါးပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိနေသည်။

တောင်ကမ်းပါးယံအောက်ဘက်တွင် မြစ်ကျဉ်းရှိသည်။

မြစ်ရေသည် တသွင်သွင်စီးဆင်းနေသည်ကို အပေါ်ဘက်မှ မှန်ပျပျလေးသာ မြင်ရပါ၏။

အငွေ့မြင့်မားသော ကျောက်တောင်ကမ်းပါးယံပေါ်၌ လူတစ်ယောက် မားမားမတ်မတ်ရပ်နေ၏။

ထိုလူသည်ကား သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သံမဏိထင်မင်းပင် ဖြစ်သည်။

ထင်မင်း၏လက်ထဲ၌ ဓားပါးငယ်တစ်လက် ကိုင်ဆောင်ထားသည်။

ထိုဓားပါးကလေးမှာ စုယဉ်၏ဝိညာဉ်ကို နုတ်ယူသွားသော ဓားကလေးဖြစ်ပေသည်။

ဓားပေါ်တွင် စုယဉ်၏သွေးများ ခြောက်သွေ့နေပြီဖြစ်သည်။

ထင်မင်း၏အခြားလက်တစ်ဘက်၌ အထုပ်ကလေးတစ်ထုပ် ကိုင်ဆောင်ထား၏။

ယင်းအထုပ်ကလေးအတွင်း၌ သိုင်းလောကသားတိုင်းလိုချင် မက်မောသည့် သံမဏိလက်ရှိပေသည်။

ထင်မင်းသည် တောင်ကမ်းပါးယံအပေါ် ခြေချမိသည်နှင့် အော်ပြောလိုက်လေ၏။

"ကျုပ် ထင်မင်း ရောက်လာပြီ .... ခင်ဗျားတို့ ထွက်လာခဲ့ ပါတော့ ...."

သူ၏စကားသံသည် တောင်ကမ်းပါးယံတွင် ကျယ်လောင်စွာ ဟိန်းထွက်လာ၏။

ခြသေ့်တစ်ကောင် ဟိန်းဟောက်လိုက်သည်နှင့်ပင် တူနေသေးတော့၏။

ထင်မင်း၏စကားသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းပင် ရယ်သံတစ်သံထွက်ပေါ်လာ၏။

"ဟား .... ဟား .... ဟား ...."

ကျယ်လောင်သောရယ်မောသံသည် ဟိန်း၍ထွက်ပေါ်လာလေတော့သည်။

နောက်ကျောဘက်မှ ထွက်ပေါ်လာခြင်းဖြစ်ရာ ထင်မင်း ဆတ်ခနဲလှည့်ကြည့်လိုက်၏။

သူ၏အနောက်ဘက်တောင်စွန်း တစ်နေရာ၌ မျက်နှာဖုံးစွပ်ထားသူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ထင်မင်းက ထိုလူအား စေ့စေ့ကြည့်ကာ မေးလိုက်၏။



"သံမဏိလက်လိုချင်တာ ခင်ဗျားလား ...."

မျက်နှာဖုံးစွပ်ထားသူမှာ ကျန်းရှုံ့ဖြစ်သည်။

ကျန်းရှုံ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ...."

"ကျုပ်ဇနီးကို သတ်သွားတာ ခင်ဗျားလား ...."

"ဟုတ်တယ် ...."

ကျန်းရှုံ့က ဘာမှမဖြစ်သလို ပြောလိုက်၏။

ထင်မင်း အံတင်းတင်းကြိတ်ထားလိုက်သည်။

အပြစ်မရှိသောသူ၏ဇနီးအား သတ်ဖြတ်သွားပြီး ကလေးများ ဖမ်းဆီးခေါ်သွားသူကို သူ မည်သည့်အခါမျှ ခွင့်လွှတ်နိုင်မည် မဟုတ်ချေ။

ကျန်းရှုံ့အား စိုက်ကြည့်ရင်း ....

"ကျုပ်ကလေးတွေကော ...."

"ရှိပါတယ်ဗျာ .... သံမဏိလက် ကျုပ်လက်ထဲ ရောက်လာတာနဲ့ ကလေးတွေ ပြန်ရပါလိမ့်မယ် ...."

ထင်မင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကလေးတွေကို အရင်တွေ့ချင်တယ် ...."

ကျန်းရှုံ့ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ခင်ဗျားက မယုံဘဲကိုး .... ကဲ .... ညီမ ကလေးတွေခေါ်ပေးခဲ့ပါဦး ...."

သူ၏စကားအဆုံးတွင် မေဝါးက ကလေးနှစ်ယောက်အား ချီပိုးကာ ကျောက်တုံးကြီးတစ်တုံးနောက်ကွယ်မှ ထွက်လာလေသည်။

မမျှော်လင့်ဘဲ မေဝါးအား တွေ့ရလျှင် ထင်မင်း ပါးစပ်

အပေါင်းသား ဖြစ်သွားရလေသည်။

မေဝါးအား မယုံကြည်နိုင်စွာ စိုက်ကြည့်ရင်း ....

"ညီမ ....ညီမ ....သည့်ကိစ္စထဲမှာ ပါဝင်ပတ်သက်နေတယ် ဟုတ်လား ...."

မေဝါး ခေါင်းငုံ့ထားလိုက်လေသည်။

ထင်မင်းနှင့် မျက်နှာချင်းမဆိုင်ဝံ့ချေ။

ထင်မင်း မချိပြုံးပြုံးလိုက်သည်။

"ညီမရယ် ....စုယဉ်မှာ ဘာအပြစ်မှ မရှိပါဘူး ....ညီမ မကျေနပ်ရင် အစ်ကို့ကိုပဲ သတ်ပစ်လိုက်ဖို့ ကောင်းပါတယ်ကွယ် ...."

သူ၏လေသံမှာ ဆွေးမြေ့ကြေကွဲနေ၏။

မေဝါး ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့ချေ။

ငိုသံပါကြီးဖြင့် အော်ပြောလိုက်လေသည်။

"မ ....မဟုတ်ဘူး ....ကျွန်မ သူ့ကို သတ်ဖို့မရည်ရွယ်ဘူး.... ကျွန်မ .... ကျွန်မ ...."

သူမ ဘာဆက်ပြောရမှန်း မသိဖြစ်နေ၏။

ထင်မင်းက ....

"ညီမ .... ကျုပ်ရဲ့ကလေးတွေကော ...."

သူ၏စကားမဆုံးမီ မေဝါးကကြားဖြတ်ပြောလိုက်လေသည်။

"စိတ်ချပါ .... ကလေးနှစ်ယောက်စလုံး ဘာမှမဖြစ်စေရပါဘူး .... စုယဉ် သေဆုံးသွားကတည်းက ကျွန်မ နောင်တရပါပြီ .... သည်ကလေးနှစ်ယောက်ကို ကျွန်မ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ် ...."

ထင်မင်း သက်ပြင်းချလိုက်သည်။



မေဝါး အကြီးအကျယ် ဝမ်းနည်းကြေကွဲနေကြောင်း သူရိပ်မိ၏။

သူက မေဝါးအကြောင်း ကောင်းစွာနားလည်သဘောပေါက်ထားသည်။

ထို့ကြောင့် ....

ကျန်းရှုံ့ဘက်သို့လှည့်ကာ မေးလိုက်၏။

"ကျုပ်ရဲ့ကလေးနှစ်ယောက် ပြန်ပေးမယ် မဟုတ်လား"

ကျန်းရှုံ့ခေါင်းညိတ်ကာ ....

"ခင်ဗျားက သံမဏိလက် ပြန်ပေးမှတော့ ကျုပ်လည်း ပြန်ပေးရမှာပေါ့ ...."

"ကောင်းပြီ .... ဟောသည်အထုပ်ကလေးထဲမှာ သံမဏိလက်ပါတယ် .... လာယူပါ ...."

လက်ထဲမှ အထုပ်ကလေးကို ဝှေ့ယမ်းပြရင်း ပြော ဗိုက်သေသည်။

ကျန်းရှုံ့ ခေါင်းယမ်းရင်း ....

"ကိစ္စမရှိဘူး .... ပစ်ပေးလိုက်ပါဗျာ ...."

"ပစ်ပေးလို့ ဘာဖြစ်မလဲ ....ပွန်းပဲ့သွားမှာပေါ့ ...."

ကျန်းရှုံ့ အခက်ကြုံသွား၏။

ထင်မင်းအနီးသို့ ချဉ်းကပ်သွားလျှင် တိုက်ခိုက်ခြင်း ခံရမည်ဖြစ်ကြောင်း နားလည်ထားသည်။

ထင်မင်းအား ရင်ဆိုင်ရန် မလွယ်ကြောင်း နားလည်ထားရာ စုယဉ်၏အလောင်းပေါ်တွင် ကြိုတင်အဆိပ်ခတ်ထားခဲ့လေသည်။

ထင်မင်း အမဲလိုက်ရာမှ ပြန်လာ၍ စုယဉ် သေဆုံးနေသည်

ကို တွေ့လျှင် ကျိန်းသေပွေ့ဖက်လိမ့်မည်ဟု ယုံကြည်၏။

သို့မဟုတ်လျှင် ....

စုယဉ်၏အလောင်းကို မြေမြှုပ်သောအခါ ကျိန်းသေကိုင်တွယ်ရမည် ဖြစ်ပေသည်။

စုယဉ်၏အလောင်းကို ထိတွေ့လိုက်သည်နှင့် အဆိပ်မိသွားအောင် ကြံဆောင်ခဲ့ခြင်းဖြစ်သည်။

ထင်မင်း အဆိပ်မိလိမ့်မည်ဟု ယုံကြည်သော်လည်း မသေချာ၍ မပေါ့ဆဝံ့ပါချေ။

ထင်မင်းက အထုပ်ကလေးကို မြှောက်ပြရင်း ....

"ခင်ဗျား လိုချင်တယ် မဟုတ်လား .... လာယူလေ ...."

ကျန်းရှို့ ဒေါပွသွားသည်။

"ဘာလဲ ....ခင်ဗျားက ကလေးတွေအတွက် မငဲ့ကွက်တော့ဘူးထင်တယ် ...."

ထင်မင်း ရယ်မောလိုက်သည်။

"မေဝါးလက်ထဲ ကျုပ်ကလေးနှစ်ယောက် ရောက်နေပြီဆိုတော့ ကျုပ် စိတ်ချပါပြီဗျာ ...."

ထိုစကားကြားလျှင် ကျန်းရှို့က မေဝါးဘက်သို့လှမ်းကြည့်လိုက်၏။

မေဝါးသည် ကလေးနှစ်ယောက်အား အသက်နှင့်လဲကာ ကာကွယ်စောင့်ရှောက်မည့်ပုံရှိကြောင်း တွေ့ရ၏။

ထို့ကြောင့် ....

ကျန်းရှို့ ပိုပြီးဒေါသဖြစ်သွားလေသည်။

"ညီမ ကလေးတစ်ယောက်ကို ချောက်ထဲပစ်ချလိုက်စမ်းပါ"



ဟု အော်ပြောလိုက်သည်။

မေဝါး ခေါင်းယမ်းလိုက်လေသည်။

"ကျွန်မ မလုပ်နိုင်ဘူး ...."

"မင်း .... မင်း ...."

"ရှင် ကျွန်မစကား နားမထောင်ဘဲ စုယဉ်ကို သတ်ပစ်လိုက်ကတည်းက ရှင်နဲ့လမ်းခွဲဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပြီ ...."

"ညီမ .... မင်းမှားမယ် ...."

"ကျွန်မ ဘာမှမှားစရာအကြောင်း မရှိဘူး .... ရှင်နဲ့ဆက်ပြီး ပူးပေါင်းနေရင်သာ အမှားတွေ ဆက်တိုက်ကျူးလွန်မိလိမ့်မယ်"

ကျန်းရှို့၏မျက်နှာ ခက်ထန်တင်းမာသွား၏

"လက်စသတ်တော့ မင်းက ကျုပ်ကို သစ္စာဖောက်တာကိုး"

မေဝါးက ....

"ကျွန်မ အမှားကြီးမှားနေပြီဆိုတာ သိတယ် .... ဒါပေမယ့် နောက်ကျနေပြီမို့ ဆက်မမှားမိအောင် ရှင့်အကြံကို သဘောတူလိုက်တာ .... အခုတော့ ကလေးတွေကို ကျွန်မ ကာကွယ်စောင့်ရှောက်မယ် .... ရှင်ပြောတဲ့အတိုင်း မလုပ်နိုင်တော့ဘူး ...."

ကျန်းရှို့ နှာခေါင်းရှုံ့ကာ ....

"မင်းဟာ သစ္စာဖောက်ပဲ ....ထင်မင်းကို အားကိုးလို့ရမယ်များထင်နေသလား ...."

"ရှင် မှားပြီ .... ကျွန်မ သူ့ကို အားကိုးဖို့ စိတ်မကူးဘူး .... သူကလည်း ကျွန်မကို ကူညီမှာ မဟုတ်ဘူး ....ကျွန်မရဲ့အပြစ်တွေကို အသက်နဲ့ပေးဆပ်ဖို့ ဆုံးဖြတ်ပြီးပြီ .... သည်ကြားထဲမှာ ကလေးတွေ ဒုက္ခမရောက်အောင်တော့ ကာကွယ်စောင့်ရှောက်ရလိမ့်မယ် ...."

ကျွန်းရှုံ့ မြေပေါ်ခြေဆောင့်ရင်း ....

"မင်း တကယ်ပဲ ကလေးတွေကို စောင့်ရှောက်နိုင်မလား" ပြောပြီး မေဝါးထံလှမ်းသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

"ရပ်လိုက် ...."

ထင်မင်းက ဟန့်တားလိုက်သည်။

မေဝါး စိတ်ထားပြောင်းလဲသွားခြင်းကြောင့် ကလေးငယ်များအတွက် စိုးရိမ်ပူပန်စရာမလိုတော့ဟု နားလည်မိသည်။

ကလေးနှစ်ယောက်အတွက် စိတ်ချရပြီဆိုလျှင် စုယဉ်အတွက် ကျွန်းရှုံ့အား ရင်ဆိုင်ဖို့သာ ကျန်တော့သည် မဟုတ်လား။

မေဝါးထံ လှမ်းသွားရန် ဟန်ပြင်နေသော ကျွန်းရှုံ့ရှေ့သို့ ခုန်ဝင်ဟန့်တားလိုက်လေသည်။

ထင်မင်းက ....

"ကျုပ်ဇနီးအတွက် ခင်ဗျားအသက်နဲ့ ပေးဆပ်ရလိမ့်မယ်" ကျွန်းရှုံ့ ရယ်မောလိုက်သည်။

"ခင်ဗျားက ဘာတတ်နိုင်မှာမို့လဲ .... အခု ကျုပ်အားလုံးလက်ဖ... လိုက်ပြီ .... မေဝါးကိုလည်း မရရင် နေပါစေတော့ .... သံမဏိလက်... ရင် ကျေနပ်ပြီ .... ကျုပ် အရာရာကို စွန့်ရဲတယ် .... ဘာမဆိုလုပ်ရ... ယ်ဗျ ...."

ထင်မင်းက ....

"ကျုပ်ကလေးတွေအတွက် မစိုးရိမ်ရတော့ဘူးဆိုရင် မင်းကို သတ်ပစ်နိုင်တယ်ဆိုတာ မေ့တွေးမိဘူးလား ...."

ကျွန်းရှုံ့ မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ဘယ်လိုပဲ ကျုပ်ကို သတ်ပစ်ချင်ပေမယ့် .... မရနိုင်ဘူးဆိုတာ နားလည်စမ်းပါ ....ခင်ဗျားဟာ စုယဉ်ရဲ့အပေါင်းကို ကိုင်လိုက်တာနဲ့ .... ကျုပ် ဖျန်းထားတဲ့အဆိပ်ဒဏ်သွားပြီဗျ ...."

"ဘာ ...."

ထင်မင်း ရင်ထိတ်သွား၏။

အမဲလိုက်ရာမှ အိမ်ပြန်ရောက်လာသောအခါ အရုပ်ဆိုး အကျည်းတန်သော မြင်ကွင်းကို တွေ့မြင်ခဲ့ရသည်။

အဖြစ်ဆိုးကျသည့် စုယဉ်ကို ပွေ့ဖက်ရင်း သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျခဲ့သည်။

စုယဉ်ကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်ခဲ့၏။

ပြီးမှ ချိန်းဆိုထားရာ ဤနေရာသို့ လိုက်လာခဲ့ခြင်းဖြစ်ပေသည်။

စုယဉ်အား တစ်ချိန်လုံး ပွေ့ဖက်ကိုင်တွယ်ခဲ့ခြင်းကြောင့် ကျွန်းရှုံ့ ပြောသလို အဆိပ်ဖျန်းထားပါက ကျိန်းသေ အဆိပ်မိမည် ဖြစ်ပေသည်။

ထင်မင်းက ကျွန်းရှုံ့ကို မျက်မှောင်ကြုတ်ကြည့်ရင်း ....

"မင်းအဆိပ်ဖျန်းထားပေမယ့် ကျုပ်ကို အဆိပ်မိမယ်မထင်နဲ့ ...."

ကျွန်းရှုံ့ ရယ်မောလိုက်သည်။

"အဆိပ်မိပြီးတဲ့နောက် အတွင်းအား ထုတ်ဖော်လိုက်တာနဲ့ အဆိပ်တန်ခိုးပြလာပါလိမ့်မယ် .... အသက်သေရင်သေ မသေရင် တစ်သက်လုံး သိုင်းပညာအသုံးပြုလို့ရမှာ မဟုတ်တော့ဘူး .... မေဝါးက ကျုပ်အပေါ် သစ္စာဖောက်မှာ တွေးမိလို့ ကြိုပြီးစီစဉ်ခဲ့တာဗျ ...."

မေဝါး မျက်နှာပျက်သွားသည်။

ထင်မင်းအား အဆိပ်ဖြင့် ထောင်ချောက်ဆင်ခဲ့သည်ကို သူမ လုံးလုံးလျားလျား မသိခဲ့ချေ။

သိလျှင် သတိပေးကောင်း ပေးမည်ဖြစ်ပါသည်။

မေဝါး ရင်ထိတ်ကာ ကလေးနှစ်ယောက်အား ချီပိုးရင်း ထင်မင်းအား ကြည့်လိုက်၏။

ထင်မင်း၏နဖူးပေါ်တွင် ချွေးများစို့ရွဲနေသည်ကို တွေ့ရ၏။

ကျန်းရှုံ့က ....

"ကလေးတွေ ပြန်လိုချင်တယ် ....အဆိပ်ဖြေဆေးပြန်လိုချင်တယ်ဆိုရင် သံမဏိလက်ကို အသာတကြည်ပေးပေတော့ ...."

ထင်မင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကလေးတွေ ဘာမှမဖြစ်ဘူးဆိုရင် ကျုပ် သေပျော်ပြီပဲ .... အဆိပ်ဖြေဆေးမလိုပါဘူး .... ကျုပ် အဆိပ်လည်း မမိဘူး .... မင်းသာ သေဖို့ပြင်ထား ...."

စကားဆုံးလျှင် လက်ထဲ၌ကိုင်ထားသော အထုပ်ကလေးကို အင်္ကျီရင်ဘတ်ကြား၌ ပြန်လည်သိမ်းဆည်းထားလိုက်သည်။

ပြီးလျှင် ကျန်းရှုံ့ထံသို့ တစ်လှမ်းချင်းလျှောက်သွားလေတော့သည်။

"ယား ...."

ကျန်းရှုံ့က ညာသံပေးကာ တရကြမ်းတိုက်ခိုက်လိုက်သည်။

ထင်မင်းက ပြန်လည်တိုက်ခိုက်လိုက်၏။

"ဝှန်း ...."

အသံတစ်ချက် ထွက်ပေါ်လာသည်။

ကျန်းရှုံ့နောက်သို့ ခြေလှမ်းငါးလှမ်းမျှ ဆုတ်သွားရ၏။



သူ၏မျက်နှာတွင် ကြောက်ရွံ့သည့် အရိပ်အယောင်များ အထင်းသားပေါ်လွင်လာလေသည်။

ထင်မင်း၏ အတွင်းအားသည် ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်နေပေသည်။

ဤအတိုင်း ဆက်ပြီးတိုက်ခိုက်သွားပါက သိုင်းကွက်ဆယ်ကွက်မပြည့်မီ ရှုံးနိမ့်သွားမည်ဖြစ်ကြောင်း ရိပ်မိလေသည်။

"ဘယ်လိုလဲ .... အဆိပ်လည်း မမိပါလား ...."

တွေးရင်း ဇောချွေးပြန်လာ၏။

ကျန်းရှုံ့ ကြောက်ရွံ့နေသည်ကို တွေ့ရလျှင် ထင်မင်း ရယ်မောလိုက်လေသည်။

"ဟဲ .... ဟဲ .... ဘယ်လိုလဲ ကျုပ်က အဆိပ်လည်း မမိပါလား ...."

"မိရမှာပေါ့ဗျာ .... အဆိပ်တန်ခိုး ပြလာတာနဲ့ ခင်ဗျား သေရမှာပဲ ...."

ယခုတိုင် ကျန်းရှုံ့က အလျှော့မပေးသေးချေ။

ထင်မင်းက ....

"ထားပါတော့လေ .... အခုလောလောဆယ်တော့ ကျုပ်အလျင် မင်းသေရတော့မယ် ...."

စကားဆုံးလျှင် ပြင်းထန်စွာတိုက်ခိုက်လိုက်၏။

"ဝှန်း ...."

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာသည်။

ကျန်းရှုံ့နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရ၏။

သူ၏လက်တစ်ဘက်မှာ သွင်သွင်ကျိုးသွားပြီဖြစ်သည်။

သူက ထင်မင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်၏။

ဤအတိုင်းဆိုလျှင် သူသည် ထင်မင်း၏လက်ချက်ကြောင့် သေဆုံးရတော့မည်ဖြစ်သည်။

ကျန်းရှုံ့၏တစ်ကိုယ်လုံး ချွေးများစို့ရွှဲလာသည်။

"သည်တစ်ခါတော့ မင်း မလွတ်တော့ဘူး ...."

စကားသံနှင့်အတူ ထင်မင်းက တိုက်ခိုက်လာသည်။

ကျန်းရှုံ့ ကပျာကယာ နောက်ဆုတ်ကာ ထွက်ပြေးရန် ကြိုးစားလိုက်၏။

ထိုစဉ် ....

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေသည်။

တိုက်ခိုက်ရန် ဟန်ပြင်လာသော ထင်မင်း၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာသည်။

"အဟွတ် .... အဟွတ် ...."

ချောင်းတဟွတ်ဟွတ်ဆိုးလာပြီး သွေးမည်းများ ဝေါ့ခနဲအန်ထုတ်လိုက်၏။

ကျန်းရှုံ့ ဝမ်းသာသွားသည်။

"ကျုပ် မပြောဘူးလား .... ခင်ဗျား အဆိပ်မိနေပြီ .... အဆိပ်ဖြေဆေးမရရင် ခင်ဗျား မကြာခင် သေရတော့မယ် ...."

မေဝါးမှာ ပျာက်နှာပျက်နေ၏။

ကလေးနှစ်ယောက်အား ဟင်းကျပ်စွာ ပွေ့ဖက်ထားလိုက်လေသည်။

ထင်မင်းက ....



"ညီမ .... ကလေးတွေခေါ်ပြီး လွတ်အောင်ပြေးပေတော့" ဟု အော်ပြောလိုက်သည်။

အခြေအနေမဟန်မှန်း သိသော်လည်း မေဝါးက အဆိပ်မိထားသော ထင်မင်းအား ထား၍မပြေးနိုင်ပါချေ။

မည်သို့ပင် မုန်းတီးနေပါစေ၊ ယခင်က ချစ်ခင်တွယ်တာထားခဲ့သော စိတ်များ ပြန်လည်ပေါ်ပေါက်လာရသည် မဟုတ်လား။

ကျန်းရှုံ့က ....

"ထင်မင်း ခင်ဗျား မသေချင်ရင် သံမဏိလက် မြန်မြန်ပေးပါ ...."

ထင်မင်း ခေါင်းခါယမ်းလိုက်၏။

"သံမဏိလက်ကို ယူချင်ရင် မင်းအသက်ပေးမှရမယ်"

ပြောရင်း ခုန်အုပ်လိုက်သည်။

သူ၏လှုပ်ရှားမှုမှာ နှေးကွေးလေးလံနေပြီဖြစ်သည်။

ကျန်းရှုံ့အား သုတ်သင်ရန် စိတ်ကဆောင်နေသော်လည်း ခန္ဓာကိုယ်က ထိထိရောက်ရောက် မတိုက်နိုင်တော့ချေ။

ကျန်းရှုံ့က အသာအယာရှောင်ပေးလိုက်၏။

တစ်ဆက်တည်းပင် ....

ခြေထောက်ဖြင့် ဝိုက်၍ ကန်ကျောက်လိုက်၏။

"ဝုန်း ...."

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ထင်မင်းမှာ ချောက်ကမ်းပါးအောက်သို့ ပြုတ်ကျသွားလေတော့သည်။

"အမယ်လေး ...."

မေဝါး လွှတ်ခနဲအော်လိုက်၏။

တစ်ဆက်တည်းပင် ....

"အစ်ကို ...."

အသံကုန်အော်ဟစ်လိုက်မိလေ၏။

"ဟား .... ဟား .... ဟား ...."

ကျန်းရှုံက သဘောကျစွာ ရယ်မောရင်း ချောက်ကမ်းပါး နှုတ်ခမ်းဝသို့ လျှောက်သွားကာ အောက်သို့ ငုံ့ကြည့်လိုက်၏။

ထင်မင်း၏အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

သူ၏မျက်လုံးထဲ၌ အောက်ဘက်မြစ်ကျဉ်းအတွင်း လှေကလေးတစ်စင်း တွေ့လိုက်ရသည်ထင်မိ၏။

သေသေချာချာကြည့်သော်လည်း သဲသဲကွဲကွဲ မမြင်ရချေ။

မေဝါးဘက်လှည့်လိုက်၏။

"မင်းကြောင့် သံမဏိလက် ဆုံးရှုံးရပြီ ....သည်ပြဿနာတွေကို စပြီးဖန်တီးတာမင်းပဲ ....မင်းလည်း ထင်မင်းရဲ့ကလေးနှစ်ယောက်နဲ့အတူ ထင်မင်းနောက်ကို လိုက်သွားပေတော့ ...."

မေဝါး ယခုမှ သတိဝင်လာ၏။

သူမက ကလေးနှစ်ယောက်အား ချီပိုးကာ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေတော့သည်။

မေဝါး၏တစ်ကိုယ်လုံး ချွေးများစိုရွှဲနေသည်။

ချီပိုးထားရသော ကလေးနှစ်ယောက်မှာ တစ်စထက်တစ်စ လေးလံလာ၏။

ပြေးရင်း ပြေးရင်း အရှေ့ဘက်တွင် တဲအိမ်သုံးလေးလုံးရှိနေသည်ကိုတွေ့မြင်လိုက်ရ၏။

သူမက အကူအညီတောင်းရန် စဉ်းစားပြီးမှ ဒုက္ခပေးသလို



ဖြစ်မည်စိုး၍ တဲအိမ်ဝိုင်းအတွင်းသို့ မဝင်တော့ဘဲ ဘေးမှကွေ့ပတ်ပြေးသွား၏။ ပြေးရင်းလွှားရင်း တစ်စုံတစ်ခု စဉ်းစားမိလိုက်သည်။

"အင်း .... ကလေးနှစ်ယောက်ကို ချီပိုးပြီး ဆက်ပြေးနေရင် ကျန်းရှုံ့လက်က လွတ်ဖို့မလွယ်ဘူး ....တစ်ယောက်ကို သည်မှာ ဝှက်ထားခဲ့ရင် ကောင်းမယ် ...."

ထိုသို့ တွေးမိသည်နှင့် ကလေးအကြီးကို မြေပေါ်ချကာ သွေးကြောဖွင့်ပေးလိုက်သည်။

ကလေးကြီးကား သွေးကြောပိတ်ခံထားရသည့်အရှိန်ဖြင့် အိပ်ပျော်နေဆဲဖြစ်သည်။

မေဝါးက ကလေးအကြီးကို ချုံပုတ်အတွင်းသို့ သွင်းထားလိုက်သည်။

ထို့နောက် ....

ရှေ့ဆက် ပြေးသွားလေတော့သည်။

သူမ ပြေးထွက်သွားပြီး မကြာမီ ....

တဲအိမ်ဝိုင်းထဲမှ လူသုံးယောက်ထွက်လာ၏။

လူနှစ်ယောက်သည် ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူ တစ်ယောက်အား ဝဲယာတစ်ဖက်တစ်ချက်မှ ခြံရံကာထွက်လာကြခြင်း ဖြစ်သည်။

အပြင်သို့ရောက်လျှင် ခန္ဓာကိုယ် ထွားကျိုင်းသန်မာသူက

"ညီလေးတို့ မကြာခင် အစ်ကိုကြီးဟာ သိုင်းအဖွဲ့အစည်း တစ်ခု ထူထောင်တော့မယ် .... တောတောင်ထဲမှာပဲ အချိန်မဖြုန်းဘဲ အစ်ကိုကြီးဆီလာခဲ့ဖို့ ထပ်ပြီးပြောချင်တယ် ...."

ထိုအခါ ဝဲဘက်မှလူက ....

"သည့်အတွက် မပူနဲ့ ....စိတ်သာချပါဗျာ ...."

ဟာဘက်မှလူကလည်း ....

"ကျွန်တော်တို့ သုံးရက်အတွင်း သည်ကပြောင်းရွှေ့လာခဲ့ပါ့မယ် ....သည်မှာ အစောင့်ပဲချန်ထားပြီး အားလုံးပြောင်းလာခဲ့ကြမယ် ...."

ခန္ဓာကိုယ်ထွားကျိုင်းသူ ဝမ်းသာသွား၏။

"သိပ်ကောင်းတာပေါ့ကွာ ....ညီလေးတို့အတွက် ပူပင်ရလေသေးမရှိအောင် အစ်ကိုကြီး စီစဉ်ထားလိုက်မယ် ...."

"အစ်ကိုကြီး စိတ်ချသာသွားပါ ...."

"ကောင်းပြီ ....ဒါဆို အစ်ကိုကြီး သွားတော့မယ် ...."

ထိုစဉ် ....

အိမ်ဝိုင်းအနောက်ဘက်မှ လူတစ်ယောက်က မြင်းညိုကြီးတစ်ကောင်ဆွဲယူလာ၏။

ခန္ဓာကိုယ်ထွားကျိုင်းသူက မြင်းညိုကြီးရှေ့သို့ လျှောက်သွားပြီး ခုန်တက်ရန်ဟန်ပြင်လိုက်စဉ်မှာပင် ....

"မပြေးနဲ့ ...."

အော်ငေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူက မျက်မှောင်ကြုတ်ကာ

"အခြေအနေ ထူးပြီဟေ့ ...."

တီးတိုးပြောလိုက်သည်။

သူ့အား လိုက်ပို့ကြသော လူနှစ်ယောက်လည်း အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

မမျှော်လင့်ဘဲ အော်ငေါက်သံထွက်ပေါ်လာသည်ကို ကြား



လိုက်ရသဖြင့် အံ့သြနေမိကြလေသည်။

သူတို့နှစ်ယောက်ဘက်သို့ ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူ မျက်နှာလှည့်ကာ မေးလိုက်၏။

"ညီလေးတို့မှာ ရန်သူရှိလား ...."

ထိုလူနှစ်ယောက်စလုံး ပြိုင်တူခေါင်းခါယမ်းလိုက်ကြသည်။

"မရှိပါဘူး ...."

"သည်နားပတ်ဝန်းကျင်မှာ လူနေအိမ်ခြေ မရှိပါဘူး ....ဘယ်ကလူတွေ ရောက်လာတာလဲ မသိဘူး ...."

"ဟုတ်တယ် ....ကျုပ်တို့ သည်မှာနေတာ ငါးနှစ်လောက်ရှိပြီ ....တစ်ခါမှ လူသူဖြတ်သန်းသွားတာ မတွေ့ခဲ့ရဘူး ...."

ခန္ဓာကိုယ်ထွားကျိုင်းသူ သက်ပြင်းချလိုက်၏။

"အင်း ....ထူးခြားတဲ့ အကြောင်းကိစ္စတစ်ခုတော့ပေါ်ပေါက်လာပြီ ထင်တယ် ...."

သူတို့ သို့လော သို့လော တွေးတောစဉ်းစားနေစဉ်မှာပင် အဝေးမှ လူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

သူတို့ စကားဖြတ်ကာ လှမ်းကြည့်လိုက်ကြ၏။

ပြေးလာနေသူသည် တစ်ကိုယ်လုံး အနီရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ကြက်သွေးရောင်ဝတ်ရုံကြီး လွှမ်းခြုံထားလေသည်။

ထိုလူ ပြေးလာနေရာ ဝတ်ရုံကြီးမှာ တလူလူလွင့်ပျံ့နေပေတော့သည်။

ခန္ဓာကိုယ်ထွားကျိုင်းသူက သတိပေးလိုက်လေ၏။

"ရန်သူလား မိတ်ဆွေလား မပြောတတ်ဘူး ....ညီလေးတို့

သတိနဲ့ နေကြ ...."

သူ့အားလိုက်ပို့သူနှစ်ယောက်ကား ရန်သူဖြစ်လျှင် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြသည်။

မကြာမီ ....

ပြေးလာသူမှာ သူတို့အနီးသို့ ရောက်ရှိလာ၏။

ထိုလူကား ကျန်းရှုံ့ပင်ဖြစ်ပါသည်။

ကျန်းရှုံ့သည် တဲအိမ်ဝိုင်းကြီးနှင့် လူတစ်စုကို တွေ့ရလျှင် မေဝါးဝင်ရောက်ပုန်းအောင်းနေနိုင်သည်ဟု ယူဆသွားလေသည်။

ထို့ကြောင့် ....

အသံမာမာဖြင့် အော်ပြောလိုက်လေသည်။

"မိန်းမယုတ် ဘယ်မှာလဲ .... အခုချက်ချင်း ထုတ်ပေးစမ်း"

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူက မျက်မှောင်ကြုတ်ကာ....

"မိတ်ဆွေ ဘာပြောတာလဲဗျ ...."

ဟု ခင်မင်ရင်းနှီးသောလေသံဖြင့် မေးလိုက်သည်။

ကျန်းရှုံ့က မျက်မှောင်ကြုတ်ကာ ....

"ခင်ဗျားက ဘယ်သူလဲ ...."

"ကျုပ်နာမည် စန်းကိုးပါ ....သိုင်းလောကသားတွေကတော့ ပင်လယ်နဂါးလို့ခေါ်ပါတယ်ဗျာ .... ဟောဒါက ကျုပ်ညီလေးနှစ်ယောက်ပါ .... ချို့ဝမ်း .... လီစင်းဝါးလို့ ခေါ်ပါတယ် ...."

ချို့ဝမ်းနှင့် လီစင်းဝါးတို့သည် စန်းကိုး၏ပညာသင်ဘက် ညီအစ်ကိုများဖြစ်ကြသည်။

ကျန်းရှုံ့က ....

"ပင်လယ်နဂါးဟုတ်လား ...."



"ဟုတ်ပါတယ် ...."

"ကျုပ်ကတော့ စွန်ရဲသခင်ကျန်းရှုံ့ပဲဗျာ ...."

"ဗျာ ...."

စန်းကိုး ရင်ထိတ်သွားသည်။

စွန်ရဲသခင် ကျန်းရှုံ့ကို သူကောင်းစွာကြားဖူးထားပါ၏။

ယှဉ်ပြိုင်တိုက်ခိုက်၍မရကြောင်း ရိပ်စားမိလျှင် ချိုသာစွာပြုံးကာ ....

"လက်စသတ်တော့ မိတ်ဆွေဟာ သိုင်းလောကမှာကျော်ကြားနေတဲ့ စွန်ရဲသခင်ကျန်းရှုံ့ကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ .... မိတ်ဆွေနဲ့ တိမ်ကြားနန်းတော်သခင်မလေး မေဝါးတို့ မကြာခင် လက်ထပ်ကြတော့မယ် မဟုတ်လား ...."

ထိုစကားကိုကြားလျှင် ကျန်းရှုံ့ ထွီခနဲ တံတွေးထွေးလိုက်လေသည်။

စန်းကိုး ကြောင်သွား၏။

ချို့ဝမ်းနှင့် လီစင်းဝါးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။

ကျန်းရှုံ့က ....

"မေဝါးကို ကျုပ်က လက်မထပ်တော့ဘူး .... အခု သူ့ကိုလိုက်ရှာနေတာ ....သူ ဒီဘက်ကိုထွက်ပြေးလာတယ် မဟုတ်လားဗျာ"

"မေဝါးထွက်ပြေးလာတာ မတွေ့ဘူးလား .... မြန်မြန်ပြောစမ်း ...."

"မတွေ့မိပါဘူးဗျာ ...."

ကျန်းရှုံ့က လေသံမာမာဖြင့် ....

"မင်းတို့ လိမ်ပြောရင် မလွယ်ဘူးမှတ်ထား ...."

"ကျုပ်ဘာဖြစ်လို့ လိမ်ပြောရမှာလဲ ....တကယ့်ကို မတွေ့ခဲ့တာပါဗျာ ...."

"တောက် ....ဒီခွေးကောင်မ ဒီဘက်ကိုပြေးသွားတာပဲ ...."

"ဒီမှာ လူတွေရှိနေတာသိလို့ မဝင်ပဲ တခြားဘက်က ပြေးသွားတာကော မဖြစ်နိုင်ဘူးလား ....မိတ်ဆွေမယုံရင် ကျုပ်တို့တဲဝိုင်းထဲကို ရှာကြည့်နိုင်ပါတယ် ....တွေ့ရင် ကျုပ်တို့အားလုံးကို သတ်ပစ်နိုင်ပါတယ်ဗျာ ...."

စန်းကိုး၏စကားကြောင့် ကျန်းရှုံ့တွေဝေသွား၏။

စန်းကိုး၏မျက်နှာအမူအရာကြောင့် အကဲခတ်ရင်း သူ့အားလိမ်ညာ ပြောခြင်းမဟုတ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် ....

"ကောင်းပြီ .... ကျုပ်လိုက်ရှာဦးမယ် .... ခင်ဗျားတို့ ဒီကဘယ်မှထွက်မသွားကြနဲ့ .... သွားရင် သေပြီသာမှတ် ...."

ကျန်းရှုံ့မြင်ကွင်းမှ ပျောက်ကွယ်သွားလျှင် စန်းကိုးသက်ပြင်းချလိုက်လေတော့သည်။

ချို့ဝမ်းနှင့် လီစင်းဝါးတို့က စန်းကိုးကို လှမ်းကြည့်လိုက်ကြလေသည်။

စန်းကိုးမျက်နှာမသာမယာဖြစ်နေသည်ကိုတွေ့ရခြင်းကြောင့်မကျေမနပ်ဖြစ်သွားကြသည်။

လီစင်းဝါးက မကျေမနပ်ပြောလေ၏။

"ဒီလူဟာ တော်တော်မောက်မာခက်ထန်တဲ့ လူပဲ .... အစ်ကိုကြီး အလျှော့ပေးလိုက်ဖို့ မကောင်းဘူး ...."



ချို့ဝမ်းကလည်း ....

"ဟုတ်တယ် ....ဟိန်းလောက်ဟောက်လိုက်တာလွန်ပါရောကျုပ်တို့ကို သူ့တပည့်များ ထင်နေသလားမပြောတတ်ဘူး ...."

စန်းကိုး သက်ပြင်းချလိုက်သည်။

"ညီလေးတို့က တောထဲတောင်ထဲမှာနေကြတော့ ....သိုင်းလောကအကြောင်း ဘယ်သိတော့မလဲ .... ဗွန်ရဲသခင်ကျန်းရှုံ့ဟာ အင်မတန်ကြောက်စရာကောင်းတဲ့လူတစ်ယောက်ပဲ .... ကျုပ်တို့သုံးယောက်ပေါင်းပြီး ယှဉ်ပြိုင်တိုက်ခိုက်ရင်တောင် သူ့ကို နိုင်ဖို့မလွယ်ဘူး ...."

ထိုစကားကိုကြားလျှင် ချို့ဝမ်းနှင့် လီစင်းဝါးတို့ မျက်နှာပျက်သွားကြသည်။

စန်းကိုးက ဆက်ပြောလိုက်သည်။

"ကျန်းရှုံ့ဟာ မကြာခင် တိမ်ကြားနန်းတော်သခင်မလေး မေဝါးနဲ့ လက်ထပ်တော့မှာပဲ ....ဒါကြောင့် သူ့ကိုအင်မတန်ကံကောင်းတဲ့လူလို့ သိုင်းလောကသားတွေက ပြောစမှတ်ပြုကြတယ် ...."

"အစ်ကိုကြီး .... ကျန်းရှုံ့ကို ကြည့်ရတာ မေဝါးကို မုန်းတီးနေပုံရတယ် ....သူက မေဝါးကို လိုက်ရှာပြီး တွေ့ရင်သတ်ပစ်မလားမပြောတတ်ဘူး ...."

ချို့ဝမ်းက ကြားဝင်ပြောလိုက်ခြင်းဖြစ်သည်။

လီစင်းဝါးကလည်း ပြောလိုက်၏။

"ဟုတ်တယ် ....သူက မေဝါးနဲ့ လက်မထပ်ဘူး ....သစ္စာဖောက်မလို့ပြောနေတာ မကြားဘူးလား ...."

စန်းကိုးက ခေါင်းညိတ်ကာ ....

"အင်း ....သူနဲ့ မေဝါး ပြဿနာတစ်ခုခုဖြစ်နေကြပြီထင်တယ် ကျုပ်စိတ်ထဲမှာတော့ ထင်မင်းနဲ့ ပတ်သက်နေမယ်လို့ထင်တယ်"

"ထင်မင်းဟုတ်လား ...."

"ဟုတ်တယ်လေ .... ထင်မင်းကို မေဝါးက တစ်ဖက်သတ် ကြိုက်နေတာ သိုင်းလောကတစ်ခုလုံး သိနေကြတာပဲ .... ကျန်းရှုံ့ ကိုယ်တိုင်လည်း သိထားမှာပေါ့ ...."

သူတို့စကားပြောနေစဉ်မှာပင် ....

"ဝါး ...."

ကလေးငိုသံထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေ သည်။

စန်းကိုးတို့သုံးယောက် ခေါင်းနားပန်းကြီးသွားကြလေသည်။

ငိုသံသည် တဲဝိုင်းခြံစည်းရိုးအပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

လီစင်းဝါးက ....

"ကျွန်တော် သွားကြည့်လိုက်ဦးမယ် ...."

စကားဆုံးလျှင် ငိုသံထွက်ပေါ်လာရာဆီသို့ ပြေးသွားသွား လေတော့သည်။

စန်းကိုးနှင့် ချို့ဝမ်းတို့သည် အံ့ဩသောမျက်လုံးများဖြင့် ကြည့်နေကြသည်။

မကြာမီ ....

လီစင်းဝါး ပြန်လည်ရောက်ရှိလာ၏။

သူနှင့်အတူ တဝါးဝါးငိုကြွေးနေသော ကလေးတစ်ယောက် ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။



"ဝါး ....ဝါး ...."

ကလေးသည် တဝါးဝါးနှင့် ငိုကြွေးနေသည်။

လီစင်းဝါးသည် ကလေးကိုလက်ဆွဲထားရင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတော့သည်။

ချို့ဝမ်းနှင့် လီစင်းဝါးတို့က မျက်မှောင်ကြုတ်ကာ ကြည့်နေ ကြ၏။

လီစင်းဝါးက ....

"...လေးတစ်ယောက် ချုံထဲမှာ ငိုနေတာတွေ့လို့ ခေါ်ခဲ့ တယ် ....ဘယ်က ဘယ်လို ဒီကိုရောက်နေတာလဲ မပြောတတ်ပါဘူး"

ကလေးမှာ မည်သို့ပင် ချော့မော့မေးမြန်းသော်လည်း မဖြေ ဘဲ ငိုကြွေးနေလေသည်။

စန်းကိုးက ကျန်းရှုံ့ထွက်သွားရာဘက်ကို လှမ်းမျှော်ကြည့် လိုက်ရင်း ....

"ကျုပ်စိတ်ထင်ပြောရရင် ဒီကလေးဟာ ကျန်းရှုံ့တို့ ....မေ ဝါးတို့နဲ့ ပတ်သက်နေလိမ့်မယ် .... ကျန်းရှုံ့က ဒီကလေးကို လိုက်ရှာ နေတာလား မပြောတတ်ဘူး ...."

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ...."

"ဘာလုပ်ရမှာလဲ ဝှက်ထားလိုက်မှာပေါ့ .... ကျန်းရှုံ့က ဒီ ကလေးကို လိုက်ရှာရိုးအမှန်ဆိုရင် တွေ့တာနဲ့ သတ်ပစ်လိုက်မှာပဲ"

"ဟုတ်တယ် ....ကျုပ်လည်း ကျန်းရှုံ့ကိုကြည့်လို့မရဘူး ဝှက် ထားလိုက်တာ ကောင်းမယ် ...."

သူတို့နှစ်ယောက်၏စကားများကိုကြားလျှင် တားဆီး၍မရ ကြောင်း စန်းကိုးရိပ်မိ၏။

ထို့ကြောင့် ....

"ညီလေးတို့ ကလေးကို ဝှက်ထားမယ်ဆိုရင် ကျန်းရှုံ့ပြန်ရောက်လာတဲ့အခါ တွေ့သွားနိုင်တယ် ....ဒီတော့ ကျုပ် သူ့ကိုခေါ်သွားနှင့်မယ် .... သုံးရက်အတွင်း ညီလေးတို့ လိုက်လာခဲ့ကြပေါ့ ...."

လီစင်းဝါးက မျက်မှောင်ကြုတ်ကာ ....

"အစ်ကိုကြီး သွားတော့မယ် ဟုတ်လား ...."

"ဟုတ်တယ်လေ ...."

"ကျန်းရှုံ့က ဘယ်သူမှထွက်မသွားရဘူးလို့ ပြောထားတယ် မဟုတ်လား ...."

"သူပြန်ရောက်လာရင် အစ်ကိုကြီးအရေးကြီးတဲ့ကိစ္စရှိလို့ ထွက်သွားပြီလို့ ပြောလိုက်ပါ .... သူမကျေနပ်ရင် အစ်ကိုကြီးအိမ်ကို လာပြီး ဖြေရှင်းပါစေ .... သူ့စကားအတိုင်း ဘယ်မှမသွားရင် သူ့ကို ကြောက်သလို ဖြစ်သွားမှာပေါ့ ....အစ်ကိုကြီးဟာ မကြာမီ သိုင်းအဖွဲ့တစ်ခုကို တည်ထောင်တော့မယ် မဟုတ်လား .... လူတကာကို ကြောက်နေရရင် အစ်ကိုကြီးရဲ့သိုင်းအဖွဲ့ ဘယ်လိုလုပ် တိုးတက်တော့မှာလဲ ....အစ်ကိုကြီးအသက်သေရင် သေပါစေ သွားရမှာပဲ ...."

လီစင်းဝါးနှင့် ချိုဝမ်းတို့လည်း သဘောကျသွားလေသည်။

နဂိုကပင် သူတို့သည် ကျန်းရှုံ့အား ကြည့်မရကြချေ။

မောက်မာခက်ထန်လှသောကျန်းရှုံ့အား ရင်ဆိုင်လိုကြသည်။

ထို့ကြောင့် ....

ခေါင်းညိတ်သဘောတူလိုက်ကြသည်။

"ဟုတ်တဲ့ .... အစ်ကိုကြီးသွားတာ အကောင်းဆုံးပါပဲ"

"သူပြန်ရောက်လာရင် ကျွန်တော်တို့ ကြည့်ရှင်းလိုက်မယ်"



စန်းကိုးက လက်ကာပြရင်း ....

"သူ့ကို တိုက်ခိုက်ဖို့ မကြိုးစားပါနဲ့ .... မတတ်သာတော့တဲ့ အဆုံးမှာ ခုခံတိုက်ခိုက်ကြပါ ....ကျန်းရှုံ့ဟာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဆိုတာ .... ဘယ်တော့မှ မမေ့ကြနဲ့ ...."

"ကျွန်တော့်အတွက် စိတ်ချပါ အစ်ကိုကြီး ...."

"ကဲ ကျုပ်သွားမယ် ...."

"ဟုတ်ကဲ့ အစ်ကိုကြီး ...."

စန်းကိုးက ကလေးကိုပွေ့ချီကာ ချော့မော့လိုက်သည်။

ထို့နောက် .... မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ကလေးမှာ မြင်းပေါ် ရောက်သည်နှင့် အငိုတိတ်သွား၏။ စန်းကိုး သဘောကျစွာ ပြုံးလိုက်ပြီး ....

"ဒီကလေး ကြီးလာရင် သိုင်းသမားဖြစ်လာမှာ သေချာတယ် အခုကတည်းက မြင်းပေါ်ရောက်တာနဲ့ အငိုတိတ်သွားတာပဲ ....ကျုပ်သွားပြီ ...."

စကားဆုံးလျှင် မြင်း၏ဝမ်းဗိုက်ကို ခြေဖနောင့်နှင့် ဆတ်ခနဲ ကန်ကျောက်လိုက်သည်။

မြင်းညိုကြီးသည် ဟီသံပေးကာ ရှေ့သို့တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

လီစင်းဝါးနှင့် ချိုဂမ်းတို့က လက်ပြရင်း ကျန်ရစ်ခဲ့သည်။

သူတို့သည် ကျန်းရှုံ့ပြန်လာမည့်အချိန်ကို စောင့်မျှော်နေကြသော်လည်း ကျန်းရှုံ့ကား ပြန်ပေါ်မလာတော့ချေ။ ကျန်းရှုံ့သည် ဒေါသကြောင့်သာ ဤစကားများကို ပြောသွားခြင်းဖြစ်ကြောင်း သိရှိလိုက်ရသည်။

သုံးရက်တိုင်တိုင် စောင့်ဆိုင်းပြီး ကျန်းရှုံ့ ပြန်မလာသည့်အဆုံးတွင် တဲအိမ်ဝိုင်းအတွင်းမှ အစောင့်တစ်ယောက်ချန်ရစ်ခဲ့ကာ စန်းကိုးနောက်သို့ လိုက်သွားကြလေတော့သည်။

## အခန်း(၂၀)

## တွက်ဆမရသော အနာဂတ်

မေဝါးသည် ကလေးတစ်ယောက်ကို ထားခဲ့ပြီးနောက် ပို၍လျှင်မြန်စွာ ပြေးလွှားနိုင်ခဲ့သည်။

တစ်ချိန်လုံး ပင်ပန်းကြီးစွာ ပြေးလာရသည့်အတွက် မောပန်းနွမ်းနယ်နေပြီဖြစ်လေသည်။

ပြေးရင်း ပြေးရင်း တစ်ကိုယ်လုံး နာကျင်လာသည်။

ခြေလက်များမသယ်ချင်လောက်အောင် ထုံထိုင်းလေးလံလာသည်။

နောက်ဘက်မှ လိုက်လာသော ကျန်းရှုံ့၏အရိပ်အယောင်ကိုလည်း မတွေ့ရချေ။

ထို့ကြောင့် ....

စိတ်အေသွားပြီး ခြေလှမ်းရပ်လိုက်သည်။

အရိပ်ကောင်းသော သစ်ပင်တစ်ပင်ခြေရင်းတွင် ထိုင်ချကာ အမောဖြေလိုက်လေသည်။

အေးမြသော အရိပ်တွင် အနားယူရသည်နှင့် မျက်ခွံများလေးလံလာပြီး မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

ကလေးကိုကား မလွတ်မတမ်း တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။

“ဟား ....ဟား ....ဟား ....ဟား ....”

ကျယ်လောင်သော ရယ်မောသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရမှ လန့်နိုးလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူမရှေ့တွင် ခါးထောက်ရယ်မောနေသူတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

“ဟင် ....ကျန်းရှုံ ....”

မေဝါးက လွတ်ခနဲ အော်လိုက်သည်။

မှန်ပေသည်။

ခါးထောက်၍သဘောကျစွာ ဟားတိုက်ရယ်မောနေသူကား ကျန်းရှုံဖြစ်ပါသည်။

သူမသည် ကျန်းရှုံ၏လက်ထဲမှ လွတ်မြောက်အောင် သေပြေးရှင်ပြေး ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

ယခုမူ ....

ပြေးမလွတ်ဘဲ ပြန်လည်အဖမ်းခံလိုက်ရပြီဖြစ်လေသည်။

မေဝါးက သစ်ပင်ကြီးကို ကျောမှီထိုင်နေရာမှ ဆတ်ခနဲ ထ လိုက်၏။

ကျန်းရှုံက ....

“ ၄, [illegible] ပြေးလို့ မလွတ်တော့ဘူး ....”



သူက ခပ်ထန်ထန် ပြောလိုက်သည်။

မေဝါးက အံကိုတင်းတင်းကြိတ်ကာ ပြောလိုက်၏။

“ရှင် ကျွန်မကို ဘယ်တော့မှ အသက်ရှင်လျက် မရဘူးဆိုတာမှတ်ထားပါ ....”

ကျန်းရှုံက ရယ်မောရင်း ....

“ဟား ....ဟား ....ကျုပ်ကလည်း မင်းကိုအသက်ရှင်နေတာမကြည့်ချင်တော့ပါဘူး .... မင်းအပေါ်မေတ္တာထားရင် ကျုပ်ပဲဒုက္ခရောက်မယ်ဆိုတာ ကောင်းကောင်းကြီးကို နားလည်ပြီးပြီ ....ဒီကနေ့မင်းသေရမယ့်နေ့လို့ မှတ်ထားလိုက်ပေတော့ ....”

သူသည် ပြောရင်း ရှေ့တိုးလာသည်။

မေဝါးက နောက်ဆုတ်လိုက်၏။

သို့သော် ....

သစ်ပင်ကြီးခံနေခြင်းကြောင့် ဆုတ်၍မရတော့ချေ။

လက်တစ်ဖက်က ကလေးကိုပွေ့ချီထားရင်း ကျန်တစ်ဖက်က တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်၏။

ကျန်းရှုံက သူမကို စိုက်ကြည့်ရင်း ချဉ်းကပ်လာလေသည်။

မေဝါးထိတ်လန့်မှုကြောင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေပေသည်။

ကျန်းရှုံက အံကြိတ်ကာ ....

“သစ္စာဖောက်မ ....မင်းကြောင့် သံမဏိလက်ဝါးဆုံးရပြီ ....”

စကားဆုံးလျှင် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

မေဝါးက လက်ပြန်ဆန့်ထုတ်လိုက်ကာ ခုခံလေ၏။

“ဝုန်း ....”

အသံတစ်ချက်ထွက်ပေါ်လာ၏။

မေဝါးမှာ ကျန်းရှုံ့ကိုမယှဉ်နိုင်ဘဲ ကျောပြင်နှင့် သစ်ပင်ဆောင့်မိကာ မြေပေါ်သို့ လဲကျသွားလေ၏။

"ဟား ....ဟား ....ဟား ...."

ကျန်းရှုံ့က ရယ်မောလိုက်သည်။

မြေပေါ်လဲကျနေသော မေဝါးအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

မေဝါးက မြေပေါ်မှ သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူရင်း ပြန်လည်ရိုက်ချလိုက်လေသည်။

တစ်ဆက်တည်းပင် ကလေးကို တင်းကျပ်စွာ ပွေ့ချီကာ မြေပေါ်၌လိမ့်၍ ရှောင်တိမ်းသွားလေသည်။

"ဖြောင်း ...."

သစ်ကိုင်းခြောက် ထက်ပိုင်းကျိုးသွား၏။

ကျန်းရှုံ့၏ခြေထောက်တစ်ဖက်လည်း အတော်နာသွားလေသည်။

"သေပေတော့ ...."

အော်ငေါက်ရင်း ကျန်ခြေထောက်ဖြင့် ထပ်မံကန်ကျောက်လိုက်ပြန်လေသည်။

ထိုခြေထောက်ကား စုယန်လက်ချက်ကြောင့် ဒဏ်ရာရရှိထားသော ခြေထောက်ဖြစ်သည်။

ဤအချက်ကို သတိပြုမိသော မေဝါးက လက်ထဲမှ ကျန်ရှိနေသော သစ်ကိုင်းအပိုင်းအစဖြင့် ပစ်ပေါက်လိုက်၏။

သူမလက်မှန်းတည့်သဖြင့် ခြေထောက်မှဒဏ်ရာကို သစ်



ကိုင်းခြောက်က ထိမှန်သွားလေသည်။

"အား ...."

ကျန်းရှုံ့ လွှတ်ခနဲ အော်လိုက်မိသည်။

ခြေထောက် ထော့နင်းထော့နင်းဖြစ်သွားကာ နောက်ဆုတ်သွားရ၏။

ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ မေဝါးက မြေပေါ်မှ လူးလိမ့်ထကာ အဝေးသို့ ပြေးသွားလေသည်။

"မင်းပြေးလို့ လွတ်မလား ...."

ကျန်းရှုံ့က အော်ငေါက်ရင်း နောက်မှပြေးလိုက်လာသည်။ မေဝါးမှာ ထင်သလောက် မပြေးနိုင်သဖြင့် မီလာသည်။

သို့သော် ....

"ဒီတစ်ခါတော့ သေရပြီမှတ် ...."

စကားဆုံးသည်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ....

"ရပ်လိုက်စမ်း ...."

အော်ငေါက်သံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းရှုံ့ မျက်မှောင်ကြုတ်သွား၏။

မေဝါးကို မတိုက်ခိုက်ဖြစ်တော့ဘဲ အသံထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

မေဝါးလည်း လှမ်းကြည့်လိုက်သည်။

ထိုအခါ ....

အလှမ်းမကမ်းတွင် လူတစ်ယောက်က မလှုပ်မယှက်ရပ်နေ

သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက် မလှုပ်မယှက် ရပ်နေသည်။

ကျန်းရှုံ့က ထိုလူကိုစိုက်ကြည့်ပြီး မေးလိုက်လေ၏။

"ခင်ဗျားက ဘယ်သူလဲ ...."

ထိုလူထံမှ အက်ကွဲသောစကားသံ ထွက်ပေါ်လာသည်။

"လူမသတ်ရတဲ့ နယ်မြေဖြစ်တဲ့အတွက်ကြောင့် ခင်ဗျား ဒီက ထွက်သွားရင် ကောင်းမယ် ...."

"ကျုပ်မသွားရင်ကော ...."

"ခင်ဗျားမသွားရင်တော့ မောင်းထုတ်ရလိမ့်မယ် ...."

"ဟား .... ဟား .... ဟား ...."

ကျန်းရှုံ့က သဘောကျစွာ ရယ်မောလိုက်သည်။

တစ်ဆက်တည်းပင် ....

ခါးတွင်ထိုးထားသော ဓားပါးကလေးနှစ်ချောင်းကို ဆွဲထုတ်ကာ လျှပ်တစ်ပြက် ပစ်ပေါက်လိုက်လေသည်။

"ဝှစ် .... ဝှစ် ...."

ဓားပါးကလေးနှစ်ချောင်းသည် အဖြူရောင်ဝတ်ဆင်ထားသူထံသို့ ရိပ်ခနဲ လွင့်ပျံသွားသည်။

အဖြူရောင်ဝတ်ဆင်ထားသူက ရယ်မောလိုက်ပြီး ....

လက်ဝှေ့ယမ်းကာ ဓားပါးလေးနှစ်လက်အား ဖမ်းယူထားလိုက်လေသည်။

ကျန်းရှုံ့ မျက်နှာပျက်သွား၏။

ထိုလူက ....



"မိတ်ဆွေရဲ့ ဓားပစ်ပညာ မဆိုးပါဘူး .... ဒါပေမဲ့ ကျုပ်ကိုတော့ ထိအောင်ပစ်နိုင်ဖို့ မမျှော်လင့်ပါနဲ့ .... ရော့ မိတ်ဆွေရဲ့ဓားတွေ ပြန်ယူပါ ...."

ပြောပြောဆိုဆို ဖမ်းထားသော ဓားပါးကလေးနှစ်ချောင်းကို ပြန်လည်ပစ်လွှင့်လိုက်လေသည်။

"ဝှစ် .... ဝှစ် ...."

ဓားပါးကလေးနှစ်လက်သည် လျှင်မြန်စွာဖြင့် ကျန်းရှုံ့ရှေ့သို့ ရောက်လာသည်။

ကျန်းရှုံ့ မျက်လုံးပြူးသွားပြီး ကပျာကယာ ခုန်ရှောင်လိုက်ရ၏။

"ထောက် .... ထောက် ...."

ဓားပါးကလေးနှစ်လက်သည် သူ၏နောက်ကျောဘက်ရှိ သစ်ပင်တစ်ပင်တွင် စိုက်ဝင်သွားလေသည်။

အဖြူရောင်ဝတ်ဆင်ထားသူက ....

"မိတ်ဆွေထွက်သွားမယ် မဟုတ်လား ...."

ကျန်းရှုံ့က သက်ပြင်းချလိုက်ပြီး၏။

အဖြူရောင်ဝတ်ဆင်ထားသူကို မယှဉ်နိုင်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထား၏။

ထို့ကြောင့် ....

"ဟုတ်တယ် ...."

"အင်း .... ဒီလိုနားလည်တတ်ရမှာပေါ့ ...."

"ခင်ဗျားနာမည် ဘယ်သူလဲဆိုတာ ပြောပြပါလား ...."

"ကျုပ်နာမည် မာလုပါ ...."

"ဘာ ....မာလု ဟုတ်လား ...."

"ဟုတ်ပါတယ် ...."

ကျန်းရှုံ့ မျက်လုံးပြူးသွား၏။

ကျန်းရှုံ့သာမက မေဝါးပါ ပါးစပ်အဟောင်းသားဖြစ်သွား၏။ အကြောင်းမှာ ....

မာလုသည် ပြိုင်ဘက်ကင်းသူဟု သိုင်းလောကတွင် ကျော်ကြားနေပြီး ထင်မင်း၏ သွေးသောက်မိတ်ဆွေဖြစ်နေသောကြောင့်တည်း။

ကျန်းရှုံ့က ....

"ခင်ဗျားက မာလုဖြစ်နေမှတော့ ကျုပ်နောက်ဆုတ်သွားရတာ ဝမ်းနည်းစရာမရှိပါဘူး .... နောက်တစ်ခါ ပြန်တွေ့ကြသေးတာပေါ့ ...."

စကားဆုံးသွားလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။ တကယ်တော့ သူကံကောင်းသွားခြင်းဖြစ်သည်။ ကျန်းရှုံ့ကြောင့် ထင်မင်းသေသွားရသည်ကိုသာ သိလျှင် မာလုသည် ကျန်းရှုံ့အား ခွင့်လွှတ်ကောင်းမှ ခွင့်လွှတ်ပေလိမ့်မည်။

မာလုက မေဝါးအား မေးလိုက်သည်။

"မင်းက ....တိမ်ကြားနန်းတော်သခင်မလေး မေဝါးမဟုတ်လား ...."

မေဝါးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ရှင် ...."

"သူက ဘယ်သူလဲ ...."



ကျန်းရှုံ့အား မေးလိုက်ခြင်းဖြစ်သည်။

"သူဟာ စွန်ရဲသခင် ကျန်းရှုံ့ပါ ...."

မမျှော်လင့်သောစကားကြောင့် မာလုအံ့သြသွား၏။

"သူက မင်းနဲ့လက်ထပ်မယ့်လူ မဟုတ်လား ....ဘာကြောင့် မင်းကို သတ်ပစ်ဖို့ ကြိုးစားနေရတာလဲ ...."

မေဝါး သက်ပြင်းချလိုက်မိလေ၏။

ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားလိုက်ကာ အဖြစ်အပျက်များကို ရှင်းလင်းပြောကြားလိုက်၏။

သူ၏စကားအဆုံးတွင် မာလု ငိုင်ကျသွား၏။

"ထင်မင်းနဲ့ စုယဉ် သေသွားကြပြီပေါ့ ...."

"ဟုတ်ပါတယ်ရှင် ...."

မာလု၏မျက်နှာ ခက်ထန်တင်းမာလာ၏။

"မင်းတော်တော်ရက်စက်တာပဲ ...."

မေဝါးက အံကြိတ်ကာ ....

"ကျွန်မအပြစ်အတွက် ကျွန်မကို သတ်လိုက်ပါရှင် ...."

မာလုက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မင်းကိုသတ်ဖို့ မတန်ပါဘူး ....ထင်မင်းရဲ့ကလေးကို မင်းဘယ်ခေါ်သွားမလို့လဲ ...."

"ကျွန်မ .... ကျွန်မ ...."

မေဝါး မည်သို့ပြောရမှန်းမသိဖြစ်သွား၏။

မာလုက အက်ကွဲသောအသံဖြင့် ....

"ဒီကလေးကို ကျုပ်ခေါ်သွားမယ် ....မင်းဆီ ဘယ်နည်းနဲ့မှ မထည့်လိုက်နိုင်ဘူး ...."

စကားဆုံးလျှင် ကလေးကို လှမ်းယူကာ နှုတ်မဆက်ဘဲ ထွက်သွားလေသည်။

အတန်ငယ် လှမ်းပြီးမှ နောက်လှည့်ကာ ....

"မင်းက ဒီကလေးကို ကယ်တင်လာတဲ့အတွက် မင်းကို ချမ်းသာပေးလိုက်မယ် ....ကျွန်းရှုံ့ကိုတော့ ကျုပ်က သုတ်သင်ရလိမ့်မယ်"

စကားဆုံးလျှင် နောက်သို့လုံးဝလှည့်မကြည့်တော့ဘဲ လျှောက်သွားလေတော့သည်။

မေဝါး သက်ပြင်းချလိုက်၏။

မာလုသည် တစ်နှစ်ပတ်လုံးရေခဲများဖုံးလွှမ်းနေသောတောင်တစ်လုံးပေါ်၌ နေထိုင်ကြောင်း သူမသိရှိထားသည်။

ထင်မင်း၏ ကလေးငယ်သည် မာလုနှင့်ပါသွားပြီဖြစ်ရာ ကလေးအကြီးကိုခေါ်ရန် နောက်ကြောင်းပြန်လှည့်လာခဲ့၏။

သို့သော် ....

သူမဖွက်ထားသောနေရာတွင် ကလေးအကြီးကို မတွေ့ရပါတော့ချေ။

တဲဝိုင်းကြီးအတွင်းသို့ဝင်၍ စုံစမ်းကြည့်လိုက်မှ နဂါးစန်းကိုးခေါ်သွားကြောင်းကို သိလိုက်ရ၏။

မေဝါး သက်ပြင်းချလိုက်၏။

ကလေးနှစ်ယောက်စလုံး သူနှင့်ထိုက်တန်ခြင်းမရှိကြောင်း သဘောပေါက်နားလည်သွား၏။

ထို့ကြောင့် စန်းကိုးနောက်သို့ လိုက်မသွားတော့ဘဲ ခြေဦးတည့်ရာသို့ ထွက်လာခဲ့လေသည်။



ထိုအချိန်မှစပြီး သံမဏိထင်မင်း၊ စွန်ရဲသခင်ကျွန်းရှုံ့နှင့် တိမ်ကြားနန်းတော်သခင်မလေး မေဝါးတို့သည် သိုင်းလောကမှ အလျှိုလျှိုပျောက်ကွယ်သွားကြလေတော့သည်။

သီလရှင်၏စကားဆုံးသွားပြီဖြစ်ပါသည်။

ဗေဒါကြီး (ဝါ)သန်းဖုံး သက်ပြင်းချလိုက်သည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က လူတိုင်းသိချင်ခဲ့ကြသော လျှို့ဝှက်ချက်ကို ယခုသိလိုက်ရပြီဖြစ်သည်။

ထင်မင်းသည် ပျောက်ဆုံးသွားခြင်းမဟုတ်ဘဲ ကျွန်းရှုံ့၏လက်ချက်ကြောင့် သေဆုံးသွားရပြီဖြစ်ပါသည်။

ထင်မင်း၏ကလေးနှစ်ယောက် မည်သည့်နေရာတွင် ရောက်ရှိနေပါသနည်း။

သီလရှင်က ....

"သံမဏိလက်ဝါး သိုင်းလောကမှာ ပြန်ပေါ်လာတော့ ကျွန်မအတော်ကလေး အံ့အားသင့်သွားတယ် ....ဒါဟာ ထင်မင်းမသေသေးဘူးဆိုတဲ့အချက် ပေါ်လွင်နေတာပဲ ...."

သန်းဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... သံမဏိလက်ဝါးဟာ ထင်မင်းကိုယ်နဲ့မကွာဆောင်ထားတဲ့ ပစ္စည်းမဟုတ်လား .... တစ်ခုတော့ရှိတယ် .... သူရဲ့

အလောင်းက တောင်အောက်ကမြစ်ထဲကျသွားပြီး .... တစ်ယောက်ယောက်က တွေ့သွားတာကော မဖြစ်နိုင်ဘူးလား ....”

“တွေ့ရင် သံမဏိလက်ဝါးပေါ်လာတာ ကြာပြီပေါ့ ....”

“အင်း .... ဒီလိုဆိုတော့လည်း ဟုတ်သားပဲ ....”

“ထင်မင်းမသေသေးဘူးဆိုရင် ....သူ့ရဲ့သားကလေးကို သိပ်တွေ့ချင်မှာပဲလို့ .... ကျွန်မစဉ်းစားမိတယ် ....”

သန်းဖုံးက ထောက်ခံလိုက်သည်။

“ဟုတ်တယ် ....”

“ဒါကြောင့် ကျွန်မ ဒီကိုလာခဲ့တာပေါ့ ....”

“ဒါထက် ခင်ဗျားက ဓွန်ရဲသခင်ကျွန်းရှုံ့နဲ့ ချိန်းထားတယ် မဟုတ်လား ....”

“ဟုတ်တယ် ....”

“သူနဲ့တွေ့လို့ ဘယ်လိုအကျိုးထူးမှာလဲ ....”

“ထူးတာပေါ့ .... ကျွန်မ သူ့ကိုဖမ်းပြီး ထင်မင်းဆီကို ပို့ပေးမယ်လို့ စိတ်ကူးထားတယ် ....ပြီးတော့ သားနှစ်ယောက်အကြောင်း ပြောပြလိုက်ရင် .... ကျွန်မကို ခွင့်လွှတ်နိုင်မှာပါ ....”

သန်းဖုံး ထိတ်လန့်သွားလေသည်။

“ခင်ဗျားက ကျွန်းရှုံ့ကို ဖမ်းဖို့ကြိုးစားမယ် ဟုတ်လား”

“ဟုတ်တယ် .... ကျွန်မစီစဉ်ပြီးပါပြီ ....”

“ဒီအကြံကိုတော့ လက်လျှော့လိုက်ရင် ကောင်းမယ်ထင်တယ် .... အန္တရာယ်များလွန်းပါတယ် ....”

သီလရှင်က ရယ်မောလိုက်သည်။

“ကျွန်မ အားလုံးစီစဉ်ပြီးပါပြီရှင် .... ဘာမှမစိုးရိမ်ပါနဲ့ ....”



“ဒါဖြင့် ကျုပ်ကို ပြောပြတာ ....”

“တကယ်လို့ ကျွန်မရဲ့အစီအစဉ် ခြေချော်လက်ချော်ဖြစ်ပြီး ကျွန်မတစ်ခုခုဖြစ်သွားရင် ရှင်က ထင်မင်းကို ပြန်ပြောနိုင်မယ် မဟုတ်လား .... ပြီးတော့ ထင်မင်းရဲ့သားနှစ်ယောက်ကို ရှင်တွေ့အောင်ရှာနိုင်မယ်လို့ .... ကျွန်မယူဆထားလို့ပါ ....”

သန်းဖုံးက ပင့်သက်ရှိုက်လိုက်သည်။

“ကလေးနှစ်ယောက်ကို တွေ့အောင်ရှာပြီး သူ့အဖေဆီပို့ပေးဖို့ ကျုပ်ကြိုးစားနိုင်ပါတယ် ....ခင်ဗျားရဲ့အကြံလက်လျှော့ဖို့ တိုက်တွန်းပါရစေလားဗျာ ....”

သီလရှင်က ခေါင်းခါယမ်းလိုက်သည်။

“ကျွန်မဆုံးဖြတ်ပြီးပြီ .... မပြင်နိုင်တော့ပါဘူး ....”

“အင်း .... ဒီလိုဆိုရင်လည်း ထင်မင်းကို တွေ့အောင်ရှာပြီး ကျွန်းရှုံ့ထွက်မလာခင် ခင်ဗျားဆီကို ခေါ်လာမယ် ....”

သီလရှင်က ပြုံးလိုက်သည်။

“တစ်ရက်နှစ်ရက်အတွင်း ရှင်က ထင်မင်းကို တွေ့အောင် ရှာနိုင်ပါ့မလား ....”

“ဒါတော့ ကြိုးစားရမှာပေါ့ ....”

သီလရှင်က ကျေနပ်သွားလေသည်။

“ကျေးဇူးတင်ပါတယ်ရှင် ....ဒီကိစ္စဖြစ်မြောက်အောင် ဆောင်ရွက်ပေးရင် ရှင့်ကျေးဇူးကို မမေ့ပါဘူး ....”

“ဒီကိစ္စ ကျုပ်တာဝန်ထားလိုက်ပါဗျာ ....ခင်ဗျားသာ ကျွန်းရှုံ့ကိုမလွှတ်စေနဲ့ ....”

“စိတ်ချ ....”

"ကဲ .... ကျုပ်သွားမယ် ...."

"ကောင်းပါပြီရှင် ...."

သီလရှင်ခွင့်ပြုလိုက်လျှင် သန်းဖုံး အခန်းတွင်းမှ ထွက်လာလေတော့သည်။

ရှာ⊙လှ

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် လုကျန်းဆတ်ခနဲ နိုးလာသည်။

သစ်ပင်တွင် ကျောမှီထိုင်ရင်း အိပ်စက်မိသည့်အဖြစ်ကို ပြန်လည်သတိရလာသည်။

ချက်ချင်း ထိုင်ရာမှထကာ မတ်တတ်ရပ်လိုက်သည်။

ထိုအခါ သူ့အနီးတွင် လူနှစ်ယောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူနှစ်ယောက်ကား ယင်းလိမ်နှင့် ချူးဇွေ့တို့ဖြစ်ကြ၏။

ယင်းလိမ်က ....

"ရှင့်ဆရာဘုံကျောင်းထဲကို ဝင်လာတာတွေ့ကတည်းက ရှင်လည်း ပါလာမယ်ဆိုတာ ကျွန်မတွေးမိပြီးသားပါ ...."

လုကျန်းက ရယ်ကျဲကျဲဖြင့် ....

"ကျုပ်ဆရာက ဘုံကျောင်းထဲကို မဝင်ရဘူးလို့ ပြောထားလို့ပါ .... နို့မဟုတ်ရင် အစောကြီးကတည်းက ကျုပ်တို့တွေ့မှာပဲ ...."



"ဟုတ်တာပေါ့ရှင် ...."

"ခင်ဗျားတို့ ဘယ်သွားမလို့လဲဗျ ...."

"ဘယ်သွားရမှာလဲ ....ရှင့်ဆရာရောက်လို့ စကားပြောစရာရှိတယ်ဆိုပြီး ဆရာက ကျွန်မတို့ကို အပြင်ထွက်နိုင်းလိုက်တာ ...."

ချူးဇွေ့က မကျေမနပ်ဖြင့် ဝင်ပြောလာသည်။

"ခင်ဗျားတို့ဆရာ ရောက်နေပြီ ဟုတ်လား ...."

"ဟုတ်တယ် .... မိုးမချုပ်ခင် ရောက်လာတာပဲ ...."

"ကျုပ်တွေ့ချင်လိုက်တာဗျာ ...."

ယင်းလိမ်က မျက်မှောင်ကြုတ်ကာ ....

"ရှင်က ဘာလုပ်မလို့လဲ ...."

"မြင်ဖူးအောင်ပေါ့ ...."

"မလုပ်နဲ့ .... ကျွန်မဆရာက ဘယ်သူ့ကိုမှ အတွေ့ခံမှာမဟုတ်ဘူး ...."

"ခင်ဗျားက ကျိုဟာန်ကိုပြောခဲ့တယ်မဟုတ်လား .... ခင်ဗျားတို့ဆရာဟာ လူတစ်ယောက်နဲ့ တွေ့ဖို့ ဒီကိုရောက်လာခဲ့တာဆို ...."

"အဲဒီလူက ရှင်မှမဟုတ်တာ ...."

"ဗျာ ...."

"အဲဒီလူသာ ရှင်ဖြစ်နေရင် ကျွန်မတို့လည်း မိတ်ဆွေလို သဘောမထားနိုင်တော့ဘူး .... တိုက်ခိုက်ရမှာပဲ ...."

လုကျန်း မျက်လုံးပြူးသွားလေသည်။

"ဒီလိုဆို ခင်ဗျားဆရာဟာ ရန်သူတစ်ယောက်နဲ့ ရင်ဆိုင်ဖို့ ဒီကိုလာခဲ့တာပေါ့ ...."

"ဟုတ်တယ် ...."

"အဲဒီလူက ဘယ်သူလဲဗျ ...."

"စွန်ရဲသခင် ကျန်းရှုံ့လို့ခေါ်တယ် ...."

လုကျန်း ခေါင်းကုတ်လိုက်လေသည်။

စွန်ရဲသခင်ကျန်းရှုံ့ဆိုသောအမည်ကို သူတစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့ပါချေ။

ယင်းလိမ်ကို အကဲခတ်ကြည့်ရင်း ....

"ဒီလူက တော်တော်ကြောက်စရာကောင်းလားဗျ ...."

ချူးဇွေ့က ကြားဝင်ပြောလိုက်သည်။

"ရှင့်ဆရာထက်တော့ ကြောက်စရာကောင်းတာ သေချာပါတယ် ...."

သူမ၏စကားကြောင့် ယင်းလိမ်အားတုံ့အားနာဖြစ်သွားသည်။

လုကျန်း ရယ်မောလိုက်သည်။

"မှန်ပါတယ်ဗျာ ....ကျုပ်ဆရာဟာ ကြောက်စရာမကောင်းပါဘူး .... သူဟာ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ လူမို့ ချစ်စရာကောင်းပါတယ်ဗျာ ...."

"ဘာ ...."

ယင်းလိမ်က အံချိန်မီဝင်ပြီး ထိန်းသိမ်းလိုက်၏။

"တော်ကြပါတော့ကွယ် .... ဆရာစိတ်ညစ်နေတယ်ဆိုတာလည်း ညီမသိသားပဲမဟုတ်လား ...."

ချူးဇွေ နှုတ်ခမ်းစူကာ ....

"သူတို့ ဆရာတပည့်က ဆရာ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လာလုပ်နေတာ မတွေ့ဘူးလား ...."



"ဒီလိုမပြောရဘူးလေ ညီမရဲ့ ....ဦးလေးသန်းဖုံးနဲ့ ဆရာဟာ သိဟောင်းကျွမ်းဟောင်းတွေပါ ....မိတ်ဆွေတွေဆိုရင်လည်း မမှားပါဘူး ...."

"ဘာပဲဖြစ်ဖြစ် သူတို့က နေရာတကာ ...."

သူမ၏စကားမဆုံးမီ လုကျန်းက ကြားဖြတ်ပြောလိုက်၏။

"ခင်ဗျားမကျေနပ်တာတွေကို နောက်မှပြောပါဗျာ ....ကျန်းရှုံ့က ကျုပ်ဆရာထက်တောင် ကြောက်စရာကောင်းတယ်ဆိုတော့ ခင်ဗျားတို့ဆရာ ဘယ်လိုရင်ဆိုင်မလဲ ....ခင်ဗျားဆရာက သူ့ကို အနိုင်ရမှာ သေချာရဲ့လား ...."

ချူးဇွေ့က ရင်ကော့လိုက်ပြီး ....

"သေချာတာပေါ့ .... ကျွန်မဆရာကျိန်းသေနိုင်ရမှာပဲ ...."

ယင်းလိမ်ကမူ စဉ်းစားချင့်ချိန်သောလေသံဖြင့် ....

"ဒါတော့ အတပ်မပြောနိုင်ဘူး ....ဆရာဟာ ရန်သူနဲ့ ရင်ဆိုင်နေတဲ့အချိန်မှာ ကျွန်မတို့ကို ရှောင်သွားခိုင်းတယ် ...."

"ခင်ဗျားတို့ သူနဲ့အတူမနေရဘူးပေါ့ ...."

"ဟုတ်တယ် .... မနက်မိုးလင်းတာနဲ့ ကျွန်မတို့ ဒီကထွက်သွားကြရလိမ့်မယ် ...."

လုကျန်းက လက်ကာပြလိုက်လေသည်။

"ဟာ ....ခင်ဗျားတို့ထွက်သွားလို့ ဘယ်ဖြစ်မလဲဗျ ....ခင်ဗျားဆရာ အခက်အခဲကြုံရင် ဝင်ပြီးကူညီနိုင်အောင် အနီးအနားမှာပဲ နေသင့်တာပေါ့ ...."

"ဟုတ်တယ် ကျွန်မလည်း ဒီလိုပဲ ယူဆတယ် ...."

ချူးဇွေ့ ပါးစပ်ပိတ်ထားလိုက်လေသည်။

လုကျန်းက ဆက်ပြောလိုက်၏။

"ခင်ဗျား ဆရာကိုပြောပြီး ထွက်မသွားဘဲနေပေါ့ ...."

"မဖြစ်ဘူး .... သူက လက်ခံမှာမဟုတ်ဘူး ...."

"ဒီလိုဆိုရင် ထွက်သွားချင်ဟန်ဆောင်ပြီး ....ဒီအနီးအနားမှာပဲ ပုန်းနေလိုက်ပေါ့ ...."

ယင်းလိမ်က ရယ်မောလိုက်လေသည်။

"ရှင်ပြောသလို လုပ်မှထင်တယ် ...."

ချူးဇွေ့က စကားတစ်လုံးမျှ ဝင်မပြောချေ။

လုကျန်း၏စကားကို သူမကိုယ်တိုင်လည်း သဘောတူပုံရလေသည်။

လုကျန်းက ဆက်ပြောလိုက်သည်။

"လိုအပ်မယ်ဆိုရင် .... ကျုပ်လည်း ကူညီပါ့မယ် ...."

သူက မည်သူ့ကိုမဆို ကူညီရန် ဝန်မလေးသူဖြစ်ကြောင်း ယင်းလိမ်နားလည်သဘောပေါက်ထားသည်။

လုကျန်း၏သိုင်းပညာသည် ပြောပလောက်အောင် မတတ်ဟု သူမသိထား၏။

ဗေဒါကြီးနှင့် လူမမာက သိုင်းပညာသင်ကြားပေးခဲ့သည်ကို သူမသိ၍ဖြစ်ပါသည်။

ထို့ထက်ပို၍ လေမဲ့ဥမ္မန်စိမ်းက သိုင်းပညာသင်ကြားပေးခဲ့သည်ကိုသာသိလျှင် လွန်စွာအံ့သြသွားမည်ဖြစ်ပါသည်။

ယင်းလိမ် အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ရှင်ကူညီမယ်ဆိုရင် .... ရှင့်ဆရာက သဘောတူပါ့မလား"

"အို ....ကျုပ်က သူ့ကိုကူညီတာ သူကန့်ကွက်စရာအကြောင်း



မရှိပါဘူး ...."

"ဒီလိုဆိုရင် မနက်ဖြန် ရှင်ဒီကိုလာခဲ့ပေါ့ ...."

"စိတ်ချ .... ကျုပ်လာခဲ့မယ် ...."

သူတို့စကားပြောဆိုနေကြစဉ် ဘုံကျောင်းပျက်အတွင်းမှ ဗေဒါကြီးထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ဗေဒါကြီးသည် သူတို့အားတွေ့မြင်သွားပြီး ခပ်သွက်သွက်လျှောက်လာ၏။

အနီးသို့ရောက်သောအခါ ယင်းလိမ်နှင့် ချူးဇွေ့တို့အား ပြုံးပြလိုက်သည်။

ပြီးလျှင် လုကျန်းဘက်သို့လှည့်ကာ ....

"တို့သွားကြမယ် ...."

လုကျန်းက ယင်းလိမ်နှင့် ချူးဇွေ့တို့အား နှုတ်ဆက်လိုက်သည်။

ယင်းလိမ်က ....

"ရှင်မမေ့နဲ့နော် ...."

"စိတ်ချပါဗျာ ...."

သူတို့နှစ်ယောက်၏စကားများကိုကြားလျှင် ဗေဒါကြီးက မျက်မှောင်ကြုတ်ကာ ....

"မင်းတို့ ဘာပြောနေကြတာလဲ ...."

လုကျန်းက ပြုံးကာ ....

"ကျွန်တော်သူ့ဆီကိုလာလည်ဖို့ ပြောတာပါ ...."

ဗေဒါကြီးက ယင်းလိမ်ကိုကြည့်ရင်း ....

"သူပြောတာ ဟုတ်လား ...."

ယင်းလိမ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် ...."

ဗေဒါကြီး လက်ဇွေ့ယမ်းပြရင်း ....

"မင်းတို့ သူ့ကိုတွေ့ဖို့ စိတ်မကူးနဲ့ .... အခုလောလောဆယ် တွေ့နိုင်မှာ မဟုတ်ဘူး .... ကျုပ်က မင်းဆရာရဲ့တာဝန်ပေးချက်ကြောင့် ခရီးထွက်ရဦးမယ်လေ .... သူ့ကိုပါ ခေါ်သွားရမှာမို့ပါ ...."

ပြောပြီး လုကျန်းဘက်သို့လှည့်ကာ ....

"ကဲ .... တို့သွားကြစို့ ...."

စကားဆုံးလျှင် ရှေ့မှလှမ်းထွက်သွားလေသည်။

လုကျန်း ပါးစပ်အဟောင်းသားဖြစ်သွား၏။

ခရီးထွက်ရမည်ဟု သူ လုံးဝမမျှော်လင့်ခဲ့ပါချေ။

ယင်းလိမ်လည်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

လုကျန်းက ....

"ခင်ဗျား ဘာမှစိတ်မပူနဲ့ ....ကျုပ် မကြာခင် ပြန်လာခဲ့မယ်" ဟု ပြောကာ ဗေဒါကြီးနောက်သို့ ပြေးလိုက်သွားရလေသည်။

ယင်းလိမ်က သက်ပြင်းချလိုက်သည်။

ထွက်ခွာနေကြသော ဗေဒါကြီးနှင့် လုကျန်းတို့ကို ငေးကြည့်နေမိသည်။

ထိုစဉ် ....

ဘုံကျောင်းအတွင်းဘက်မှ သီလရှင်၏ ချောင်းဟန့်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချူးဗွေ့က ....



"ဆရာ အချက်ပေးနေပြီ ...."

ယင်းလိမ်က ခေါင်းညိတ်ကာ ချူးဗွေ့နှင့်အတူ ဘုံကျောင်းအတွင်းသို့ ပြန်ဝင်လာခဲ့လေတော့သည်။

## အခန်း(၂၁)

## တပည့်မိုက်၏ နောင်တ

မြစ်ကမ်းနံဘေးတွင် အိမ်ခြေသုံးလေးဆယ်ခန့်ရှိသော တံငါရွာကလေးတစ်ရွာရှိနေသည်ကို အဝေးမှပင် မြင်တွေ့နိုင်ပါ၏။

လှေကလေးတစ်စီးသည် ယင်းတံငါရွာသို့ ဦးတည်လော်ခတ်သွားနေ၏။

လေပြည်လေညင်းကလေး ငွေ့ယမ်းတိုက်ခိုက်လာသည်။

လှေဦးတွင် ထိုင်နေသော ဆရာကြီးအာဖုံးက အေးမြလတ်ဆတ်သော လေပြည်ကို အဆုတ်ထဲရောက်သည်အထိ တစ်ဝကြီး ရှိုက်သွင်းလိုက်၏။

မြစ်ရေပြင်ကို ဖြတ်သန်းလာရင်း လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ခန့်က ထင်မင်းအား ကယ်တင်လာခဲ့ပုံကို ပြန်လည်အမှတ်ရနေသည်။

ထင်မင်းသည် သူ့အချိန်မီကုသပေးနိုင်မှုကြောင့် အသက်ရှင်သန်ခဲ့ရ၏။



နောက်ပိုင်းတွင် သမားတော်ကြီးများဖြင့် ကုသရင်း အဆိပ်နှင့် အတွင်းဒဏ်ပျောက်ကင်းအောင် ကုသနိုင်ခဲ့သည်။

သို့သော် ....သိုင်းပညာကား အသုံးပြု၍ မရဘဲ ဆုံးရှုံးသွားခဲ့ရသည်။

သိုင်းပညာဆုံးရှုံးခဲ့သောကြောင့် သိုင်းလောကသို့ ပြန်လည်ခြေမချရန် ဆုံးဖြတ်ထားခဲ့သည်။

သူ့အကြောင်း မည်သူ့ကိုမှမပြောရန် အာဖုံးကို မေတ္တာရပ်ခံခဲ့သည်။

တံငါရွာကလေးတွင် အခြေချရင်း ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကာ အေးအေးလူလူနေခဲ့သည်။

မည်သို့ဆိုစေ မေဝါးနှင့်အတူပါသွားသော သူ၏ရင်သွေးနှစ်ယောက်ကိုကား တစ်နေ့မှ မေ့မရပါချေ။

သားနှစ်ယောက်ကို ပြန်တွေ့လိုစိတ် တစ်နေ့ထက်တစ်နေ့ ဖြင်းပြ...ခဲ့၏။

အာဖုံးက အာမခံလုပ်ငန်းကို အခြေမပျက်ဆက်လက်လုပ်ကိုင်လျက် တစ်ဖက်တစ်လမ်းမှ သတင်းစုံစမ်းပေးခဲ့သည်။ သို့တစေ နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင် ကြာမြင့်ခဲ့သော်လည်း သတင်းအစအနပင် မကြားရချေ။

မေဝါးနှင့် ကျန်းရှူ့တို့လည်း သိုင်းလောကမှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ကြသည်။ မည်သို့မျှ ရှာဖွေ၍မတွေ့သည့်အဆုံး နောက်ဆုံးတွင် ထင်မင်းက စွန့်စားမှုတစ်ခုပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ သံမဏိလက်ဝါးအား သိုင်းလောကသို့ ပြန်လည်ပို့ဆောင်ရေးပင် ဖြစ်လေသည်။

လွင်စာပေ
၁၅/၁၃၀၊

သံမဏိလက်ဝါးပြန်လည်ထွက်ပေါ်လာလျှင် သိုင်းလောက တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်လာမည်ကို သိရှိထား၏။

ထို့ကြောင့် အာဖုံးနှင့် တိုင်ပင်ပြီး အချိန်ကောင်းစောင့်ကာ အကောင်အထည်ဖော် လှုပ်ရှားလိုက်ခြင်းဖြစ်ပါ၏။

ခွဲရာတွင် ကံဆိုးပြီး သံမဏိလက်ဝါးမှာ လမ်းခုလတ်တွင် ပျောက်ဆုံးသွားခဲ့ကြရသည်။

သံမဏိလက်ဝါး ပျောက်ဆုံးသွားခြင်းကြောင့် အာဖုံးမှာ အစီအစဉ်အတိုင်း ရှေ့ဆက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ဘဲ သံမဏိလက်ဝါးကိုသာ လိုက်လံရှာဖွေခဲ့ရတော့သည်။

နောက်ဆုံး ယက္ခကြီးဝါးရှောင်၏သား ဝါးရီထံတွင် ရောက်ရှိနေကြောင်း သတင်းကြားခဲ့ရ၏။

ဝါးရီကို သွားတွေ့ရင်း ထင်မင်းနှင့် တွေ့ဆုံနိုင်ရန် ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပေတော့သည်။

ဆရာကြီးအာဖုံးက အဖြစ်အပျက်များကို ပြန်ပြောင်းစဉ်းစားရင်း သူနှင့်အတူလိုက်ပါလာသော ဝါးရီတို့သားအဖကို လှမ်းကြည့်လိုက်၏။

ဝါးရီနှင့် ဝါးရှောင်တို့သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း လိုက်ပါလာခဲ့ကြသည်။

ဝါးရီသည် လူငယ်လေးတစ်ယောက်ပီပီ သာယာလှပသော ပတ်ဝန်းကျင်ရှုမျှော်ခင်းများကြောင့် ပျော်ရွှင်ကြည်နူးနေပုံရလေသည်။

လှေကလေးသည် တံငါရွာလေးဆီသို့ ဦးတည်လှော်ခတ်သွား၏။

မကြာမီ ....



တံငါရွာကလေး၏ ဆိပ်ကမ်းသို့ ရောက်သွားသည်။

အာဖုံးက လှေပေါ်မှ ခုန်ဆင်းကာ ....

"ကျုပ်နောက်ကို လိုက်ခဲ့ကြပါဗျာ ...."

သူသည် ပြောပြောဆိုဆို ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

ဝါးရီနှင့် ဝါးရှောင်တို့က နောက်မှလိုက်သွားကြသည်။

သူတို့နောက်မှ ဆရာကြီးအာဖုံး၏ တပည့်များက ခြံရံ၍ လိုက်ပါသွားကြသည်။

အာဖုံးသည် တံငါရွာကလေးအတွင်းသို့ ဝင်မသွားဘဲ ရွာဘေးမှ ကွေ့ပတ်ကာ မြောက်ပိုင်းသို့ ဦးတည်လျှောက်သွား၏။

ဝါးရှောင်က သားဖြစ်သူအနီးသို့ ကပ်ကာ တီးတိုးမှာကြားလေ၏။

"သား .... သတိထားနော် .... အခြေအနေမဟန်ရင် ဖေဖေ ခုခံထားမယ် .... သားက သံမဏိလက်ဝါးယူပြီး လွတ်အောင်ပြေးပေတော့ ...."

"ဟုတ်ကဲ့ပါ ဖေဖေ ...."

ထို့နောက် သူတို့သည် အာဖုံးနောက်သို့ လိုက်သွား၏။

မကြာမီ ....

တဲအိမ်ကလေးတစ်လုံးရှေ့သို့ ရောက်သွား၏။

အာဖုံးက နောက်လှည့်ကာ ....

"ဒီအိမ်ကလေးက သံမဏိလက်ဝါးထင်မင်းရဲ့အိမ်ကလေးပဲဗျ ...."

ဟု လှမ်းပြောလိုက်လေသည်။

ပြီးနောက် .... ခြံဝင်းအတွင်းသို့ဝင်ကာ ....

"မိတ်ဆွေလေးထင်မင်း .... ဧည့်သည်တွေပါလာတယ် ...."

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တဲအိမ်ကလေးအတွင်းမှ လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။ ထိုလူမှာ ဖာထေးရာများ ပွနေသောအဝတ်အစားဝတ်ဆင်ထားသည်။

ဦးခေါင်းမှ ဆံပင်များ မဖြီးမလိမ်းဘဲထား၍ ရှုပ်ပွနေပေသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ထိုးထိုးထောင်ထောင်ရှိနေသည်ကိုလည်း တွေ့မြင်လိုက်ကြရသည်။

ထိုလူသည် တဲအိမ်ကလေးအတွင်းမှ ထွက်လာပြီး အကဲခတ်ကြည့်ကာ ....

"အစ်ကိုကြီးအာဖုံး .... ဘယ်က ဧည့်သည်တွေလဲဗျ"

အာဖုံးက ....

"ယက္ခကြီးဝါးရှောင်နဲ့ သူ့ရဲ့သား ဝါးရီပါ ...."

တဲအိမ်ထဲမှ ထွက်လာသောသူမှာ ရုပ်ရည်ရင့်ထော်နေသောလည်း ထင်မင်းဖြစ်ကြောင်း ဝါးရှောင်သိသည်။

သိုင်းလောကၚ် ကျင်လည်ကျက်စားခဲ့ချိန်က ထင်မင်းကို တွေ့မြင်ခဲ့ဖူးသည် မဟုတ်ပါလား။

ထင်မင်းက မျက်မှောင်ကြုတ်ကာ ....

"သူတို့က ...."

"သြော် .... မိတ်ဆွေလေးခိုင်းတဲ့အတိုင်း ကျုပ်က သံမဏိလက်ဝါးယူသွားရင်း .... လမ်းမှာပျောက်ဆုံးသွားခဲ့တယ်လေ .... အဲဒါ သူတို့ဆီကို ရောက်နေလို့ ...."



"ဗျာ .... သံမဏိလက်ဝါး သူတို့ဆီမှာ ဟုတ်လား ...."

"ဟုတ်တယ် ...."

"ကဲ .... ကဲ .... အိမ်ထဲကို ဝင်ကြပါဦး ...."

ထင်မင်း ဖိတ်ခေါ်လိုက်လျှင် သူတို့အားလုံး အိမ်ထဲလိုက်ဝင်သွား၏။

ဝါးရှောင်က ထင်မင်းကိုကြည့်ကာ ....

"ခင်ဗျားဟာ ထင်မင်းဆိုတာ ကျုပ်မှတ်မိပါပြီဗျာ .... ပိုင်ရှင်အစစ်အမှန်လက်ထဲ သံမဏိလက်ဝါး ပြန်ပေးဖို့ ဝန်မလေးပါဘူး .... ကဲ .... သား ပြန်ပေးလိုက်ပါ ...."

ဝါးရီသည် အင်္ကျီရင်ဘတ်ကြားမှ အထုပ်ကလေးကို နှိုက်ယူကာ ရိုရိုသေသေ ကမ်းပေးလိုက်၏။

ထင်မင်းက လက်ခံပြီး ဖွင့်ကြည့်လိုက်သည်။

ထိုအခါ သံမဏိပြားလေးအား လက်ဝါးပုံဖော်ထားသည့် သံမဏိလက်ဝါးအား တွေ့ရ၏။

ယင်းလက်ဝါးပေါ်တွင် သိုင်းကွက်အနေအထားကို လျှို့ဝှက်စွာ ရေးမှတ်ထားခြင်းဖြစ်သည်။

ဤအချက်ကို ထင်မင်းမှလွဲ၍ အခြားသူများ မသိကြချေ။

ထင်မင်းက သံမဏိလက်ဝါးကို ငေးကြည့်ရင်း ....

"ဒီပစ္စည်း သိုင်းလောကမှာ ဘာကြောင့်ပြန်ထွက်ပေါ်လာရတယ်ဆိုတာ ခင်ဗျားတို့ မသိချင်ဘူးလား ...."

ဝါးရှောင်က ပခုံးတွန့်လိုက်သည်။

"သိတော့ သိချင်ပါတယ် .... ဒါပေမဲ့ ပြောပြဖို့ အခက်အခဲရှိမယ်ဆိုရင်လည်း မပြောပါနဲ့ဗျာ ...."

"ရပါတယ်ဗျာ....ကျုပ်ကိုယ်တိုင်ကလည်း ပြောပြချင်နေတာပါပဲ ....တကယ်တော့ ကျုပ်သားကလေးနှစ်ယောက်ကို ပြန်တွေ့လို့တွေ့ငြား ....အစ်ကိုအာဖုံးနဲ့ တိုင်ပင်ပြီး စီစဉ်လိုက်ရတာပါ ...."

အာဖုံးက ကြားဝင်ပြောလိုက်သည်။

"ဟုတ်တယ် ....သံမဏိလက်ဝါးကို ထင်မင်းရဲ့မိတ်ဆွေ ပြိုင်ဘက်ကင်း မာလုဆီကို ပို့ပေးဖို့ ကျုပ်ယူသွားတာပဲ .... မာလုက သံမဏိလက်ဝါးကိုယူပြီး မေဝါးကို လိုက်ရှာပေးဖို့ အကူအညီတောင်းမလို့ .... သံမဏိလက်ဝါးပျောက်သွားတာနဲ့ မာလုဆီကို မသွားနိုင်တော့ဘူး ...."

"ဩော် ....ဩော် ...."

ထင်မင်းက ....

"ကျုပ်ကို ကူညီနိုင်တာ မာလုတစ်ယောက်ပဲရှိတယ် ....သူလည်း သိုင်းလောကက ပျောက်ကွယ်နေခဲ့တယ် ....မကြာသေးမီကမှ ရေခဲတောင်ပေါ်မှာတွေ့ခဲ့တယ်ဆိုလို့ .... ချက်ချင်းလိုက်သွားခိုင်းရတာ ...."

ဝါးရှောင်က ....

"အခု သံမဏိလက်ဝါးပြန်ရပြီပဲဗျ ...."

"ဟုတ်တယ် .... ဒါကြောင့် ကျုပ်သားကလေးတွေကို ပြန်တွေ့ဖို့ မျှော်လင့်ချက်ရှိလာပြီပေါ့ ...."

ထင်မင်းက သိုင်းလောက မိန်းမချောစုယဉ်နှင့် လက်ထပ်ပြီး ကလေးနှစ်ယောက်ရရှိခဲ့ပုံ၊ တစ်နေ့တွင် မေဝါးနှင့် ကျန်းရှုံ့ရောက်လာပြီး စုယဉ်ကို သတ်ဖြတ်ကာ ကလေးများကို ဖမ်းဆီးသွားပုံနှင့် လိုက်လံတိုက်ခိုက်ရင်း ချောက်ထဲကျခဲ့ရပုံများကို အကျဉ်းချုံးကာ



ပြောပြလိုက်၏။ ထင်မင်း၏ အဖြစ်အပျက်များကို ကြားသိရလျှင် ဝါးရီနှင့် ဝါးရှောင်တို့ စိတ်မကောင်းဖြစ်သွားကြ၏။

ထင်မင်းက ဆက်ပြော၏။

"ကျုပ်သားကလေးတွေနဲ့ ခွဲခဲ့ရတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိပြီ .... ကျုပ် သူတို့ကို သိပ်တွေ့ချင်ပါတယ် .... ဒါကြောင့် မာလုရဲ့သတင်းကို ကြားကြားချင်း သံမဏိလက်ဝါး ပို့ခိုင်းတာပါ .... သံမဏိလက်ဝါးသိုင်းလောကမှာပြန်ပြီး ထွက်ပေါ်လာရင် မေဝါးနဲ့ မျက်နှာဖုံးစွပ်ထားတဲ့ လူမနေနိုင်ဘဲ လှုပ်ရှားလာကြမယ်ဆိုတာ ကျုပ်တွက်ဆထားတယ်လေ ...."

ဝါးရီက ထင်မင်းအား ကရုဏာသက်စွာကြည့်ကာ ....

"အခု မာလုကို လိုက်ရှာလို့ မရတော့ဘူးလား ...."

"ကံကောင်းလို့ သူ ရေခဲတောင်ပေါ်မှာ ရှိနေသေးရင်တော့ တွေ့ရမှာပဲ ...."

"ဒါဖြင့် .... အခုချက်ချင်း သွားရှာရင် မကောင်းဘူးလား"

"သွားရမှာပေါ့ ....ဒီတစ်ခါတော့ ကျုပ်ကိုယ်တိုင် လိုက်သွားမယ်လို့ စိတ်ကူးထားတယ် ...."

ထိုစကားကိုကြားလျှင် အာဖုံး မျက်နှာပျက်သွား၏။

ထင်မင်းကို စိုက်ကြည့်ကာ ....

"မိတ်ဆွေလေးကိုယ်တိုင် သွားမယ် ဟုတ်လား ...."

"ဟုတ်တယ် ...."

"မိတ်ဆွေလေး သိုင်းပညာမှ အသုံးပြုလို့မရတော့ဘဲ သိုင်းလောကသားတွေဟာ ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်

တယ်ဆိုတာ မိတ်ဆွေလေးအသိပါ ….မိတ်ဆွေလေး သွားလို့ဖြစ်ပါ့မလား ….”

ထင်မင်း မချိပြုံး ပြုံးလိုက်သည်။

“သံမဏိလက်ဝါးထွက်ပေါ်လာပြီး ထင်မင်းထွက်ပေါ်လာတော့ သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားမှာ သေချာတယ် ….ကျုပ်သိုင်းပညာအသုံးပြုလို့ မရဘူးဆိုတာ ဘယ်သူမှ သိကြတာ မဟုတ်ဘူး …. တော်ရုံတန်ရုံ ကျုပ်ကို ရန်မစရဲမှာတော့ သေချာတယ် ….”

မှန်ပေသည်။

ထင်မင်း သိုင်းပညာဆုံးရှုံးသွားကြောင်း သူတို့လူစုမှလွဲ၍ အခြားမည်သူမျှ မသိကြသေးချေ။

ထင်မင်းဆက်ပြောလိုက်သည်။

“ကျုပ်မိတ်ဆွေ မာလုကို ရှာတွေ့ရင် စိတ်ပူစရာမလိုတော့ပါဘူး ….မာလုက ခေတ္တလူမှမဟုတ်ဘဲ ….ကျုပ်ကို ကောင်းကောင်းကြီး ကာကွယ်စောင့်ရှောက်နိုင်မှာပါ ….”

“ဒါဆို ….ကျွန်တော်တို့လည်း ဝိုင်းပြီး ကာကွယ်စောင့်ရှောက်မှာပေါ့ …. ကျွန်တော်တို့မှာလည်း တာဝန်ရှိတာပဲ ….”

ဝါးရိက ကြားဝင်ပြောလိုက်သည်။

သူ၏စကားကြောင့် ထင်မင်းသဘောကျစွာ ပြုံးလိုက်၏။

ဝါးရှောင် အနည်းငယ်စဉ်းစားလိုက်ပြီး ….

“မိတ်ဆွေ ကိုယ်တိုင်သွားမယ်ဆိုရင် အန္တရာယ်များပေမယ့် အကောင်းဆုံးဖြစ်မှာတော့ သေချာတယ် ….သူကိုယ်တိုင် ထွက်တော့



ပစ်မှတ်ရန်သူဟာ အချိန်ကြာကြာ ဓာတ်မြှုပ်မနေကြဘဲ ချက်ချင်းထွက်လာမှာ သေချာတယ် ….ဒီလိုတွေ့ပြီဆိုရင် ပျောက်ဆုံးသွားတဲ့ သားနှစ်ယောက်ကိုလည်း ပြန်တွေ့ရမှာပဲ ….မာလုကို ရှာနေတာထက်ပိုပြီး မြန်မြန်တွေ့ရလိမ့်မယ် ….”

ထိုစကားကိုကြားလျှင် ထင်မင်းစိတ်ဓာတ်တက်ကြွလာလေတော့သည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပြောင်လေ၏။

ထိုင်ရာမှ ထရပ်ကာ ….

“ဟုတ်တယ် …. ကျုပ်ကိုယ်တိုင် ထွက်မယ် ….”

အာဖုံး သက်ပြင်းတစ်ချက်ချလိုက်သည်။

ထင်မင်းအား တားဆီး၍ရမည်မဟုတ်တော့ကြောင်း ရိပ်မိလိုက်သည်။

ထင်မင်းကိုယ်တိုင် ထွက်သွားခြင်းသည် ရန်သူကို အမြန်ဆုံးတွေ့နိုင်သော်လည်း အန္တရာယ်များမည် မဟုတ်ပါလား။

ထင်မင်း၏ ရန်သူမှာ ကြောက်မက်ဖွယ်ကောင်းသည်ဆိုသည်မှာ ဆိုဖွယ်ရာမရှိချေ။

ရန်သူနှင့် ရင်ဆိုင်ရချိန်၌ ထင်မင်းအား မည်သူက ကာကွယ်စောင့်ရှောက်မည်နည်း။

အာဖုံး ခေါင်းယမ်းလိုက်သည်။

သူနှင့် သူ၏တပည့်များသည် အာမခံလုံခြုံနိုင်ကို စွန့်ကာ ထင်မင်းနောက်သို့လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထင်မင်းအား သူ၏အသက်သေဆုံးသွားသည်အထိ ကာကွယ်စောင့်ရှောက်ရန်လည်း ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ၦ⊙ၹ

လေတဟူးဟူးတိုက်ခတ်နေသည်။

ဝန်းကျင်တစ်ခုလုံး အေးမြနေသည်။

တောင်ပေါ်၌ တစ်နှစ်ပတ်လုံး ရေခဲများ ဖုံးလွှမ်းလျက်ရှိပေသည်။

မြေပြင်တွင် နှင်းပွင့်များ ဖုံးလွှမ်းလျက်ရှိနေသည်။

နှင်းတောထဲ၌ အစာရှာနေသော ဝက်ဝံတစ်ကောင်သည် ရုတ်တရက် လူနံ့ရသဖြင့် တစ်ချက်မာန်ဖီပြီး ဝေးရာသို့ ပြေးသွားသည်။

မကြာမီ ....

တောင်ပေါ်သို့ လူတစ်ယောက်တက်လာသည်ကို တွေ့မြင်ရလေ၏။

ထိုလူကား လုကျန်းနှင့် လမ်းခွဲလာခဲ့သော မင်ဖုံးပင်ဖြစ်ပေသည်။

မင်ဖုံးသည် တောင်ပေါ်သို့ အားသွန်ခွန်စိုက်တက်လာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေဟန်ရှိပါသည်။

တောင်ပေါ်ရောက်လျှင် မြေပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ အနားယူလိုက်သည်။



သူ၏မျက်လုံးများသည် ဝဲဘက်တွင် ထီးထီးကြီးရှိနေသော ရေခဲတောင်ကြီးဆီသို့ မျှော်ကြည့်နေသည်။

ရေခဲတောင်ကြီးပေါ်သို့ အရောက်သွားရန် နောက်ထပ် တောင်သုံးလေးလုံးမျှ ဖြတ်ကျော်ရဦးမည်ဖြစ်သည်။

သုံးရက်တိုင်တိုင် ခရီးပြင်းနှင်မှ ရေခဲတောင်ထိပ်သို့ ရောက်မည်ဖြစ်ကြောင်း သူသိရှိထားသည်။

ထိုရေခဲတောင်ပေါ်အရောက် သူသွားရမည်ဖြစ်သည်။

ရေခဲတောင်ပေါ်၌ သူ့ဆရာရှိသည်။

သူ့ဆရာထံမှ သိုင်းပညာထပ်မံသင်ကြားရပေဦးမည်။ သို့မှသာလျှင် ကျိူ့ဟန်ကို အနိုင်တိုက်ခိုက်နိုင်မည်ဖြစ်ပြီး သူ၏ဓားကို ပြန်လည်ရယူနိုင်မည်ဖြစ်ပေသည်။

ကျိူ့ဟန်အား ရှုံးနိမ့်ခဲ့ရသည်ကို ပြန်လည်စဉ်းစားမိလျှင် ဒေါပွလာ၏။

ထို့ကြောင့် ....

ချက်ချင်း ထိုင်ရာမှထကာ ရေခဲတောင်ကြီးရှိရာသို့ ဦးတည်ကာ ဆက်လက်ထွက်ခွာခဲ့လေတော့သည်။

သုံးရက် ....

သုံးရက်ဟူသော အချိန်ကုန်ဆုံးသွားပြီဖြစ်ပါသည်။

မင်ဖုံးသည် ရေခဲတောင်ကြီးအပေါ်သို့ ရောက်ရှိလာခဲ့သည်။

ရေခဲတောင်ထိပ်သို့ ခြေချမိသည်နှင့် လွင်ပြင်ကျယ်ကြီးတစ်ခုနှင့် ဝါးရုံတောကြီးကို တွေ့မြင်ရမည်ဖြစ်ပေသည်။

မင်ဖုံးက ဝါးရုံတောကြီးရှိရာသို့ ဦးတည်လျှောက်သွား၏။

ဝါးရုံတောရှေ့သို့ရောက်လျှင် မြေပေါ်ဒူးထောက်ရင်း ....

"ဆရာ့တပည့်မိုက် မင်ဖုံးပြန်လာပါပြီ ...."

တစ်ဆက်တည်းပင် မြေပေါ် ဦးသုံးချီချလိုက်သည်။

နောက်ဆုံးအကြိမ် မြေကြီးနှင့် နဖူးထိပြီးနောက် သူ့ဦးခေါင်း ပြန်မမော့လာတော့ချေ။ မြေကြီးပေါ်၌ ဦးချပြီး မှောက်နေတော့သည်။

မကြာမီ ....

"မင်းပြန်ရောက်လာပြီကိုး ...."

အက်ကွဲသော စကားသံ ဝါးရုံတောအတွင်းမှ ထွက်ပေါ်လာ၏။

မင်ဖုံးက ဦးညွတ်ရင်း ....

"ဆရာ တပည့်မိုက်ကို ခွင့်လွှတ်ပါဆရာ ....ကျွန်တော် မှားခဲ့ပါတယ် ...."

သူသည် တောင်းပန်လိုက်လေသည်။

"မင်ဖုံး .... မင်းနောင်တရပြီလား ...."

"ဟုတ် .... ဟုတ်ကဲ့ ...."

"ကောင်းပြီ .... အထဲဝင်ခဲ့တော့ ...."

မင်ဖုံး၏မျက်နှာတွင် အပြုံးရိပ်များ ပေါ်လွင်လာသည်။

သို့သော် တစ်ခဏမျှသာဖြစ်ပြီး ချက်ချင်းပြန်လည်ပျောက်ကွယ်သွားသည်။

ဒူးထောက်ရာမှထကာ ဝါးရုံတောထဲသို့ လှမ်းဝင်သွားလေတော့သည်။

ဝါးရုံများကို ကွေ့ပတ်လျှောက်သွားရာ မကြာမီပင် တစ်ဖက်မြေကွက်လပ်သို့ ရောက်ရှိသွား၏။



ထိုအခါ မြေကွက်လပ်တွင် သစ်လုံးအိမ်ကလေးတစ်လုံးရှိနေသည်ကို တွေ့ကြရတော့သည်။

သစ်လုံးအိမ်ကလေး၏ မီးခိုးခေါင်းတိုင်မှ မီးခိုးများ တလူလူထွက်နေ၏။

အသားဟင်းချက်ပြုတ်ကြော်လှော်သည့်အနံ့များလည်း လေနှင့်အတူ သင်းပျံ့လာ၏။

မင်ဖုံး ပြုံးလိုက်သည်။

သူ၏ဝမ်းဗိုက်က တကြုတ်ကြုတ်မြည်ကာ ဆာလောင်လာသည်။

သစ်လုံးအိမ်ကလေးဆီသို့ အပြေးတစ်ပိုင်းလျှောက်သွားလိုက်ပြီး တံခါးတန်းဖွင့်ကာ အတွင်းဘက်သို့ လှမ်းဝင်လိုက်လေတော့သည်။

သစ်လုံးအိမ်ကလေးအတွင်း၌ သန့်သန့်ပြန့်ပြန့် ရှိနေပါ၏။

အဘိုးအိုတစ်ယောက်သည် မီးလင်းဖိုရှေ့တွင် ကုန်းကုန်းကွကွဖြင့် စားသောက်ဖွယ်ရာများ ချက်ပြုတ်နေ၏။ မင်းဖုံး ဝင်ရောက်လာသည်ကို လှည့်ပင်မကြည့်ချေ။

"တပည့်မိုက်မင်ဖုံး ဂါရဝပြုပါတယ် ဆရာခင်ဗျား ...."

အဘိုးအိုသည် သူ၏စကားကို လုံးဝမကြားသည့်အလားဆက်ပြီး ချက်ပြုတ်နေလေသည်။

အတော်လေးကြာလျှင် သူချက်ပြုတ်နေသော အသားဟင်းအိုးမှ မွှေးကြိုင်သင်းပျံ့သော ဟင်းရနံ့များ ထွက်ပေါ်လာ၏။

အဘိုးအို အသားတုံးတစ်တုံးခပ်ယူကာ မြည်းလိုက်သည်။

ပြီးလျှင် ကျေနပ်သွားဟန်ဖြင့် ....

"တော်လောက်ပြီ ...."

တစ်ယောက်တည်းပြောကာ ဟင်းအိုးကိုချလိုက်သည်။

တစ်ဖန် မီးဖိုပေါ်သို့ ရေနွေးအိုးတင်လိုက်သည်။

ပြီးမှ မင်ဖုံးကား ဒူးထောက်နေရာမှ လုံးဝမထဝံ့ချေ။

တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေပြီး ခေါင်းငုံ့ထားသည်။

အဘိုးအိုက အသားလွတ်ပေါက်စီနှင့် ဟင်းလျာများကို ခူးခပ်ကာ စားပွဲပေါ် တင်လိုက်သည်။

ပြီးမှ မင်ဖုံးကိုကြည့်ကာ ....

"မင်းဗိုက်တော်တော်ဆာနေရောပေါ့ စားလိုက်စမ်း ...."

ထိုအခါမှ မင်ဖုံး မတ်တတ်ရပ်လိုက်ကာ စားပွဲအနီးသို့ လျှောက်သွားပြီး ထိုင်ခုံတွင် ထိုင်ချလိုက်သည်။

တစ်ဖန် အသားလွတ်ပေါက်စီနှင့် ဟင်းလျာများကို ခေါင်းမဖော်ဘဲ အားရပါးရ စားသောက်နေလေတော့သည်။

အပြင်ဘက်တွင် သွေးခဲမတတ်အေးစိမ့်နေသော်လည်း အိမ်ကလေးအတွင်း၌ကား မီးဖိုထားခြင်းကြောင့် နွေးနွေးထွေးထွေးရှိနေသည်။

အဘိုးအိုသည် မင်ဖုံး စားသောက်နေသည်ကို ပြုံး၍ ကြည့်နေသည်။

သူကိုယ်တိုင်ကမူ ရေနွေးကြမ်းကိုသာ သောက်နေ၏။ မင်ဖုံး အားရပါးရ စားနေသည်ကို ကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေသည်။

မင်ဖုံး စားသောက်ပြီးသွားမှ ....

"ဘယ့်နှယ့် အရသာရှိရဲ့လား ...."



"ဒီလို အစားအသောက်မျိုးမစားရတာ အတော်ကြာပါပြီ ဆရာရယ် ....ဆရာ့ကျေးဇူးကြောင့် အခုလို ကောင်းကောင်းစားရတာပါ ...."

အဘိုးအို ရယ်မောလိုက်သည်။

"မင်းက စကားတတ်တိုင်း လျှောက်ပြောနေတာကိုး .... ဒီတောင်ပေါ်က မသွားပါနဲ့လို့ ကျုပ်ထားပေမယ့် မနေနိုင်ဘဲ ဆင်းသွားတာ မင်းပဲ မဟုတ်လား ...."

မင်ဖုံး မျက်နှာညှိုးသွား၏။

"ကျွန်တော် မှားပါတယ် ဆရာ ....ဆရာ့စကားနားမထောင်ဘဲ ကျွန်တော်မိုက်မှားခဲ့မိပါတယ် ...."

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ကာ ....

"မင်း .... အခု ဘာကြောင့် ပြန်လာတာလဲ ...."

မင်ဖုံး အဖြေမပေးဘဲ ခေါင်းငုံ့ထားသည်။

အဘိုးအိုက ....

"မင်းတစ်ယောက်ယောက်ကို ရှုံးလာခဲ့ပြီ မဟုတ်လား"

ထိုအခါ မင်ဖုံး ခေါင်းညိတ်ဝန်ခံလိုက်လေ၏။

"ဟုတ်ပါတယ် ဆရာ ...."

"မင်း ဘယ်သူ့ကို ရှုံးလာတာလဲ ...."

"ကျို့ဟန် ...."

အဘိုးအို မျက်မှောင်ကြုတ်သွား၏။

"အံ့သြစရာပဲ ....မင်း သူ့ကို ရှုံးစရာအကြောင်းမရှိဘူး"

မင်ဖုံး ပါးစပ်ပိတ်ထားလိုက်၏။

အဘိုးအိုက သူ့အားစိုက်ကြည့်ရင်း ....

"ကေန္တ ....မင်း သူ့ကိုအထင်သေးပြီး သွားတိုက်တယ်ထင်တယ် ...."

"ဟုတ် ....ဟုတ်ပါတယ် ဆရာ ...."

"ကောင်းကွာ....မင်းက လူတစ်ဖက်သားကို အတော်အထင်သေးတတ်တာပဲ ....အခုတော့ ရှုံးရပြီ မဟုတ်လား ...."

"ဆရာ့စကားနားမထောင်မိလို့ ကျွန်တော် ခုလိုကြုံတွေ့ရတာ ကျွန်တော့်မှာ အပြစ်ရှိပါတယ် ....ကျွန်တော့်ကို အပြစ်ပေးပါဆရာ ...."

"မင်းကို ကျုပ်ဘာပြောခဲ့သလဲ ....မင်းမှတ်မိသေးရဲ့လား"

မင်ဖိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ....မှတ်မိပါတယ် ဆရာ ...."

"ဒါဖြင့် ပြောစမ်းပါ ...."

"ရန်သူကို အထင်မသေးရဘူး ....သိုင်းပညာအားကိုးနဲ့ ကြီးနိုင်ငယ်ညှင်း မလုပ်ရဘူး ....ပညာမစုံသေးဘဲ တောင်ပေါ်က မဆင်းရဘူးလို့ မှာကြားထားပါတယ် ...."

အဘိုးအိုက နှာခေါင်းရှုံ့လိုက်သည်။

"ဒါပဲလား ...."

"ကျန်ပါသေးတယ် ....ဆရာဘယ်သူလဲပြောရင် ဆရာ့နာမည်ပြောမပြရပါဘူး ...."

"ကောင်းပြီ ....မင်းက ပညာမစုံလင်သေးဘဲ တောင်ပေါ်က ဆင်းသွားခဲ့တယ် ....သိုင်းလောကမှာ ကျင်လည်ရင် ကျုပ်ဟာ မင်းရဲ့ဆရာဆိုတာ တစ်ယောက်ယောက်ကိုများ ဖွင့်ပြောမိသေးလား"



မင်ဖိုး ခေါင်းခါယမ်းလိုက်သည်။

"ဒီအချက်ကို ကျွန်တော်သေသေချာချာ စောင့်ထိန်းပါတယ် ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူး ...."

"မင်းက သက်တန့်အဘိုးအိုချန်တိုင်နဲ့ ပူးပေါင်းခဲ့သေးတယ် မဟုတ်လား ...."

"ကျွန်တော် ဆရာ့ကို မလိမ်ဝံ့ပါဘူး ....ချန်တိုင်နဲ့ မိတ်ဆွေဖွဲ့မိတာပါ ....သူ့နာမည်ကိုသုံးပြီး လူဆိုးဓားပြတွေကို ခြိမ်းခြောက်ခဲ့တာပါ ဆရာ ...."

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဒီအချက်နဲ့ပဲ မင်းရဲ့အပြစ်တွေကို ခွင့်လွှတ်လိုက်ရမှာပေါ့ မင်းအခု ပြန်လာတာ ဘာလုပ်ချင်လို့လဲ ...."

"ဆရာသင်ပေးတဲ့ ပညာဆုံးခန်းတိုင်အောင် ဆက်ပြီးလေ့ကျင့်သင်ကြားချင်လို့ပါ ဆရာ ...."

အဘိုးအိုက ရယ်မောလိုက်သည်။

"ဟား ....ဟား ....ဟား .... အခုမှ မင်းက ပညာတန်ဖိုးကို သိပြီပေါ့ ဟုတ်လား ...."

မင်ဖိုး လက်နှစ်ဖက်ဆုပ်ကာ အကြိမ်ကြိမ်ဦးညွှတ်လိုက်ရင်း

"ကျွန်တော် နောင်တရပါပြီ ဆရာ ....နောက်နောင် ဒီလို မဖြစ်စေရပါဘူး ...."

"မင်းကို ကျုပ်ယုံပါတယ် ....အမှားကိုသိရင် အချိန်မီပြုပြင်လိုက်ပေါ့ ....ကဲ အခု ခဏနားလိုက်ဦး ....နောက်မှ မဆုံးသေးတဲ့ ပညာတွေကို ဆက်သင်ပေးမယ် ...."

မင်ဖုံး ဝမ်းသာသွားလေသည်။

"ကျေးဇူးကြီးလှပါတယ် ဆရာ ...."

ပြောရင်း ဦးသုံးကြိမ်ချပြီး ကန်တော့လိုက်လေတော့သည်။

## အခန်း(၂၂)

## ဘဝမှန်

နေဝန်းနီသည် အနောက်ဘက်မှ ငုပ်လျှိုးကွယ်ပျောက်သွားပြီးဖြစ်ပါသည်။

နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအစားထိုးဝင်ရောက်လာသည်။

တိမ်ကြားဘုံကျောင်းတွင် ညနေမိုးချုပ်သွားသည်နှင့် မီးတိုင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားပြီးပြီဖြစ်ပါသည်။

တိမ်ကြားဘုံကျောင်းအတွင်း၌ လူသုံးယောက်ရှိနေပါ၏။

ယင်းလိမ်နှင့် ချူးဇွေ့တို့သည် သီလရှင်ရှေ့တွင် ဒူးထောက်နေကြ၏။

သီလရှင်က သူတို့အားကြည့်ရင်း ....

"ဒီကနေ့ညဟာ ငါ့အတွက် အရေးအကြီးဆုံးညဆိုတာ မင်းတို့သိပါတယ် ...."

ယင်းလိမ်နှင့် ချူးဇွေ့တို့ ပြိုင်တူခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ….ဒီကနေ့ည ကျူပ်ဆောင်ရွက်မယ့်ကိစ္စထဲမှာ မင်းတို့ ဝင်မပါစေချင်ဘူး ….ဒါကြောင့် မင်းတို့ ဒီကထွက်သွားရလိမ့်မယ် …."

ယင်းလိမ်က ခေါင်းမော့လာသည်။

"ကျွန်မတို့အနေနဲ့ ဆရာနဲ့အတူတူနေလို့ မဖြစ်နိုင်ဘူးလားဟင် ….နေနိုင်ရင် ခွင့်ပြုသင့်ပါတယ် ဆရာရှင့် …."

ယင်းလိမ်က အရဲစွန့်ပြောလိုက်လေသည်။

သီလရှင်က ခေါင်းခါယမ်းလိုက်သည်။

"ငါဟာ ဒီလိုနေ့မျိုးရောက်လာအောင် နှစ်ပေါင်းနှစ်ဆယ်လောက် စောင့်ဆိုင်းနေခဲ့ရတယ်ဆိုတာ မင်းတို့နားလည်မှာပါ ….ငါ့စကားကို နားထောင်ပါ ….မင်းတို့ ဒီကထွက်သွားပြီးတာနဲ့ မိုးမလင်းမချင်း ပြန်မလာရဘူး ….တကယ်လို့ ပြန်လာခဲ့ရင် ငါအပြစ်ပေးရလိမ့်မယ် ….မင်းတို့ဟာ ငါ့စကားကို မပယ်ရှားဘူးလို့ ထင်ပါတယ် …."

ယင်းလိမ်နှင့် ချူးဈေ့တို့ စိတ်မကောင်းဖြစ်သွားကြပြီး ယင်းလိမ်က ခေါင်းညိတ်ကာ ….

"ကျွန်မတို့ ဆရာ့စကားကို နားထောင်ပါ့မယ် …."

သီလရှင်က ပြုံးလိုက်သည်။

"မင်းတို့ စိတ်ထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာ ဆရာနားလည်ပါတယ် ….မဖြစ်နိုင်လွန်းလို့သာ မင်းတို့ကို ထွက်သွားခိုင်းရတာပါ ….ကဲ ….အချိန်လည်း အတော်လင့်နေပြီ မင်းတို့ သွားကြပေတော့"

ယင်းလိမ်နှင့် ချူးဈေ့တို့ ဦးညွှတ်အရိုအသေပြုလိုက်ကြသည်။ သီလရှင်အား အတန်ကြာငေးကြည့်နေပြီးမှ ဘုံကျောင်းထဲက မထွက်ချင် ထွက်ချင်နှင့် ထွက်သွားကြလေသည်။



သူတို့ ထွက်သွားမှ သီလရှင်က သက်ပြင်းချလိုက်လေတော့သည်။

ဘုံကျောင်းအပြင်ဘက်တွင် မီးရောင်မရှိဘဲ မှောင်မည်းနေသည်။

ယင်းလိမ်နှင့် ချူးဈေ့တို့ ဘုံကျောင်းအပြင်သို့ ရောက်ရှိလာကြ၏။

"ညီမ ….မမ ဆရာ့ကို တစ်ယောက်တည်းထားခဲ့ရတာ စိတ်မချဘူး …."

ချူးဈေ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ….ဆရာ့ကိုကြည့်ရင်း ကျွန်မရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ် …."

"မမတို့ တိတ်တဆိတ် ပြန်ချောင်းကြည့်မလား …."

ချူးဈေ့က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသွားရဲဘူး ….ဆရာသိသွားရင် အပြစ်ပေးခံရမှာ"

"အို ….ဆရာမသိအောင် သွားကြည့်တာပေါ့ …."

"မမ ….ဆရာသိသွားရင် စိတ်ဆိုးမှာသေချာတယ် …."

ယင်းလိမ် စိတ်ပျက်သွားသည်။

ချူးဈေ့အား အဖော်ခေါ်၍ ရမည်မဟုတ်ကြောင်း တွက်ဆမိ၏။

ချူးဈေ့မလိုက်လျှင် သူမလည်း သွား၍ရမည်မဟုတ်ချေ။ ထို့ကြောင့် ထပ်မံစည်းရုံးလိုက်သည်။

"ညီမ ဆရာ မသိအောင် တိတ်တိတ်ကလေး ချောင်းကြည့်ကြမယ် ….ဘုံကျောင်းထဲ မဝင်ဘူး ….အပြင်ကပဲ အခြေအနေစောင့်

ကြည့်တာပေါ့ .... မကောင်းဘူးလား ...."

ချူးဇွေ့က သက်ပြင်းချကာ ....

"မမသဘောပဲလေ ...."

"ဒါဖြင့် .... သွားကြတာပေါ့ ...."

သူတို့နှစ်ယောက် ဘုံကျောင်းဘက်သို့ ပြန်လှည့်လာခဲ့ဖြစ်သည်။

ဘုံကျောင်းအနီးသို့ ရောက်လျှင် သစ်ပင်ပေါ်သို့ ခုန်တက်လိုက်ကြ၏။

သစ်ပင်ပေါ်မှနေ၍ သစ်ရွက်များကို အကာအကွယ်ယူရင်း အခြေအနေကို စောင့်ကြည့်နေကြလေတော့သည်။

"တုံ .... တုံ ...."

အဝေးမှ အုန်းမောင်းခေါက်သံ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် လူရိပ်တစ်ခုသည် ဘုံကျောင်းနံရံကို ခုန်ကျော်ဝင်လာသည်။

လူရိပ်သည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်ပြီးလျှင် ဘုံကျောင်းအတွင်းသို့ ပြေးဝင်သွားလေ၏။

ဘုံကျောင်းအတွင်း၌ သီလရှင် ရှိနေပါသည်။

သီလရှင်သည် စားပွဲတစ်လုံးရှေ့၌ ထိုင်နေ၏။

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အရက်အိုးများ တင်ထားသည်။

သူမသည် မိတ်ဆွေတစ်ယောက်ယောက်အား ဧည့်ခံကျွေးမွေးရန် စောင့်ဆိုင်းနေသည်နှင့်ပင် တူလှ၏။

သီလရှင်သည် ဘုံကျောင်းအဝင်အဝသို့ မျက်နှာမူကာ ထိုင်



နေခြင်းဖြစ်သည်။

ထို့ကြောင့် ဘုံကျောင်းထဲသို့ လူရိပ်တစ်ရိပ် ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရပြီးဖြစ်ပါသည်။

သီလရှင်၏မျက်နှာတွင် အပြုံးရိပ်များ ထွက်ပေါ်လာ၏။

"ရှင်ရောက်ပြီကိုး .... ကျွန်မ ရှင့်ကို စောင့်နေတာ ...."

လူရိပ်သည် မီးရောင်ကြောင့် တစ်ကိုယ်လုံး အနီရောင်ဝတ်ဆင်ထားပြီး ကြက်သွေးရောင်ဝတ်ရုံ လွှမ်းခြုံထားသူတစ်ယောက်ဖြစ်ကြောင်း တွေ့ရ၏။

ထိုလူ၏ခါးတွင် ဓားပါးလေးများ ချိတ်ဆွဲထားပြီး မျက်နှာတွင် ကြေးဝါမျက်နှာဖုံးတစ်ခု တပ်ဆင်ထားလေသည်။

သီလရှင်က ....

"ရှင်ဟာ အရင်ကလိုပဲ အပြောင်းအလဲ မရှိပါလား ...."

မျက်နှာဖုံးနှင့်လူက ရယ်မောလိုက်သည်။

"မေဝါး .... မင်းကကော သီလရှင်အဝတ်အစား ဝတ်ဆင်ထားတာကလွဲရင် ဘာများ ထူးထူးခြားခြားပြောင်းလဲသွားလို့လဲ"

ပြောရင်း စားပွဲရှေ့ရှိ သီလရှင်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ရောက်ထိုင်ချလိုက်သည်။

သီလရှင်က ....

"ကဲ .... စားလိုက်သောက်လိုက်ပါဦးရှင် .... ပြီးမှ အရင်ကိစ္စတွေအတွက် ရှင်းလင်းကြတာပေါ့ ...."

ပြောရင်း အရက်ခွက်ထဲသို့ အရက်ငှဲ့ထည့်ပေးလိုက်သည်။ သူမကိုယ်တိုင်လည်း တစ်ခွက်ငှဲ့ကာ သောက်ချလိုက်လေသည်။ မျက်နှာဖုံးစွပ်ထားသော ကျန်းရှုံ့က အရက်ခွက်ကို ယူကာမော့ချလိုက်

သည်။ ပြီးလျှင် ....

"ကျုပ် စားဖို့သောက်ဖို့လာတာ မဟုတ်ဘူး ....မင်းက ကျုပ်ကို လိုက်ရှာနေတယ်ဆိုလို့ ကျုပ်ကိုယ်တိုင်လည်း မင်းကိုတွေ့ချင်နေတယ်လေ ...."

"ဘာလဲ ....ဟိုအရင်တစ်ခါက မပြီးပြတ်သေးတဲ့ကိစ္စတွေကို ဆက်ပြီး ရှင်းချင်သေးလို့လား ...."

"ဟုတ်တယ် ....အဲဒီတုန်းက မင်းကံကောင်းလို့ လွတ်သွားတာပဲ ....ဒီကနေ့တော့ လွတ်မယ်မထင်နဲ့ ...."

သီလရှင်က ရယ်မောလိုက်သည်။

"ရှင် ကျွန်မကို တော်တော်မုန်းနေတာကိုး ....ဒါတွေ အသာထားလိုက်စမ်းပါ .... ထင်မင်းအသေသေးဘဲ အသက်ရှင်နေတယ်လို့ သတင်းရထားတယ် ...."

ကျန်းရှုံ့ ခေါင်းညိတ်လိုက်သည်။

"သံမဏိလက်ဝါး သိုင်းလောကမှာ ပြန်ပြီးထွက်ပေါ်လာကတည်းက သူမသေဘူးဆိုတာ ကျုပ်သိပြီးသားပဲ ...."

"ဒီတစ်ခါတော့ ထင်မင်းက ရှင့်ကိုချမ်းသာပေးမှာမဟုတ်ဘူး ...."

"မင်း ဒီလိုထင်ရင် မှားသွားမယ် ....သူဟာ ကံကောင်းလို့ အသက်ရှင်ခဲ့ပေမယ့် သိုင်းပညာအသုံးပြုလို့ မရတဲ့အခြေအနေမျိုး ရောက်သွားပြီဆိုတာ နားလည်စမ်းပါ ....တစ်ချိန်က ဘယ်လောက်ပဲတော်တော် ....အခု သူဟာ သာမန်လူတစ်ယောက်ဖြစ်နေပြီ ...."

"ဘာ ...."

သီလရှင် မျက်နှာပျက်သွားသည်။



ထင်မင်း တို့အဖြစ်ဆိုးနှင့် ကြုံရလိမ့်မည်ဟု မမျှော်လင့်မိချေ။

ကျန်းရှုံ့က ....

"သံမဏိလက်ဝါး သိုင်းလောကမှာ ပြန်ပေါ်လာလို့ ကျုပ်အတော်အံ့အားသင့်သွားတယ် ....ဒါကြောင့် လိုက်စုံစမ်းကြည့်ခဲ့တယ်ဟဲ ....ဟဲ ....အခု ထင်မင်း ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိပြီဗျ ....ဒီကြားထဲ မင်းက ကျုပ်ကို ချိန်းလိုက်တော့ ရေကန်အသင့် ကြာအသင့်ဖြစ်သွားတာပေါ့ ...."

သီလရှင် ခေါင်းခါယမ်းလိုက်သည်။

"ရှင်ဟာ ကျွန်မကို တွေ့တာနဲ့ သတ်ပစ်ချင်မယ်ဆိုတာကို ကျွန်မ သိပါတယ် ....ဒါပေမဲ့ ကျွန်မ ဘာကြောင့် ရှင့်ကိုချိန်းလိုက်ရသလဲဆိုတာ ရှင်သိသလား ...."

ကျန်းရှုံ့ အဖြေမပေးသေးဘဲ ပါးစပ်ပိတ်ထားလိုက်သည်။ သီလရှင်က ဆက်ပြောလိုက်လေသည်။

"ကျွန်မ ခိုင်လုံတဲ့အကြောင်းရှိလို့ပေါ့ ...."

"ဆိုစမ်းပါဦး ....ဘယ်လိုအကြောင်းလဲ ...."

"ရှင့်ကို သုတ်သင်ပစ်နိုင်ဖို့လေ ...."

"ဟား ....ဟား ....ဟား ....မင်း ကျုပ်ကို သတ်ပစ်နိုင်မယ်ထင်ရင် မှားသွားမှာပေါ့ ...."

"ကျွန်မ မမှားဘူး ....ရှင်သာ မှားနေတာ ...."

"ကျုပ်တော့ မှားတယ်လို့ကို မထင်ဘူး ...."

သီလရှင်က မဲ့ပြုံးပြုံးရင်း ....

"ရှင် ကျွန်မကိုသတ်ဖို့လာတယ်ဆိုရင် ....ကျွန်မဧည့်ခံတဲ့ အရက်ကို မသောက်သင့်တော့ဘူးလေ ...."

ကျွန်းရှုံ့၏ကိုယ်ခန္ဓာသည် တစ်ချက်တုန်ခါသွား၏။

သီလရှင်ကို စိုက်ကြည့်ကာ ....

"မင်း .... မင်း အရက်ထဲမှာ ...."

သူ၏စကားမဆုံးမီ သီလရှင်က ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်တယ် .... အရက်ထဲမှာ ကျွန်မ မေ့ဆေးခတ်ထားတယ်ရှင့် ....အရက်အတူတူသောက်ပေမယ့် ကျွန်မအတွက် မထိခိုက်ရအောင် ဒီဖြေဆေး ကြိုတင်သောက်ထားတယ်လေ ...."

"မင်း .... မင်း အတော်ယုတ်မာပါလား ...."

"ဒီလိုလုပ်ရပ်တွေဟာ ရှင့်ဆီက အတုခိုးခဲ့တာဆိုရင် မမှားပါဘူးရှင် .... ထင်မင်းသာ ရှင့်ကိုတွေ့ရင် သိပ်ပြီးဝမ်းသာမှာပဲ ...."

"ဘာလဲ ....မင်းက ကျုပ်ကိုဖမ်းပြီး ထင်မင်းဆီကို ပို့ပေးမယ်ပေါ့ ...."

"ဟုတ်တယ် ...."

"ကျုပ်က အဖမ်းမခံရင်ကော ...."

"ရှင် အဖမ်းမခံချင်ရင် ငြိမ်ငြိမ်လေးထိုင်နေမှဖြစ်မယ် .... လှုပ်ရှားလိုက်တာနဲ့ မေ့ဆေးက ချက်ချင်းအစွမ်းပြလာမှာပဲ ...."

ကျွန်းရှုံ့က ....

"မင်း .... မင်း ...."

သီလရှင်ကို လက်ညှိုးထိုးရင်း ငေါက်လိုက်သည်။

သို့သော် စကားဆုံးအောင် မပြောနိုင်ဘဲ ဒူးများကွေးညွတ်ကာ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

သီလရှင် ရယ်မောလိုက်သည်။

ကြမ်းပြင်ပေါ်တွင် ပုံလျက်သား လဲကျနေသော ကျွန်းရှုံ့ကို



ဂုဏ်ယူဝင့်ကြွားသောအကြည့်ဖြင့် ကြည့်လိုက်ပြီး ....

"ရှင့်ကို ဒီလောက်လွယ်လွယ်ကူကူရလိမ့်မယ်လို့မထင်ဘူး ရှင်တော်တော်ညံ့သေးတာပဲ ...."

တစ်ဖန် စားပွဲအား ကွေ့ပတ်လျှောက်သွားပြီး လဲကျနေသော ကျွန်းရှုံ့အနီးသို့ ချဉ်းကပ်သွားသည်။

သတိကြီးစွာထား၍ ချဉ်းကပ်သွားပြီး လက်တစ်ဖက်ဆန့်ထုတ်ကာ သွေးကြောများ ထိုးပိတ်လိုက်သည်။

ကျွန်းရှုံ့ကား သွေးကြောပိတ်ခံလိုက်ရသည်။

သူမ၏ လက်ထဲမှ မည်သည့်နည်းနှင့်မျှ ပြေးမလွတ်နိုင်ပါတော့ချေ။

ထင်မင်းသည် ကျွန်းရှုံ့ကိုတွေ့လျှင် မည်မျှဝမ်းသာမည်နည်းဟု တွေးတောကာ ပျော်ရွှင်ကြည်နူးလာလေသည်။

ကျွန်းရှုံ့၏ ခန္ဓာကိုယ်အား မ,ကာ စားပွဲပေါ်တွင် ထိုင်နေသည့်အနေအထား ပြုပြင်ပေးလိုက်သည်။

"အခုတော့ ဒီအတိုင်း ခဏနေပါဦး .... မနက်ဖြန်ကျမှ ရှင့်အတွက် ကောင်းကောင်းစီစဉ်ပေးမယ် ...."

ပြောပြီး တစ်ဖက်သို့ လှည့်ထွက်လိုက်သည်။

ဤတွင် နဂိုက သူမထိုင်ခဲ့သော ထိုင်ခုံ၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

သီလရှင် မျက်လုံးပြူးသွား၏။

ဘုံကျောင်းအတွင်းသို့ ထိုလူဝင်လာသည်ကိုလည်းကောင်း၊ သူမထိုင်ခဲ့သော ထိုင်ခုံတွင် ဝင်ရောက်ထိုင်ချလိုက်သည်ကိုလည်းကောင်း သူမ လုံးဝမသိခဲ့ပါချေ။

သီလရှင် ပါးစပ်အဟောင်းသားဖြင့် ထိုလူကိုကြည့်ကာ ....

"ကျန်းရှို့ ...."

လွှတ်ခနဲ ရေရွတ်လိုက်သည်။

တစ်ညတည်း ကျန်းရှို့နှစ်ယောက် တွေ့မြင်လိုက်ရသဖြင့် မျက်လုံးကိုပင် မယုံချင်အောင် ဖြစ်သွားလေသည်။

ကျန်းရှို့တစ်ယောက်ကို မေ့ဆေးအရက်တိုက်ကျွေးကာ သွေးကြောပိတ် ဖမ်းဆီးလိုက်ပြီဖြစ်သည်။

ယခု နောက်ထပ် ကျန်းရှို့တစ်ယောက်ထွက်ပေါ်လာသည်။

နောက်မှရောက်လာတယ် ကျန်းရှို့ကား ....

"ဟုတ်တယ် .... ကျုပ်က ကျန်းရှို့ပဲ ...."

ပြောကာ တဟားဟား ရယ်မောလိုက်သည်။

သီလရှင် အံတင်းတင်းကြိတ်လိုက်သည်။

သွေးကြောပိတ်ထားသော ကျန်းရှို့၏မျက်နှာပေါ်မှ မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေသည်။

မျက်နှာဖုံးကျွတ်သွားလျှင် သူမ မတွေ့ဖူးသည့် လူတစ်ယောက်၏ ရုပ်သွင်ပေါ်လာသည်။

နောက်မှရောက်လာသော ကျန်းရှို့ဘက်သို့ အံ့ဩစိတ်ဖြင့် ...ကြည့်လိုက်၏။

နောက်မှရောက်လာသော ကျန်းရှို့က မျက်နှာပေါ်မှ မျက်နှာဖုံးကို ချွတ်လိုက်လေသည်။

"ကျန်းရှို့ ...."

သီလရှင်လွှတ်ခနဲ အော်လိုက်သည်။

မှန်ပေသည်။ နောက်မှလိုက်လာသူသာလျှင် ကျန်းရှို့အစစ်



ဖြစ်ပေသည်။

လှည့်စားခြင်းခံလိုက်ရပြီဖြစ်ကြောင်း သီလရှင်ချက်ချင်း နားလည်သဘောပေါက်သွားလေသည်။

သူ ရှုံးသွားပြီဆိုသည်ကိုလည်း ချက်ချင်းသိလိုက်သည်။

သီလရှင်၏ ခန္ဓာကိုယ် တုန်တုန်ယင်ယင်ဖြစ်လာသည်။

သူမအား စိုက်ကြည့်ရင်း ရယ်မောနေသည့် ကျန်းရှို့ကို ကြည့်ရင်း ကြောက်ရွံ့လာသည်။

သူမ၏ခြေလှမ်းများနောက်သို့ အလိုလိုဆုတ်သွား၏။

ကျန်းရှို့က ....

"မင်း ကျုပ်ကို လွယ်လွယ်နဲ့ ထောင်ချောက်ဆင်လို့ရမယ် ထင်ရင် မှားသွားမှာပေါ့ ...."

သီလရှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကျွန်မ မှားသွားပြီ .... ရှင် ဒီလောက်ဉာဏ်များလိမ့်မယ်လို့ မထင်မိဘူး ...."

"မင်းအကြောင်း .... ကျုပ် ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားတာပဲ .... ဒီလောက်မှ ဉာဏ်မသုံးရင် ကျုပ်ခံစားရမှာပေါ့ ...."

သီလရှင် အံကြိတ်ကာ ....

"ရှင်လည်း လွတ်မယ်မထင်ပါနဲ့ ...."

ကျန်းရှို့ ရယ်မောလိုက်သည်။

"ကျုပ်အကြောင်းလည်း မင်းသိပါတယ် .... ကျုပ်က သေသေချာချာ လေ့လာပြီးမှ ဒီကိုလာခဲ့တယ်ဆိုတာ မင်းသိစေချင်တယ်"

"ဘာပဲဖြစ်ဖြစ် ဒီကနေ့ညတော့ ပြီးပြတ်သွားအောင် ...ရင်း

ရှင်းရမှာပဲ ....”

“ကောင်းပြီ ....”

စကားဆုံးသည်နှင့် ကျွန်းရှဲ့ ထိုင်ရာမှ ခုန်ထလာသည်။

တစ်ဆက်တည်းပင် စားပွဲပေါ်မှ ခုန်ကျော်ရင်း သီလရှင်အား တိုက်ခိုက်လိုက်လေသည်။

သီလရှင်ကလည်း အားကျမခံ ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးဘဲပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြလေတော့သည်။

✿

ယင်းလိမ်နှင့် ချူးဇွေ့တို့သည် သစ်ပင်ပေါ်မှတစ်ဆင့် ဘုံကျောင်းအတွင်းသို့ အကဲခတ်ကြည့်နေ၏။

ဘုံကျောင်းအတွင်းသို့ အရိပ်တစ်ခုဝင်သွားပြီး ယခုတိုင် ပြန်ထွက်လာခြင်းမရှိ၍ သို့လော သို့လော တွေးတောကာ ပူပန်နေကြလေသည်။

နောက်ဆုံး၌ ယင်းလိမ်က ....

“ဆရာ့အခြေအနေကို မမသွားကြည့်လိုက်ဦးမယ် ....”

ပြောပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ချူးဇွေ့ကလည်း နောက်မှခုန်ဆင်းလိုက်၏။

“မမ .... ကျွန်မပါ လိုက်မယ် ....”

ယင်းလိမ်က ခေါင်းခါယမ်းလိုက်ကာ ....



“ညီမလေးလိုက်လို့ မဖြစ်ဘူး .... ဆရာဆူရင် ....”

သူမ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

အဘယ်ကြောင့်ဆိုသော် ....

“အား ....”

ဘုံကျောင်းအတွင်းမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယင်းလိမ်နှင့် ချူးဇွေ့တို့မှာ ရင်ထိတ်သွား၏။

အသံမှာ သီလရှင်၏အသံဖြစ်ကြောင်း သူတို့ကောင်းစွာ သိရှိထားလေသည်။

ယင်းလိမ်က ....

“ညီမ ဆရာတော့ ဒုက္ခရောက်ပြီထင်တယ် .... မြန်မြန်သွားကြရအောင် ....”

ပြောပြီး ရှေ့မှ ဦးဆောင်ပြေးသွားလေသည်။

ချူးဇွေ့လည်း နောက်မှလိုက်သွား၏။

မကြာမီ သူတို့နှစ်ယောက် ဘုံကျောင်းအတွင်းသို့ ရောက်ရှိသွားကြလေသည်။

ဘုံကျောင်းအတွင်း၌ အလဲလဲအပြိုပြိုဖြစ်နေသော စားပွဲ၊ ကုလားထိုင်များကို တွေ့လိုက်ရလေသည်။

“ဆရာ .... ဆရာ ....”

ယင်းလိမ်က အော်ခေါ်လိုက်သည်။

ချူးဇွေ့နှင့်အတူ သီလရှင်ကို ရှာဖွေလိုက်သည်။

ထိုစဉ် ဘုံကျောင်းပျက်၏အရှေ့ခန်းမ ဝဲဘက်ထောင့်မှ ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

"ဆရာ ...."

ယင်းလိမ်တစ်ဟုန်ထိုး ပြေးသွား၏။

ဝဲဘက်ထောင့်တစ်နေရာသို့ ရောက်လျှင် သွေးအိုင်ထဲ လဲနေသော သီလရှင်အား တွေ့မြင်လိုက်ရလေသည်။

သီလရှင်တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသည်။

သူမ၏ရင်ဝတွင် ဓားပါးကလေးတစ်ချောင်းစိုက်ဝင်နေသည်။

ကျန်းရှုံ့ကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီဖြစ်သည်။

ယင်းလိမ်က သီလရှင်အား ပွေ့ထူလိုက်၏။

"ဆရာ .... ဆရာ ...."

သီလရှင် ညည်းညူရင်း မျက်လုံးဖွင့်လာသည်။

ယင်းလိမ်ကို တွေ့လျှင် အားယူပြုံးပြရင်း ....

"ဆရာမှားသွားပြီ .... ရန်သူက ငါထင်တာထက် ပိုပြီးညဏ်များနေတယ် ...."

စကားပြောလိုက်သည်နှင့် ချောင်းတဟွတ်ဟွတ်ဆိုးကာ နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာ၏။

"ဆရာ .... ဆရာ စကားမပြောပါနဲ့လား ...."

ယင်းလိမ် ငိုသံပါကြီးဖြင့် ဖျောင်းဖျသည်။

သီလရှင် မချိပြုံးပြုံးကာ ....

"ငါ့အခြေအနေကို ငါသိပါတယ် .... ကျန်းရှုံ့ဟာ မသေချာရင် ထွက်သွားမှာမဟုတ်ဘူး .... မင်းတို့ ငါ့စကားတစ်ခွန်းနားထောင်ပါ့မလား ...."

"ပြောပါ ဆရာ .... ကျွန်မတို့ နားထောင်ပါ့မယ် ...."

"မင်းတို့ ကျန်းရှုံ့နဲ့ ဘယ်တော့မှ ရင်မဆိုင်ရဘူး .... ဆရာ့



အတွက် ကလဲ့စားမချေရဘူး .... ကျန်းရှုံ့ကို ဝေးဝေးက ရှောင်ကြရမယ် ...."

ယင်းလိမ် ခေါင်းငိုက်စိုက်ကျသွားသည်။

"ကျွန် .... ကျွန်မတို့ ကတိပေးပါတယ် ဆရာ ...."

သီလရှင် ပြုံးလိုက်သည်။

"ငါဟာ လိမ္မာရေးခြားရှိပြီး ဆရာ့စကားကိုနားထောင်တဲ့ တပည့်နှစ်ယောက်ကို ရထားတာပဲ .... ဘယ်လောက်ကျေနပ်စရာ ကောင်းလဲ ...."

သူမ၏စကားသံ တဖြည်းဖြည်း တိမ်ဝင်သွားသည်။

သူမ၏မျက်နှာက ပြုံးနေဆဲ။

သို့သော် .... အသက်ရှူနှုန်းက တဖြည်းဖြည်းလေးလံနှေးကွေးလာပြီး နောက်ဆုံးရပ်တန့်သွားလေတော့သည်။

"ဆရာ ...."

ယင်းလိမ် အော်ခေါ်လိုက်သည်။

သူမ၏အသံကို သီလရှင်ကြားနိုင်တော့မည်မဟုတ်ပေ။ ယင်းလိမ်၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာ၏။ တစ်ချိန်က သိုင်းလောကတွင် လူသိများခဲ့သော တိမ်ကြားနန်းတော်သခင်မလေး မေဝါးသည် ဘုံကျောင်းငယ်အတွင်း၌ မထင်မရှား သေဆုံးသွားရှာပြီဖြစ်ပါတော့သည်။

တိမ်ကြားဘုံကျောင်း ....

တိမ်ကြားဘုံကျောင်း၏တံခါးများ ပြန်လည်ပိတ်ထားလိုက်ပြီ ဖြစ်သည်။

အဝင်ဝတံခါးမကြီးကိုလည်း ပိတ်ထားလိုက်ပြီ။

အတွင်းဘက်၌ လူရိပ်လူယောင် လုံးဝမတွေ့ရတော့ပါ။ ဒုတိယအကြိမ် လူသူစွန့်သွားကြပြန်ပြီဖြစ်လေသည်။

လေက ဖွေ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်ခြောက်များ တဖြုတ်ဖြုတ်ကြွေကျလာသည်။

တိမ်ကြားဘုံကျောင်းအတွင်း၌ အမှိုက်သရိုက်များဖြင့် ရှုပ်ပွသွား၏။

လေဖွေ့ယမ်းတိုက်ခတ်လာလျှင် သစ်ရွက်ခြောက်များ ထပ်ကာ ထပ်ကာ ကြွေကျလာသည်။

တိမ်ကြားဘုံကျောင်းအတွင်း၌ အမှိုက်သရိုက်များလည်း ပို၍ ပို၍ ရှုပ်ပွလာလေတော့သည်။

မြေကွက်လပ်ပေါ်တွင် လူတစ်စုရှိနေ၏။

ထိုလူများသည် အပေါ်ပိုင်းအင်္ကျီဗလာကျင်းလျက် အညိုရောင် ဘောင်းဘီရှည်များဝတ်ဆင်ထားသည်။

သူတို့သည် အစီအရီညီညာစွာရပ်ရင်း မြေကွက်လပ်၌ သိုင်းလေ့ကျင့်နေကြခြင်းဖြစ်သည်။



သိုင်းပညာသင်ပြနေသူသည် စိတ်ရှည်လက်ရှည် ရှေ့မှဦးဆောင်ကာ သင်ပြနေ၏။

ထိုစဉ် ....

"အစ်ကိုကြီး .... အစ်ကိုကြီး ...."

ခေါ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သိုင်းသင်ပြနေသူက ရပ်တန့်လိုက်လေသည်။

အသံထွက်လာရာဆီသို့လှမ်းကြည့်လိုက်လျှင်လူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့ရ၏။

သိုင်းသင်ပြနေက လှမ်းကြည့်လိုက်ရင်း တွေးလိုက်၏။

"ဘာများ အရေးတကြီးဖြစ်လာပါလိမ့် ...."

ပြေးလာသူ အနီးသို့ ရောက်လာပြီး ....

"အစ်ကိုကြီးစန်းကိုး .... ဧည့်သည်ရောက်နေတယ် ...."

သိုင်းပညာသင်ပြနေသော စန်းကိုး ဒေါပွသွားသည်။

"ဟာ .... ဧည့်သည်လာတာများ အထူးအဆန်းလုပ်လို့ .... ခဏစောင့်ခိုင်းထားလိုက်ရင် ပြီးတာပဲ ...."

"မဟုတ်ဘူး အစ်ကိုကြီး ....အရေးကြီးတဲ့ဧည့်သည်မို့ သူက အစ်ကိုကြီးနဲ့ သိပ်တွေ့ချင်နေတယ် ...."

စန်းကိုး မျက်မှောင်ကြုတ်ကာ ....

"ဘယ်က ဧည့်သည်များလဲ ...."

"အစ်ကိုကြီး သူ့ကိုသိမှာပါ ....သူ့နာမည်ကိုတော့ ကျွန်တော်မသိဘူး .... ဒါပေမဲ့ သိုင်းလောကသားတွေကတော့ သူ့ကို ဗေဒါကြီးလို့ ခေါ်ကြပါတယ် ...."

"ဟော ...."

စန်းကိုး မျက်လုံးပြူးသွား၏။

ဖေဒါကြီးအား သူကောင်းစွာ သိထားသည်။

"အင်း ....ဖေဒါကြီးသန်းဖုံး ရောက်လာတယ်ဆိုတာ ထူးခြားမှုရှိလိမ့်မယ် ...."

"သူက လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က ကိစ္စတစ်ခုအတွက်လာတာလို့ ပြောပါတယ် ...."

"ဟုတ်ပြီ .... ကျုပ်သူ့ကို သွားတွေ့ရတာပေါ့ ...."

"လုကျန်းလည်း သူနဲ့အတူ ပါလာတယ်ဗျ ...."

"ဟေ ...."

စန်းကိုး စကားမပြောတော့ချေ။

သိုင်းလေ့ကျင့်သူများကို လေ့ကျင့်ရန် လက်ဟန်ခြေဟန်ပြလိုက်ပြီး ခက်သွက်သွက်ထွက်သွား၏။

မကြာမီ သူသည် အဆောက်အအုံအတွင်းသို့ ခပ်သွက်သွက်ကလေး ပြေးဝင်လိုက်၏။

အတွင်းဘက်သို့ရောက်သည်နှင့် သူ့အားစောင့်ကြိုနေသော ဖေဒါကြီးနှင့် လုကျန်းတို့အား တွေ့မြင်လိုက်ရလေတော့သည်။

လုကျန်းက ကြမ်းပြင်ပေါ်သို့ ဒူးထောက်ချလိုက်သည်။

သူသည် စန်းကိုးအား သူ၏ဆရာအဖြစ် ခံယူထားသည်။

စန်းကိုးကမူ သူ့အား တပည့်ဟုသတ်မှတ်ထားခြင်း မရှိချေ။

သိုင်းပညာသဘောတရားမျှသာ သင်ကြားပေးပြီး သိုင်းသင်တန်းမှ ဝေယျာဝစ္စများကိုသာ စေခိုင်းခဲ့သည်။ အမှန်တော့ လုကျန်းကို သိုင်းလောကနှင့် ကင်းကင်းဝေးဝေးနေစေလိုခြင်းကြောင့် ဖြစ်ပေသည်။



သို့သော် ....

သူကြံစည်ထားသည့်အတိုင်းဖြစ်မလာချေ။

လုကျန်းသည် သိုင်းပညာသင်ကြားရန်သာ စိတ်ဝင်စားပြီး သင်တန်းသားများကိုသင်ပြပေးသည့်အခါတိတ်တဆိတ်ချောင်းမြောင်းကြည့်ကာ မှတ်ထား၏။

တစ်နေ့ လုကျန်း သိုင်းလေ့ကျင့်မှု ခိုးကြည့်နေသည်ကို တွေ့ရခြင်းကြောင့် စန်းကိုးက မောင်းထုတ်လိုက်ခြင်းဖြစ်သည်။ သိုင်းပညာမတတ်သောကြောင့် သိုင်းလောကတွင် ကျင်လည်ကျက်စား၍ရမည် မဟုတ်ဘဲ သာမန်လူတစ်ယောက်ပမာ ရိုးသားသောဘဝတွင် အရိုးထုတ်ရမည်ဟု ယုံကြည်နေပေသည်။

မည်သို့ဆိုစေ လုကျန်း၏ကံကြမ္မာသည် ဖေဒါကြီးနှင့် တွေ့ကာ ပြောင်းလဲခဲ့ရ၏။

သူတစ်ပါးအပေါ် အနစ်နာခံကာ ကူညီစောင့်ရှောက်လိုသည့်စိတ်ထားက သူ့ဘဝကို ပြောင်းလဲပစ်လိုက်ခြင်းဆိုလျှင် မှားမည်မဟုတ်ချေ။

စန်းကိုးက သက်ပြင်းချလိုက်ရင်း ....

"လုကျန်း ....မင်း ကျုပ်ကို ဒူးထောက်ဂါရဝပြုစရာမလိုတော့ပါဘူးကွယ် ...."

ပြောပြီး ဖေးမကာ မတ်တတ်ရပ်စေသည်။

လုကျန်းက မတ်တတ်ရပ်လိုက်သည်။

စန်းကိုးက ဖေဒါကြီးဘက်သို့လှည့်ကာ ....

"ခင်ဗျားရောက်နေတာ အတော်ကြာပြီလား .... အရေးကြီးတဲ့ကိစ္စရှိတယ်ဆိုတာ ဟုတ်လား ...."

ဗေဒါကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... သိပ်ကိုအရေးကြီးတဲ့ကိစ္စကြောင့် ကျုပ်က မင်းဆီကိုလာခဲ့တာပါ ...."

"ဆိုစမ်းပါဦးဗျာ ...."

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က .... ခင်ဗျားဟာ မြောက်ပိုင်းတောင်ကြောက တောအုပ်ထဲမှာ ကလေးတစ်ယောက်ကို တွေ့ခဲ့ရတယ် မဟုတ်လား ...."

စန်းကိုး မျက်မှောင်ကြုတ်ရင်း ....

"ခင်ဗျား ဒီကိစ္စ ဘယ်လိုလုပ် သိတာလဲဗျ .... ကျုပ်တောင် နှစ်တွေကြာလို့ မေ့နေပြီ ...."

"မေ့မရလို့ပေါ့ဗျာ .... ကျုပ် ဒီအကြောင်း တိမ်ကြားနန်းတော်သခင်မလေး မေဝါးဆီက သိခဲ့ရတယ်ဆိုရင်ကော .... ခင်ဗျား အံ့သြသွားမှာလား ...."

စန်းကိုး ပခုံးတွန့်လိုက်သည်။

"အဲဒီတုန်းက ကျန်းရှဲ့ဟာ မေဝါးကို လိုက်ရှာနေတာဗျ .... မေဝါးကို မတွေ့လို့ ကျုပ်ကိုတောင် ရန်ရှာသွားသေးတယ် .... ကျုပ်က သူပြန်ပြီး ရန်ရှာမယ်တောင် ထင်မိတာ .... ကျုပ်ညီတွေပြောပြလို့ သူ ပြန်ရောက်မလာဘူးဆိုတာ သိရတယ် ...."

"အင်း .... အဲဒီတုန်းက ခင်ဗျားက သစ်ပင်ချုံနွယ်တွေကြားက ကလေးငယ်တစ်ယောက်ကို တွေ့လို့ ခေါ်သွားခဲ့တယ် မဟုတ်လား ...."

"ဒီကိစ္စကို ခင်ဗျား ဘယ်လိုလုပ် သိတာလဲ ...."

"မေဝါး ပြောပြလို့ပေါ့ဗျ ...."



"ကလေးကို ထားခဲ့တာ သူလား ...."

"ဟုတ်တယ် .... သူက တစ်ကျော့ပြန်လာပြီး ကလေးကိုရှာတော့ မတွေ့ရတော့ဘူး .... ခင်ဗျားတို့ ထားခဲ့တဲ့ အစောင့်ဆီမှာ စုံစမ်းကြည့်တော့ ကလေးကို ခင်ဗျားခေါ်သွားတယ်ဆိုတာ သိသွားတာပဲ ...."

စန်းကိုး မျက်မှောင်ကြုတ်ကာ ....

"သူ့ဆီက တစ်ဆင့် ခင်ဗျားသိခဲ့ရတယ်ဆိုပါတော့ ...."

"ဟုတ်တယ် ...."

"အဲဒီကလေးနဲ့ ခင်ဗျားဘယ်လိုပတ်သက်နေလို့လဲ ...."

"သူ့ကိုတွေ့ရဖို့ သိပ်အရေးကြီးပါတယ် .... အဲဒီကလေးရဲ့ မိဘတွေ ဘယ်သူဘယ်ဝါလဲဆိုတာ မေဝါးက ကျုပ်ကို ပြောပြလိုက်ပါပြီ"

စန်းကိုးက ခေါင်းညိတ်ကာ ....

"အင်း .... တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ကျုပ်သိပါတယ် ဒါကြောင့် .... အဲဒီကလေးကို သိုင်းလောကနဲ့ မပတ်သက်ရအောင် ကြိုးစားခဲ့သေးတယ် ...."

"အဲဒီကလေး ဘယ်မှာဆိုတာ ပြောပါဗျာ ...."

စန်းကိုးက ပဟေဠိသဖွယ် ပြုံးနေလေ၏။ စန်းကိုးက အဖြေမပေးဘဲ ပြုံးနေသဖြင့် ဗေဒါကြီးက မရိုးမရွဖြစ်သွားသည်။

"ခင်ဗျား ဘာပြုံးနေတာလဲ .... ကလေး ဘယ်မှာလဲဆိုတာ ပြောမှပေါ့ဗျ ...."

စန်းကိုးသည် လုကျန်းအား လက်ညှိုးထိုးပြလိုက်ပြီး ....

"ခင်ဗျားဘေးမှာလေ ...."

ဇေဒါကြီးသည် သူ့ဘေးမှ လုကျန်းကလွဲ၍ မည်သူမှမရှိသည်ကို သိသည်။

လုကျန်းမှလွဲ၍ မည်သူ့ကိုမှ မတွေ့ရချေ။

စန်းကိုးဘက်ကို ပြန်လှည့်လိုက်ပြီး ....

"ခင်ဗျား ဘာကိုဆိုလိုတာလဲ ...."

စန်းကိုးက လုကျန်းကို ညွှန်ပြရင်း ....

"လုကျန်းဟာ ကျွန်တော်ကောက်ရခဲ့တဲ့ ကလေးပေါ့ဗျာ .... သူ့ကိုကြီးပြင်းလာအောင် ကျုပ်က ကျွေးမွေးစောင့်ရှောက်ခဲ့တယ် .... ဒါပေမဲ့ သူ့ရဲ့နောက်ကြောင်းရာဇဝင်မရှင်းတာသိလို့ သိုင်းပညာသင်မပေးခဲ့ဘူး .... သူ ဒုက္ခရောက်မှာစိုးရိမ်လို့ပါဗျာ ...."

ဇေဒါကြီးက လုကျန်းကိုတစ်လှည့်၊ စန်းကိုးကိုတစ်လှည့် မယုံကြည်နိုင်စွာ ကြည့်နေ၏။

ဤအတိုင်းဆိုလျှင် လုကျန်းသည် သံမဏိထင်မင်း၏သားအကြီးဖြစ်နေချေပြီ။

ဇေဒါကြီးက တစ်စုံတစ်ရာကို သတိရလာသဖြင့် ....

"လုကျန်း မင်းနဖူးပေါ်က ဆံပင်တွေကို အပေါ်ကို ပင့်တင်လိုက်စမ်း ...."

လုကျန်းသည် ဘုမသိ ဘမသိဖြင့် ခိုင်းသလို လုပ်လိုက်ရလေသည်။

ဆံပင်များအပေါ်ကို လှန်တင်လိုက်သည်နှင့် နဖူးပေါ်တွင် ဓား့ဒဏ်ရာအမာရွတ်ရှိနေသည်ကို တွေ့ရ၏။

စန်းကိုးက လှမ်းပြောလိုက်သည်။

"ကျုပ်နဲ့တွေ့တော့ သူ့နဖူးက ဒဏ်ရာကြီးမပျောက်သေးဘူးဗျ .... ကျုပ်ကိုယ်တိုင်ပဲ ဂရုတစိုက် ကုသပေးခဲ့သေးတယ် ...."



ဇေဒါကြီးသည် ကံကြမ္မာ၏ဆန်းကြယ်ပုံကို တွေးတောကာ စိတ်လှုပ်ရှားနေမိသည်။

ထင်မင်း၏ သားအကြီးကို တွေ့ရပြီဖြစ်သည်။

သားအငယ်သည် မည်သည့်နေရာတွင် ရောက်ရှိနေသနည်း။

ဇေဒါကြီးက မေဝါး (ဂါ) သီလရှင်ထံမှ ကြားသိခဲ့ရသော သံမဏိလက်ဝါးထင်မင်း၏လျှို့ဝှက်ချက်များကို ပြန်လည်ပြောပြလိုက်၏။

သူ၏စကားကိုနားထောင်ရင်း လုကျန်းမှာ မိဘများ၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို သိရှိသွားလေတော့သည်။

## အခန်း(၂၃)
## မကောင်းမှု၏ နိဂုံးချုပ်

ဝါးရှောင်နှင့် ဝါးရီတို့အိမ်ပြန်ရောက်လာကြပြီဖြစ်သည်။

သူတို့နှင့်အတူ ဧည့်သည်များပါလာသည်။

ထိုဧည့်သည်များမှာ အာဖုံးနှင့် ထင်မင်းတို့ ဖြစ်ကြသည်။

ဝါးရှောင်သည် အာဖုံး၊ ထင်မင်းတို့နှင့် တိုင်ပင်ဆွေးနွေးပြီးမှ ယခုလို ခေါ်ဆောင်လာခြင်းဖြစ်၏။

သူက ထင်မင်းအား သူ့အိမ်တွင် အခြေချပြီး မေဝါးအား လိုက်ရှာရန် အကြံပြုထား၏။

ထို့ကြောင့် ....

သူတို့သည် ဝါးရှောင်၏အိမ်ကလေးဆီရောက်လာပြီး နောက်တစ်နေ့မှာပင် မေဝါးနှင့် မျက်နှာဖုံးစွပ်ရန်သူအား ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

အာဖုံးက သူ၏တပည့်များကို သိုင်းလောကသို့ စေလွှတ်ပြီး သတင်းတစ်ပုဒ်ကို ကြေညာခိုင်းလိုက်၏။



ထိုသတင်း သိုင်းလောက၌ ပျံ့နှံ့သွားသည်နှင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားလေတော့သည်။

မကြာမီ ....

သိုင်းလောကရှိ အထက်လမ်းနှင့် အောက်လမ်းသိုင်းသမားပေါင်းစုံသည် ဝါးရှောင်၏အိမ်ကလေးဆီသို့ စုပြုံးရောက်ရှိလာကြလေတော့သည်။

သိုင်းပြိုင်ပွဲ ....။

**ရွက်ဝါသစ်တောရှိ ယက္ခကြီးဝါးရှောင်၏အိမ်ရှေ့တွင် သိုင်းပြိုင်ပွဲပြုလုပ်မည်ဖြစ်သည်။**

**မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ယှဉ်ပြိုင်ပွဲတွင် ဆုတစ်ခုတည်းသာ ပေးမည်ဖြစ်ပြီး ထိုဆုမှာ သံမဏိလက်ဝါးပုံဖြစ်သည်။ သံမဏိလက်ဝါးထင်မင်းကိုယ်တိုင် ဆုချီးမြှင့်မည်ဖြစ်သည်။**

**ပုံ**

**ဝါးရှောင်**

ကြော်ငြာစာရွက်များသည် လူစည်ကားသော နေရာများ၊ လမ်းဆုံလမ်းခွများ၌ ကပ်ထားသည်ကို တွေ့မြင်ကြရသည်။

ထိုကြော်ငြာစာရွက်ကြောင့် သိုင်းလောကသားများသည် လွန်စွာစိတ်ဝင်စားသွားကြသည်။ သိုင်းလောက၌ အုတ်အော်သောင်းနင်းဖြစ်သွားသည်။

အချို့က သံမဏိလက်ဝါးကိုယူလိုပြီး၊ အချို့က ထင်မင်းအား တွေ့မြင်လိုကြသည်။ ထင်မင်းကို တွေ့လိုသူများမှာ မျိုးဆက်သစ် သိုင်းသမားများဖြစ်၍ အထူးအဆန်းအဖြစ် ကြည့်မြင်လိုကြခြင်းဖြစ် သည်။

ဤသို့ဖြင့် ရည်ရွယ်ချက်ကိုယ်စီဖြင့် ဝါးရှောင်၏ အိမ်ဆီသို့ တဖွဲဖွဲရောက်ရှိလာကြလေတော့သည်။

ယင်းလိမ်နှင့် ချူးဇွေ့တို့သည် တိမ်ကြားသီလရှင်အား ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီး ကျန်းရှုံ့အား လိုက်ရန်ထွက်လာခဲ့ကြလေ သည်။

ကျန်းရှုံ့သွားလာလှုပ်ရှားနိုင်သည့် နေရာဒေသများကို စုံစမ်း ရင်း မမျှော်လင့်ဘဲ ထူးခြားသော ကြော်ငြာထွက်ပေါ်လာသည်ကို တွေ့ရလေတော့သည်။

သူတို့သည် ယင်းကြော်ငြာကို အပြေးအလွှားရှာဖွေဖတ်ရှု လိုက်ကြလေသည်။

ချူးဇွေ့က ယင်းလိမ်အား ကြည့်လိုက်သည်။

"မမ .... ထူးခြားတယ်လို့ မထင်မိဘူးလား ...."

ယင်းလိမ်က ခေါင်းညိတ်ကာ ပြောလေ၏။

"တကယ့်ကို ထူးခြားနေတာ ...."

"သံမဏိလက်ဝါးထင်မင်းက သိုင်းလောကထဲ ပြန်ထွက်လာ ပြီပေါ့ .... သူ တကယ်ပဲ ထွက်လာသလား ...."

"သူထွက်လာရင် .... ကျန်းရှုံ့လက်ပိုက်ကြည့်နေမှာမဟုတ် ဘူး ....သူကလည်း သံမဏိလက်ဝါးကို လိုချင်နေတာ မဟုတ်လား"

ချူးဇွေ့က ပြုံးလိုက်သည်။



"ဒီလိုဆိုရင် .... ကျွန်မတို့ ခက်ခက်ခဲခဲ လိုက်ရှာစရာမလို တော့ဘူးပေါ့ ....ကျန်းရှုံ့လာမှာ ကျိန်းသေတယ် ....ဝါးရှောင်ရဲ့အိမ်ကို သွားပြီး စောင့်နေလိုက်ရုံပဲပေါ့ ...."

"ဒါပေါ့ ....ဒါပေမဲ့ မမတွေးမိတာက ဆရာက သူနဲ့ ရင်မဆိုင် စေချင်ဘူးမဟုတ်လား ...."

အမှန်တော့ ချူးဇွေ့၏စိတ်ထားကို သွေးတိုးစမ်းလိုက်ခြင်း ဖြစ်၏။

ချူးဇွေ့က အံကြိတ်ကာ ....

"ဆရာက ကျွန်မတို့ ဒုက္ခရောက်မှာကို ငဲ့ညှာပြီး ရင်မဆိုင်ဖို့ မှာသွားတာပဲ ....ကျွန်မ အရေးမစိုက်ဘူး ....ကျွန်မသေချင် သေပါစေ ကျန်းရှုံ့နဲ့ ရင်ဆိုင်ရမှာပဲ ...."

ယင်းလိမ်က ရယ်မောလိုက်သည်။

"မမလည်း သဘောတူပါတယ် ....ကျန်းရှုံ့ကို သုတ်သင်ရှင်း လင်းဖို့အတွက် မမအသက်တောင် စွန့်ဝံ့ပါတယ်ကွယ် ...."

"ကဲ .... ဒါဖြင့် ကျွန်မတို့ သွားကြရအောင်လား .... တော် တော်ကြာ နောက်ကျနေဦးမယ် ...."

"ကောင်းပြီလေ သွားတာပေါ့ ...."

သူတို့နှစ်ယောက် မြင်းနှစ်ကောင်ဝယ်ယူကာ ဝါးရှောင်ရှိရာ ရွက်ဝါသစ်တောသို့ ဦးတည်ထွက်ခွာသွားကြလေတော့သည်။

အဘိုးအိုသည် သူ၏ရှေ့၌ ဒူးထောက်နေသော အနက်ရောင်ဝတ်ဆင်ထားသူအား စိုက်ကြည့်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူကား ရေခဲတောင်ပေါ်သို့အမြန်ဆုံး ခရီးပြင်းနှင်လာခဲ့ခြင်းကြောင့် ပင်ပန်းနွမ်းနယ်နေပုံရသည်။

အဘိုးအိုသည် လက်ထဲမှစာရွက်ကို ကြည့်လိုက်သည်။

ထိုစာရွက်ကား ဝါးရှောင်၏ သိုင်းပြိုင်ပွဲကြော်ငြာစာရွက်ဖြစ်လေသည်။

အဘိုးအိုက အနက်ရောင်ဝတ်ဆင်ထားသူကို ကြည့်ကာ ....

"မင်း ဒီစာကို ဘယ်ကရတာလဲ ...."

အနက်ရောင်ဝတ်ဆင်ထားသူက ....

"တောင်ခြေမြို့ကလေးမှာလာပြီး ကပ်ထားတာပါ ....လူတွေကြိတ်ကြိတ်ထိုးနေကြလို့ သတင်းထူးဖြစ်ရမယ်ဆိုပြီး လာပို့တာပါ"

"ကောင်းတယ် .... သတင်းထူးရင် လာပို့ဖို့ မင်းကိုမှာထားတာ အခုတော့ အသုံးဝင်ပြီ ....ကဲ ....ကဲ ....မင်းအတွက် ဝက်ဝံသားရေပေးလိုက်မယ် .... မင်ဖုံး အိမ်ထဲက စုဆောင်းထားတဲ့ သစ်မွှေးနဲ့ ဝက်ဝံသားရေထုတ်လာခဲ့စမ်း ...."

မင်ဖုံးက အဘိုးအိုခိုင်းသည့်အတိုင်း ဝက်ဝံသားရေနှင့် သစ်မွှေးတုံးကြီးတစ်တုံးကို ယူလာပေး၏။ အနက်ရောင်ဝတ်ဆင်ထားသူကား တောင်ခြေတွင်နေသော မုဆိုးတစ်ယောက်ဖြစ်သည်။



ထူးခြားသောသတင်းကြားလျှင် လာပြောရန် အဘိုးအိုက မှာကြားထားခြင်းဖြစ်ပေသည်။

အနက်ရောင်ဝတ်ဆင်ထားသော မုဆိုးသည် လက်ဆောင်ပစ္စည်းများကို ယူဆောင်ပြီး နှုတ်ဆက်ကာ ထွက်သွား၏။

ထိုလူထွက်သွားပြီးမှ အဘိုးအိုက ....

"မင်ဖုံး ပစ္စည်းတွေကို သိမ်းစမ်း .... တို့ တောင်အောက်ဆင်းကြမယ် .... အရေးကြုံလာပြီ ...."

ထိုစကားကြားလျှင် မင်ဖုံး ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

သူသည် ဆရာဖြစ်သူထံမှ သိုင်းပညာများ ထပ်မံလေ့လာဆည်းပူးပြီးဖြစ်သည်။

သို့သော် ဆရာက ခွင့်မပြုဘဲ တောင်အောက်သို့ မဆင်းဝံ့ချေ။

တောင်အောက်သို့ဆင်းရန် ဆရာကိုယ်တိုင်က ပြောလာခြင်းကြောင့် ဖော်မပြနိုင်အောင် ဝမ်းသာသွားခြင်းဖြစ်သည်။

တောင်အောက်သို့ ဆင်းခြင်းသည် သိုင်းလောကသို့ ပြန်လည်ခြေချခြင်းဖြစ်သည်။

သံမဏိလက်ဝါးကိုလည်းကောင်း၊ ထင်မင်းကိုလည်းကောင်း သူစိတ်ဝင်စားခြင်းမရှိပါ။

သူနားလည်ထားသည်မှာ ကျို့ဟာန်အား အနိုင်တိုက်ခိုက်ရန်ဖြစ်ပေတော့သည်။

သိုင်းပြိုင်ပွဲ ....

သိုင်းပြိုင်ပွဲ စတင်ခဲ့သည်မှာ သုံးရက်မြောက်ပြီဖြစ်လေသည်။

သုံးရက်အတွင်း အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ဦးရေ များပြားသဖြင့် အုပ်စုခွဲကာ ယှဉ်ပြိုင်ခိုင်းရ၏။

အုပ်စုငါးစုတိတိခွဲပြီး တစ်နေ့လုံး ယှဉ်ပြိုင်စေသည်။ ပြီးမှ အုပ်စုပြိုင်ပွဲများတွင် အနိုင်ရသူများကို ရွေးချယ်ကာ ထပ်မံယှဉ်ပြိုင်စေသည်။

သုံးရက်မြောက်သောနေ့တွင် သိုင်းသမားကိုးယောက်သာ ရွေးချယ်ရန် ကျန်ရစ်ခဲ့ပေတော့သည်။

နံနက်မိုးစင်စင်လင်းသည်နှင့် ထိုသိုင်းသမားကိုးယောက်အား ယှဉ်ပြိုင်စေသည်။

ဝါးရှောင်သည် ရောက်ရှိလာသော ပြိုင်ပွဲဝင်များနှင့် ဧည့်ပရိသတ်များကို လိုလေသေးမရှိ ကျွေးမွေးဧည့်ခံခဲ့သည်။

ဧည့်သည်များ နားခိုရန် ယာယီတဲများလည်း ထိုးပေးခဲ့သည်။

ထင်မင်းက ဝါးရှောင်နှင့် အာဖုံးတို့ တားမြစ်သည့်ကြားက ပရိသတ်များအကြားသို့ ထွက်ခဲ့သည်။

ပရိသတ်များထဲ၌ သူ့အား သိကျွမ်းသူများ ပါရှိရာ ဝိုင်းပြီး နှုတ်ဆက်ကြ၏။



သုံးရက်မြောက်သောနေ့ နံနက်တွင် ထင်မင်းတစ်ယောက် စိတ်ဓာတ်ကျဆင်းကာ အိမ်ထဲမှ မထွက်တော့ချေ။

ယနေ့ညတွင် သိုင်းပြိုင်ပွဲပြီးဆုံးတော့မည်ဖြစ်သည်။

သိုင်းပြိုင်ပွဲပြီးဆုံးသွားလျှင် အနိုင်ရသူကို သံမဏိလက်ဝါးဆုချရမည်ဖြစ်သည်။

ယခုတိုင် မေဝါးသည်လည်းကောင်း၊ ကျန်းရှို့သည်လည်းကောင်း ထွက်ပေါ်လာခြင်းမရှိသေးချေ။

ထင်မင်း၏အနီးတွင် အာဖုံးနှင့် ဝါးရှောင်တို့ ထိုင်နေကြသည်။

ထင်မင်းက ....

"ကျုပ်တို့အစီအစဉ်တွေတော့ လွဲချော်ကုန်ပြီထင်ပါရဲ့ ...."

အာဖုံးက နှစ်သိမ့်လိုက်သည်။

"စိတ်မပျက်ပါနဲ့ဗျာ .... တစ်နေ့တစ်ရက်ကျန်ပါသေးတယ် သံမဏိလက်ဝါးအကြောင်းကြားရင် ....သူတို့ထွက်မလာဘဲ နေနိုင်မှာမဟုတ်ဘူး ...."

ဝါးရှောင်ကလည်း ထောက်ခံလိုက်လေသည်။

"ဟုတ်တယ် .... သံမဏိလက်ဝါးကို လိုချင်လို့ တစ်ခါတုန်းက ကြံစည်ခဲ့ကြသေးတာပဲ .... အခုအချိန်မှာ ပိုပြီးလိုချင်တပ်မက်နေကြမှာပေါ့ .... သူတို့ရောက်လာမှာပါ .... ဘာမှမပူပါနဲ့ ...."

ထိုစဉ် အပြင်ဘက်မှ စကားသံများ ဆူဆူညံညံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အာဖုံးက ....

"ဘာတွေဖြစ်နေပါလိမ့် ...."

ရှေ့ရွတ်ကာ ထိုင်ရာမှ ထပြီး အိမ်ကလေးအပြင်သို့ လှမ်းထွက်

လိုက်လေသည်။

အပြင်ဘက်ရောက်လျှင် မိန်းကလေးနှစ်ယောက်အား တွေ့လိုက်ရလေသည်။

မိန်းကလေးနှစ်ယောက်အား ဟန့်တားနေခြင်းဖြစ်သည်။

မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်က ....

"ကျွန်မတို့ ထင်မင်းနဲ့ တွေ့ဖို့လာတာ .... လမ်းဖယ်ပေးပါ"

အစောင့်က ....

"အထဲကို ဝင်ခွင့်မရှိပါဘူးဗျာ .... ကျုပ်သွားပြီး အကြောင်းကြားပေးပါ့မယ် .... ခင်ဗျားတို့ ဘယ်သူလဲပြောပါ ...."

"ကျွန်မတို့က တိမ်ကြားနန်းတော်သခင် မေဝါးရဲ့တပည့်တွေပဲ ...."

ထိုစကားကိုကြားရလျှင် အာဖုံး မျက်လုံးပြူးသွားလေသည်။

"ဟင် .... သူတို့ရောက်လာကြပြီကိုး ...."

တွေးရင်း လက်ငှေ့ယမ်းပြလိုက်လေသည်။

"ဟေ့ .... လမ်းဖယ်ပေးလိုက်စမ်း ...."

အစောင့်များ လမ်းဖယ်ပေးလိုက်ခြင်းကြောင့် ယင်းလိမ်နှင့် ချူးဇွေ့တို့သည် အိမ်ထဲသို့ ဝင်လာကြလေတော့သည်။

အာဖုံးက သူတို့အား ထင်မင်းဆီသို့ ခေါ်ဆောင်သွားလေသည်။

ထင်မင်းသည် သူတို့အား အကဲခတ်ကြည့်လိုက်ရင်း ....

"မင်းတို့ဆရာက လွှတ်လိုက်တာလား ...."

ယင်းလိမ်က ခေါင်းခါယမ်းလိုက်ကာ ....

"မဟုတ်ပါဘူး .... သူ့အကြောင်းပြောဖို့ လာတာပါ ...."



"ကောင်းပြီ ပြောပါ ...."

ယင်းလိမ်က တိမ်ကြားဘုံကျောင်းတွင် မေဝါးသည် ကျန်းရှို့အား ဖမ်းဆီးရန် ကြိုးစားရင်း အသတ်ခံလိုက်ရပုံကို ပြောပြလိုက်လေသည်။

မေဝါး၏အဖြစ်ကိုကြားလိုက်ရလျှင် ထင်မင်းသည်သက်ပြင်းချလိုက်လေသည်။

"ဩော် .... သူ သေသွားပြီကိုး ...."

"ဟုတ်ပါတယ်ရှင် .... ရှင်က ကျွန်မဆရာအပေါ်မှာ ဘယ်လိုသဘောထားမလဲ ...."

"ကျုပ် .... သူ့ကို ခွင့်လွှတ်ပြီးသားပါ ...."

ယင်းလိမ်သည် ယခုမှ စိတ်ချမ်းသာသွားလေသည်။

ထင်မင်းက မေးလိုက်သည်။

"သူနဲ့အတူ ကျုပ်ရဲ့ကလေးနှစ်ယောက်ပါသွားခဲ့တယ် .... မင်းက အဲဒီသတင်းကို ပြောနိုင်မလား ...."

"ဟုတ်ကဲ့ ဆရာက ပြောပါတယ် .... ကလေးအကြီးကို မြောက်ပင်လယ်နဂါး စန်းကိုးက ယူသွားပြီး .... အငယ်ကို ပြိုင်ဘက်ကင်း မာလုက ယူသွားတယ်လို့ ပြောပါတယ် ...."

မမျှော်လင့်ဘဲ ကလေးနှစ်ယောက်သတင်းကို ကြားလိုက်ရခြင်းကြောင့် ထင်မင်း ထခုန်မိမတတ် ဝမ်းသာသွား၏။ သိုင်းလောကသို့ သူ တစ်ဖန်ပြန်လည်ခြေချရကျိုး နပ်ချေပြီ။

သူသာ ယခုကဲ့သို့ စွန့်ပြီး သိုင်းလောကသို့ ပြန်ဆင်းမလာခဲ့ပါက သူ့သားနှစ်ယောက်၏ သတင်းကို သူမည်သို့မျှ သိရှိတော့မည် မဟုတ်ပေ။

မကြာမီ သူ့သားနှစ်ယောက်ကို ပြန်တွေ့နိုင်တော့မည် မဟုတ်ပါလား။

ယင်းလိမ်က ....

"ကျွန်းရှုံ့ဟာ သံမဏိလက်ဝါးကို အင်မတန်လိုချင်တဲ့လူပါ သူရောက်လာမယ်လို့ ကျွန်မထင်ပါတယ် ....ကျွန်မတို့ ပြိုင်ပွဲကြည့်နေတဲ့ ပရိသတ်ကြားထဲမှာ လိုက်ရှာခွင့်ပြုပါရှင် ...."

ထင်မင်းက ခေါင်းညိတ်ကာ ....

"ကောင်းပြီလေ ....မင်းတို့ သူ့ကိုတွေ့ရင် ချက်ချင်းလာပြီး အကြောင်းကြားဖို့ မမေ့ပါနဲ့ ...."

"စိတ်ချပါရှင် ...."

ယင်းလိမ်နှင့် ချူးဇွေ့တို့လည်း ထင်မင်းတို့ကို နှုတ်ဆက်ပြီး ထွက်သွားကြလေသည်။

ယင်းလိမ်တို့ ထွက်သွားကြလေပြီ။

အိမ်ကလေးအတွင်း၌ ထင်မင်း၊ အာဖုံးနှင့် ဝါးရှောင်တို့ ကျန်ရစ်ခဲ့သည်။

"ကျုပ်သားနှစ်ယောက်သတင်းကြားလိုက်ရပြီ ....ဒါကြောင့် အမြန်ဆုံး ကျုပ်သွားတွေ့မယ် ...."

တင်မင်းက ပြောသည်။

ဝါးရှောင်က ခေါင်းညိတ်ကာ ....

"ကလေးနှစ်ယောက်ကို ပြန်တွေ့ရတာ အရှုံးထဲက အမြတ်ထွက်တာပေါ့ ....ကျိန်းရှုံ့ရောက်မလာလို့လည်း အရေးမကြီးတော့ပါဘူး ...."

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ....



"နံနက်စာ သုံးဆောင်ကြပါခင်ဗျာ ...."

လူတစ်ယောက်သည် စားသောက်ဖွယ်ရာများကို ထည့်ထားသော လင်ပန်းတစ်ချပ်ကို ကိုင်ကာ အိမ်ကလေးအတွင်းသို့ ဝင်လာ၏။

အာဖုံးက ခေါင်းညိတ်ရင်း ....

"စားပွဲပေါ် တင်ထားခဲ့ ...."

ပြောရင်း ထိုလူအား သေချာကြည့်ကာ ....

"နေဦး ....မင်းက ဘယ်သူလဲ ...."

ဟု မေးလိုက်သည်။

တစ်ဖန် ဝါးရှောင်ဘက်သို့လှည့်ကာ ....

"သူက ခင်ဗျားလူလား ...."

ဝါးရှောင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ...."

"ကျုပ်လူလည်း မဟုတ်ဘူးဗျ ....ပြောစမ်း ....မင်းက ဘယ်သူလဲ ....ကျုပ် မင်းကို မသက်ာဘူး ...."

ပြောရင်း ထိုလူအနီးသို့ အားဖုံး ချဉ်းကပ်သွားလေသည်။

ထိုလူသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်သို့ လှည့်ကာ ပြေးထွက်သွားရန် ဟန်ပြင်လိုက်သည်။

"မပြေးနဲ့ ...."

အာဖုံး အော်ငေါက်ရင်း လက်တစ်ဖက်ဆန့်ထုတ်ကာ ဖမ်းဆွဲလိုက်သည်။

တကယ်တော့ ထိုလူ ထွက်ပြေးခြင်းမဟုတ်ပါချေ။

ထွက်ပြေးရန် ဟန်ဆောင်ကာ နောက်လှည့်ပြီး ထင်မင်းတို့ မမြင်အောင် ဓားဆွဲထုတ်လိုက်ခြင်းဖြစ်သည်။

အာဖုံး လှမ်းဆွဲလိုက်သည်နှင့် ချာခနဲလှည့်ကာ ဓားဖြင့် ထိုး သွင်းလိုက်သည်။

အာဖုံး ရင်ထိတ်သွား၏။

ရှောင်တိမ်းရန် ကြိုးစားပါသော်လည်း ထိုလူ၏ ဓားသည် အာဖုံး၏ရင်ဝသို့ တည့်မတ်စွာ ဖောက်ဝင်သွားလေသည်။

"အွန့် ...."

အာဖုံး မသဲမကွဲညည်းညူလိုက်လေသည်။

ရင်ဝကို လက်နှစ်ဖက်ဖြင့် အုပ်ရင်း ဒူးများ ကွေးညွတ်ကာ ကြမ်းပြင်ပေါ်သို့ တအိအိပြိုကျသွားလေသည်။

"မလုပ်နဲ့ ...."

အာဖုံးအတွက် စိုးရိမ်ကာ ဝါးရှောင်က ခုန်ထလိုက်သည်။ တစ်ဆက်တည်းမှာပင် ထိုလူထံပြေးဝင်ခုန်အုပ်လိုက်လေ၏။ ထိုလူ လက်ဝှေ့ယမ်းလိုက်သည်။

"ဝုန်း ...."

အသံတစ်ချက်ထွက်ပေါ်လာပြီး ဝါးရှောင်အဝေးသို့ လွင့်စဉ် သွားလေသည်။

အဖြစ်အပျက်များသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထင်မင်းသည် ထိုမြင်ကွင်းကို မယုံကြည်နိုင်စွာ ငေးကြည့်နေ သည်။

သူသည် ပြန်လည်သတိဝင်လာချိန်၌ အာဖုံးနှင့် ဝါးရှောင်တို့ ကြမ်းပြင်ပေါ် လဲကျနေပြီဖြစ်လေသည်။

ထင်မင်းက ထိုလူကိုကြည့်ရင်း ....



"မင်းက ကျန်းရှုံ့လား ...."

ထိုလူက ရယ်မောကာ ....

"ကျုပ်ကလွဲပြီး ဘယ်သူရှိဦးမှာလဲ ...."

ပြောရင်း မျက်နှာပေါ်တွင် တပ်ထားသော အသားကပ်မျက် နှာဖုံးကို ချွတ်လိုက်သည်။

ထိုအခါကျမှ ဇွန်ရဲသခင် ကျန်းရှုံ့၏ရုပ်သွင်ကို အထင်းသား ပေါ်လွင်လာလေတော့သည်။

ကျန်းရှုံ့ မဲ့ပြုံးပြုံးရင်း ....

"ထင်မင်း ....မင်းဟာ ကျုပ်ရဲ့အဆိပ်မိပြီးတဲ့နောက် ....ကံ ကောင်းလို့ အသက်ရှင်နိုင်ပေမဲ့ သိုင်းပညာကိုအသုံးပြုလို့ မရဘူးဆိုတာ ကျုပ်သိပြီးပါပြီ .... ကျုပ်လက်က လွတ်နိုင်ပါ့မလား ...."

လူမိုက်နှင့် ရန်လည်းမပြုသင့်၊ ဆက်ဆံပေါင်းသင်းခြင်းလည်း မပြုသင့်။ ပတ်သက်ဆက်စပ်ခြင်းလည်း မပြုသင့်ပေ။

မီးကျီခဲသည် ပူသည့်အခိုက် လက်ကိုလောင်မြိုက်တတ်သကဲ့ သို့ အေးသောအခါ၌လည်း ညစ်ပေစွန်းထင်းတတ်သည်။

ထင်မင်းသည် မေဝါးနှင့် ပတ်သက်မိသဖြင့် ကျန်းရှုံ့နှင့် ဆက် နွယ်ရခြင်းဖြစ်သည်။ ကျန်းရှုံ့သည် ထင်မင်းအတွက် မီးကျီခဲပင်ဖြစ် တော့သည်။

ပြောရင်း ရှေ့သို့ တစ်လှမ်းချင်းတိုးကပ်လာလေသည်။

ကျန်းရှုံ့က ပြောလိုက်ပြန်သည်။

"သံမဏိလက်ဝါး အေးအေးဆေးဆေးပေးလိုက်မယ်ဆိုရင် ၊ မင်းကို ချမ်းသာပေးမယ် ...."

"ခင်ဗျား တကယ်ပြောတာလား ...."

"တကယ်ပေါ့ ...."

"ကောင်းပြီ .... လာယူပါ ...."

ထင်မင်းက သံမဏိလက်ဝါးထည့်ထားသည့်အိတ်ကလေးကို ထုတ်ကာ စားပွဲပေါ် တင်ထားလိုက်၏။

ကျန်းရှုံ့၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာသည်။

သံမဏိလက်ဝါးထည့်ထားသည့် အိတ်ကလေးကို လောဘစိတ်ဖြင့် စိုက်ကြည့်နေလေသည်။

ထင်မင်းက ....

"ခင်ဗျားလိုချင်တယ်မဟုတ်လား .... လာယူလေဗျာ"

ကျန်းရှုံ့က အံကြိတ်ကာ ....

"ကျုပ် လာမယူရဲဘူးများ ထင်နေသလား .... စိတ်ချ .... မင်းအသက်ကိုလည်း ယူသွားမယ် ...."

စကားဆုံးသည်နှင့် ဓားတစ်ချောင်းဆွဲထုတ်လိုက်သည်။

ထိုစဉ်မှာပင် ....

"ထင်မင်း ခင်ဗျားဘယ်မှာလဲ ...."

ကျယ်လောင်သော စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထင်မင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျန်းရှုံ့လည်း ထိတ်လန့်သွားသည်။

လှမ်းကြည့်လိုက်သောအခါ အိမ်ကလေးအတွင်းသို့ လူနှစ်



ယောက်ဝင်လာနေသည်ကို တွေ့လိုက်ရ၏။

သန်းဖုံးနှင့် လုကျန်းတို့ဖြစ်ကြပေသည်။

သန်းဖုံးသည် အိမ်ကလေးအတွင်းမှ အဖြစ်အပျက်များကို တွေ့ရလျှင် ကြောင်အမ်းအမ်းဖြင့် ခြေလှမ်းရပ်သွား၏။

လုကျန်းလည်း အံ့သြနေသည်။ ထိုအခွင့်အရေးကို ကျန်းရှုံ့က ကောင်းစွာအသုံးချလိုက်လေ၏သည်။

"ယား ...."

ဉာသံတစ်ချက်ပေးကာ ထင်မင်းထံ ခုန်ဝင်သွားသည်။

ထင်မင်းရှေ့၌ ရှိသော သံမဏိလက်ဝါးအထုပ်ကို ဆွဲယူလိုက်၏။

"ရပ်လိုက် ...."

ထင်မင်းကအော်ငေါက်ရင်း လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

"သွားစမ်း ...."

ကျန်းရှုံ့က လက်ပြန်ရိုက်ထုတ်လိုက်သည်နှင့် ....

"ဝုန်း ...."

ထင်မင်းမှာ နောက်ပြန်လဲကျသွားလေတော့သည်။

ထိုအခါမှ သန်းဖုံး သတိဝင်လာသည်။

"ရပ်လိုက်စမ်း ...."

အော်ငေါက်ရင်း ကျန်းရှုံ့ထံသို့ ပြေးသွားလေ၏။

ကျန်းရှုံ့သည် သံမဏိလက်ဝါးကိုရသည်နှင့် အိမ်ကလေး၏ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားသည်။

ဗေဒါကြီးသန်းဖုံးလည်း အလွတ်မပေးဘဲ နောက်မှပြေးလိုက်သွား၏။

လုံကျန်းလည်း မနေနိုင်တော့ပါချေ။

သန်းဖုံး၏နောက်မှ ပြေးလိုက်သွားလေတော့သည်။

ကျန်းရှုံ့သည် အိမ်အပြင်ဘက်သို့ရောက်သည်နှင့် ဝဲဘက်ရှိ တောအုပ်ကလေးအတွင်းသို့ ပြေးဝင်သွားသည်။

တောအုပ်ထဲရောက်သည်နှင့် လျှောက်လာသူနှစ်ယောက်နှင့် ဝင်တိုက်မိမလိုဖြစ်သွားရ၏။

"ဟ .... ဘယ်လိုဖြစ်တာလဲ ...."

ဝင်တိုက်မိမလိုဖြစ်သွား၍ ထိုလူနှစ်ယောက်အနက် တစ်ယောက်က အော်ပြောလိုက်သည်။

ထိုလူနှစ်ယောက်မှာ ပြိုင်ဘက်ကင်းသိုင်းသမား မာလုနှင့် မင်းဖုံးတို့ဖြစ်သည်။

သူတို့သည် ရေခဲတောင်ပေါ်မှဆင်းလာပြီး သိုင်းပြိုင်ပွဲကျင်းပရာနေရာသို့ ဦးတည်လာခဲ့ကြခြင်းဖြစ်သည်။

ကျန်းရှုံ့သည် သူတို့နှင့် ဝင်တိုက်မိမလိုဖြစ်သွား၍ ဘေးသို့ ရှောင်လိုက်သည်။

မင်ဖုံးက ....

"ဆရာ ဒီလူကိုကြည့်ရတာ မရိုးသားဘူး ....တားထားလိုက်ရင် ကောင်းမယ် .... ပျာယီပျာယာနဲ့ မျက်လုံးကလည်း ရက်စက်တဲ့ မျက်လုံးမျိုး ...."

အဘိုးအိုက သဘောတူလိုက်လေသည်။



"ကောင်းသားပဲ .... သူ့ကို တားထားလိုက် ...."

"မပြေးနဲ့ ...."

မင်ဖုံးက အော်ငေါက်ရင်း ကျန်းရှုံ့၏သွားလမ်းကို ဗိတ်ကာ ဟန့်တားလိုက်သည်။

ကျန်းရှုံ့က ....

"ဖယ်စမ်း ...."

အော်ငေါက်ရင်း မင်ဖုံးကို တိုက်ခိုက်လိုက်၏။

မင်ဖုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ ထိုစဉ် အနောက်မှ ပြေးလိုက်လာကြသော ဗေဒါကြီးနှင့် လုကျန်းတို့ ရောက်ရှိလာကြလေ၏။

ဗေဒါကြီး သန်းဖုံးက ....

"သူ့ကို မလွတ်စေနဲ့ ....သူဟာ ထင်မင်းရဲ့သံမဏိလက်ဝါးကို ယူပြေးသွားတယ် ...."

ထိုစကားကိုကြားလျှင် မာလုလည်း တုံ့ဆိုင်းမနေတော့ဘဲ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေတော့သည်။

အဝေးမှ လူလေးယောက်ပြေးလာကြသည်။

ထင်မင်း၊ ဝါးရှောင်၊ ယင်းလိမ်နှင့် ချူးစွေ့တို့ဖြစ်ကြ၏။

ဝဲဘက်ရှိ တောအုပ်ကလေးအတွင်းသို့ရောက်လျှင် ကျန်းရှုံ့အား လူလေးယောက်က ဝိုင်းရံထားသည်ကို တွေ့ရ၏။

ထင်မင်းသည် မာလုအား တွေ့လျှင် ....

"ဟင် .... မင်း .... မင်း .... မာလု မဟုတ်လား ...."

"မင်းကကော ထင်မင်းမဟုတ်လား ...."

"ဟုတ်တယ် ....ငါ ထင်မင်းပဲ ....မင်းနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ ...."

မာလုက ....

"ထင်မင်း ....ဒါ မင်းသားလေ ...."

မင်ဖုံးအား လက်ညှိုးညွှန်ကာ ပြောလိုက်သည်။

ထင်မင်း လှမ်းကြည့်လိုက်သည်။

မင်ဖုံး ကြောင်အမ်းအမ်းဖြစ်နေပါသည်။

ထိုစဉ် ....ဗေဒါကြီးသန်းဖုံးက ....

"ထင်မင်း ....ဟောဒါ ခင်ဗျားသား အကြီးဗျ ...."

လုကျန်းအား ညွှန်ပြရင်း ပြောလိုက်သည်။

ထင်မင်းမှာ မင်ဖုံးကိုတစ်လှည့်၊ လုကျန်းကိုတစ်လှည့် ကြည့်ကာ ဝမ်းသာဝမ်းနည်းဖြစ်နေ၏။

မာလုက သက်ပြင်းချရင်း မေဝါးနှင့် ဆုံတွေ့ခဲ့ပြီး ထင်မင်း၏သားအငယ်ကို ရရှိခဲ့ပုံကို ပြောပြလိုက်၏။

သန်းဖုံးကလည်း ....မေဝါးကိုယ်တိုင် ပြောပြခဲ့သည့်အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြလိုက်လေသည်။

မင်ဖုံးနှင့် လုကျန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်နေမိကြသည်။

ထို့နောက် ထင်မင်းကို လှမ်းကြည့်လိုက်ကြသည်။

ထင်မင်းက ပီတိလွှမ်းသော အပြုံးဖြင့် သူတို့ကို ကြည့်နေသည်။

"ဖေဖေ ...."



နှစ်ယောက်သား ပြိုင်တူခေါ်ရင်း ထင်မင်းထံ ပြေးသွားကြလေတော့သည်။ အနှစ်နှစ် အလလ ကွဲကွာနေကြသော သားအဖတို့ ပြန်လည်ဆုံတွေ့ကြလေပြီ။

ကျန်းရှုံ့ မျက်စိမျက်နှာပျက်နေလေပြီ။

ထွက်ပြေးရန် အခွင့်အရေးကို စောင့်မျှော်နေသည်။

လူအားလုံး ထင်မင်းတို့သားအဖ ပြန်လည်ဆုံဆည်းကြပုံကို ကြည့်ရင်း ဝမ်းနည်းဝမ်းသာဖြစ်နေကြချိန်တွင် အသာကလေး လစ်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

"ရပ်လိုက်စမ်း ...."

မာလုက အော်ငေါက်လိုက်သည်။

ကျန်းရှုံ့၏သွားရာလမ်းကိုလည်း ပိတ်ဆို့ထားလိုက်၏။

ကျန်းရှုံ့မှာ ကြံရာမရသည့်နောက်ဆုံး သံမဏိလက်ဝါးထည့်ထားသည့် အိတ်ကလေးကို အပေါ်သို့ မြှောက်ကိုင်ရင်း ....

"ခင်ဗျားတို့ ဘေးဖယ်လိုက်ကြပါ ....မဖယ်ရင် သံမဏိလက်ဝါးကို ဖျက်ဆီးပစ်လိုက်မယ် ...."

ဟု ခြိမ်းခြောက်လိုက်သည်။

သို့သော်လည်း လုကျန်းနှင့် မင်ဖုံးတို့က မဲ့ပြုံးပြုံးကာ ကျန်းရှုံ့ထံသို့ လျှောက်သွား၏။ လုကျန်းနှင့် မင်ဖုံးအတွက် သံမဏိလက်ဝါးကို မလို၊ ကျန်းရှုံ့ကိုသာ အလိုရှိကြသည်။

ကျန်းရှုံ့က အံကြိတ်ကာ ....

"မင်းတို့ သံမဏိလက်ဝါးကို မလိုချင်တော့ဘူးထင်တယ်"

မင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ဟာ သံမဏိလက်ဝါးကို ဘာလုပ်ရမှာလဲဗျ .... ကျုပ်တို့အတွက် အဖေတစ်ယောက်လုံး ရှိနေပြီ ...."

လုကျန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်အဖေဟာ သံမဏိလက်ဆိုတာ .... ခင်ဗျားမေ့နေပြီ ထင်တယ် ...."

ကျန်းရှံ့ မျက်နှာပျက်သွားသည်။

"မင်းတို့ ရှေ့မတိုးနဲ့ ...."

မင်ဖုံး ပြုံးလိုက်သည်။

"ခင်ဗျားပြေးလို့ မလွတ်ပါဘူး ...."

ပြောရင်း နှစ်ယောက်သား ရှေ့သို့တိုးသွား၏။

ကျန်းရှံ့ လက်ဝါးအပေါ်သို့ မြော်ကာ ....

"မင်းတို့ ရှေ့မတိုးနဲ့လို့ ပြောနေတာ မကြားဘူးလား ...."

မင်ဖုံးနှင့် လုကျန်းတို့က သူ၏စကားကို လုံးဝအရေးမထားဘဲ ရှေ့သို့ ဆက်ပြီးတိုးသွားကြ၏။

ကျန်းရှံ့မှာ ရုတ်တရက် စိတ်ဖောက်ပြန်သွားသူတစ်ယောက်ပမာ တဟားဟားရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား ...."

သူ၏ရယ်မောသံကြောင့် လုကျန်းနှင့် မင်ဖုံးတို့ ခြေလှမ်းရပ်သွားသည်။

ကျန်းရှံ့က ....

"ကောင်းတယ် .... ကောင်းတယ် .... သံမဏိလက်ဝါးကို ကျုပ်ကလွဲပြီး ဘယ်သူမှမရနိုင်တော့ဘူး ...."



ဟု ပြောပြောဆိုဆိုဖြင့် သံမဏိလက်ဝါးကို မြေပေါ်သို့ အားကုန်လွှဲပေါက်လိုက်လေသည်။

"ချွမ်း ...."

သံမဏိလက်ဝါးမှာ ကွဲအက်ကြေမွသွား၏။

ယခု သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျော်ကြားခဲ့သော သံမဏိလက်ဝါးသည် အမှန်တကယ်ပင် ကွယ်ပျောက်သွားရပြီဖြစ်တော့သည်။

လုကျန်းနှင့် မင်ဖုံးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ....

"ယား ...."

ကျယ်လောင်သော ညာသံပေးကာ ကျန်းရှံ့ထံ ခုန်ဝင်သွားကြလေတော့သည်။

မင်ဖုံးနှင့် လုကျန်းတို့ ပူးပေါင်းတိုက်ခိုက်မှုသည် ကြောက်မယ်ဖွယ်ရာကောင်းအောင် ပြင်းထန်နေပေတော့သည်။

သန်းဖုံး၊ မာလုနှင့် ထင်မင်းတို့ ပါးစပ်အဟောင်းသားဖြစ်နေကြ၏။

အထူးသဖြင့် ထင်မင်းမှာ သူ၏သားနှစ်ယောက် ဤမျှသိုင်းပညာထက်မြက်နေမည်ဟု မထင်မိပါချေ။

ကျန်းရှံ့ မည်သို့မျှ ပြေးမလွတ်နိုင်တော့ပါ။

မကြာပါချေ။

"ဝုန်း ...."

"အား ...."

ကျယ်လောင်သော အသံများထွက်ပေါ်လာ၏။

ကျန်းရှုံ့မှာ လုကျန်းနှင့် မင်ဖုံးတို့၏လက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျန်းရှုံ့ ပြန်၍လူးလိမ့်ထလာ၏။

မင်းဖုံနှင့် လုကျန်းတို့ ပြိုင်တူခုန်ဝင်သွားကြ၏။

ကျန်းရှုံ့က ဓားနှစ်လက်ကို ဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထင်မင်းက ....

"သားတို့ သတိထား ...."

အော်ဟစ်သတိပေးလိုက်၏။

ထိုစဉ် ....

လုကျန်းနှင့် မင်ဖုံးတို့က ကျန်းရှုံ့၏ ဝဲယာတစ်ဖက်တစ်ချက်သို့ ရောက်ရှိသွားပြီး ကျန်းရှုံ့၏ဓားကို လုယူလိုက်ကြသည်။

သူတို့၏လက်များသည် ခပ်သွက်သွက်လှုပ်ရှားလိုက်လျှင် ဓားနှစ်လက်သည် ကျန်းရှုံ့၏ရင်ဝသို့ ပြန်လည်စိုက်ဝင်သွားလေသည်။ လုကျန်းနှင့် မင်ဖုံးတို့၏ လှုပ်ရှားတိုက်ခိုက်မှုများမှာ လျှပ်စစ်သကဲ့သို့ လျှင်မြန်လှသည်။

"ဗွပ် ...."

"အား ...."

ကျန်းရှုံ့၏စူးရှသော အော်သံကြီးထွက်ပေါ်လာသည်။

သစ်ပင်ထက်တွင် နားနေသော ငှက်ကလေးများပင် ထိတ်လန့်ကာ ဝေါခနဲ ပျံသန်းသွားကြလေတော့သည်။



ကျန်းရှုံ့ သေဆုံးသွားပြီဖြစ်ပါသည်။

မင်ဖုံးနှင့် လုကျန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

မင်ဖုံးက ဝမ်းနည်းဝမ်းသာဖြင့် ခေါ်လိုက်မိသည်။

"အစ်ကို ...."

လုကျန်းက အားရပါးရပြုံးကာ ညီဖြစ်သူအား နှုတ်သိမ့်သည်။

"ညီလေး ...."

သူသည် အမြဲထာဝရစိတ်ကောင်းရှိသူဖြစ်လေသည်။

ထို့နောက် ....

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိကြသည်။

အတန်ကြာမှ လူချင်းခွဲကာ ....

"တို့ညီအစ်ကို ဖေဖေ့ကို တစ်သက်လုံး ပြုစုစောင့်ရှောက်သွားကြရအောင်လား ...."

လုကျန်းက ပြောလိုက်သည်။

မင်ဖုံးက ခေါင်းညိတ်ကာ ....

"ဟုတ်ကဲ့ .... အစ်ကို ကျွန်တော်တို့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ကြတာ .... အခုပြန်လည်ဆုံဆည်းကြပြီပဲ .... တစ်သက်လုံး မခွဲဘဲ အတူနေသွားကြတာပေါ့ ...."

ဟု ပြောလိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိုင်းဖက်လိုက်ကြ၏။

ထင်မင်း ပြုံးနေသည်။

တစ်ယောက်လည်ပင်းကို တစ်ယောက်ဖက်ကာ သူ့ထံလှမ်းလာနေကြသည့် ညီအစ်ကိုနှစ်ယောက်အား ကျေကျေနပ်နပ်ပြုံး၍နေလေတော့သည်။

ဒု–ဇာတ်သိမ်းပြီး၏။

တက္ကသိုလ်နေလင်းအောင်

လွင်စာပေ
အမှတ် ၁၅/၁၃၀၊ [illegible]
[illegible]
ဖုန်း ၂၀၄၄၆